# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက် | ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၉)၊ အမှတ်(၀၃၈)


# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် စိန်ခေါ်မှုမှန်သမျှကို အောင်မြင်စွာဖြေရှင်းနိုင်ရေး နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းလက်တွဲကာ ကြိုးပမ်းသွားကြရမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က
(၆၄) နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့
ပေးပို့သည့်သဝဏ်လွှာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား-**

ယနေ့ကျရောက်သည့် (၆၄)နှစ်မြောက်၊ ကရင်ပြည်နယ်နေ့ အခါသမယတွင် ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ကရင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ရိုးရာလက်ဝှေ့ပြိုင်ပွဲများ၊ လှေလှော်ပြိုင်ပွဲများ၊ ကရင်ရိုးရာယဉ်ကျေးမှုဒုံးအကပြိုင်ပွဲများ၊ ပြခန်းများ၊ ဇာတ်သဘင်တေးဂီတဖျော်ဖြေပွဲများ၊ ဈေးရောင်းပွဲတော်များ၊ ကုန်စည်ပြပွဲများစသည့် ပွဲလမ်းသဘင်များဖြင့် (၅)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ အစဉ်အလာမပျက် ကျင်းပလျက်ရှိပြီး အဆိုပါ ပွဲလမ်းသဘင်များတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သမိုင်းကြောင်းအရ ကရင်ပြည်နယ်တွင် ရှေးယခင်ကတည်းကပင် ကရင်မျိုးနွယ်စု (၁၁)မျိုးတို့သည် အခြားတိုင်းရင်းသားများနှင့်အတူ ချစ်ခင်ရင်းနှီးစွာ အတူတကွယှဉ်တွဲနေထိုင်ခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းနှင့် ပြည်နယ်များ ဖွဲ့စည်းတည်ထောင်ခဲ့ရာတွင် ကရင်လူမျိုးများနေထိုင်သည့်ဒေသများကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန် စတင်ဆောင်ရွက်ခဲ့ကြပါသည်။ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်သည့် ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေအမှတ် ၆၂ အရ သံလွင်ခရိုင်၊ ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ် စတင်ဖွဲ့စည်းခဲ့ပါသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❊




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂျပန်ခေတ် မီးရထားစက်ခေါင်းကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ခရိုအေးရှားသံအမတ်ကြီး Mr. Kreso Glavac တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အတ္ထရံမြစ်ကူး(စံပယ်ဂူ)တံတား တည်ဆောက်ရေးစီမံကိန်းနှင့် သံဖြူဇရပ် မြန်မာ-ထိုင်း သေမင်းတမန်မီးရထားလမ်းပြတိုက်တို့အား သွားရောက်ကြည့်ရှု

**မော်လမြိုင် နိုဝင်ဘာ ၆**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးဟန်ဇော်၊ ဦးအုန်းမောင်၊ နိုင်သက်လွင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာရာ


*စာမျက်နှာ ၄ ကော်လံ ၁* ❐


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ခရိုအေးရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ခရိုအေးရှားသံအမတ်ကြီး Mr. Kreso Glavac အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ခရိုအေးရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေး၊ ခရီးသွားလာရေး၊ ပြည်သူချင်းထိတွေ့ဆက်ဆံမှု မြှင့်တင်ရေး၊ ဘောလုံးအားကစားအဆင့်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများအပါအဝင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**


စေတနာဆေး မေတ္တာဆေး သစ္စာဆေး ...

ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။

မြန်မာ့အလင်း

# ကလေးများဖတ်ဖို့ စာပေကို ဖန်တီးရာတွင်

ကလေးစာပေပွဲတော်များ စဉ်ဆက်မပြတ်ကျင်းပလျက်ရှိသည်။ ဦးတည်ချက်၊ ရည်ရွယ်ချက်များကလည်း ရှင်းပါသည်။ ကလေးများ စာအုပ်စာပေနှင့် ရင်းနှီးကျွမ်းဝင်လာစေဖို့၊ စာဖတ်လာကြစေဖို့ပင် ဖြစ်သည်။ ကလေးစာပေပွဲတော်များဆီသို့ ကလေးများ စိတ်ဝင်တစားလာရောက်ဆင်နွှဲကြစေရန် ဆွဲဆောင်သည့်အနေဖြင့် ပြပွဲ၊ ပြိုင်ပွဲ၊ ပျော်ပွဲ၊ ရွှင်ပွဲများကိုလည်း မပါမဖြစ် ထည့်သွင်းစီစဉ်ပေးထားကာ စာအုပ်စာပေနှင့် အလှမ်းဝေးသူ၊ စာပေကိုစိတ်မဝင်စားသေးသူ ကလေးများကိုလည်း စာပေရပ်ဝန်းဆီသို့ သိမ်မွေ့စွာ ခေါ်ယူလျက်ရှိသည်။ ၂၀၁၆ ခုနှစ်က စတင်ခဲ့သည့် ကလေးစာပေပွဲတော်များမှာ ၂၀၁၉ ခုနှစ် မတ်လအထိ နိုင်ငံတော်အဆင့် ကိုးကြိမ်၊ ခရိုင်အဆင့် ၃၈ ကြိမ်၊ ဒေသအစီအစဉ်ဖြင့် ၁၁ ကြိမ် ကျင်းပခဲ့ပြီး ဖြစ်သည်။ ဆက်လက်၍လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှာ ကျင်းပဦးမည်ဖြစ်သည်။

ကလေးများကို စာဖတ်သည့်အလေ့အထ ပြုစုပျိုးထောင်ပေးခြင်းမှာ ၎င်းတို့တစ်ဦးချင်းအား တန်ဖိုးမြှင့်ပေးခြင်းလည်း ဖြစ်သည်။ ကလေးဘဝမှ စတင်စာဖတ်ခြင်းဖြင့် ဦးနှောက်အာဟာရ၊ နှလုံးသားအာဟာရတို့ ပြည့်ပြည့်ဝဝရရှိပြီး ကောင်းစွာလူလားမြောက်လာကြမည် ဖြစ်သည်။ သိမှုစွမ်းရည် (Intelligence Quotient)နှင့် ခံစားမှုစွမ်းရည် (Emotional Intelligence)တို့ မြင့်မားသည့် လူတော်လူကောင်းများအဖြစ်ဖြင့် လူ့လောက၏ ကောင်းကျိုးကို ဆောင်သူများ ဖြစ်လာကြလိမ့်မည်။ လူကြီးဘဝတွင် ကောင်းဖို့၊ ကောင်းကျိုးဆောင်သူများဖြစ်ဖို့ ကလေးဘဝကပင် စတင်ရမည်။ ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ကြီးက “ကလေးကလေး အထင်မသေးနဲ့၊ ကလေးက လူကြီးဖြစ်တာ၊ ကလေးကောင်းမှ လူကြီးကောင်းမှာ၊ လူကြီးကောင်းမှ အားလုံးကောင်းမှာ”ဟူ၍ ဆုံးမဩဝါဒပေးခဲ့သည်။ စာရေးဆရာကြီး ဒဂုန်တာရာကလည်း “လူကြီးက ကလေးကို ကလေးဟူ၍ အခြောက်တိုက် အထင်သေးတတ်ကြသည်၊ ကလေးကို လူလိုသဘောမထားတတ်ကြ၊ အမှန်က ကလေးမှာ ရုပ်ခန္ဓာအားဖြင့် ငယ်သော်လည်း သူ့၌ လူ၏စွမ်းအားအကုန်ရှိသည်။ ကလေး၌လည်း သူ့အယူအဆနှင့်သူ၊ သူ့ဆုံးဖြတ်ချက်နှင့်သူ၊ သူ့အတွေးအခေါ်နှင့်သူ၊ သူ့အဘိဓမ္မာနှင့်သူ၊ ဆိုကြပါစို့၊ သူ့ခံစားမှုနှင့်သူ ရှိသည်။ ယင်းတို့ကို လေးစားရမည်”ဟု ရေးသားခဲ့ဖူးသည်။

ကလေးများကို ပြုစုပျိုးထောင်ရာတွင် အလေးအနက် တန်ဖိုးထား၍ စနစ်တကျပြုလုပ်ကြရန်နှင့် ကလေးများကို နားလည်နိုင်ဖို့ ကြိုးစားကြရန် ရဟန်းပညာရှိ၊ လူပညာရှိကြီးများ၏ တိုက်တွန်းမှုများစွာရှိသည်။ မြန်မာ့ယဉ်ကျေးမှုမှာ ကလေးပြုစုပျိုးထောင်မှုကို အလေးအနက်ပြုခဲ့သည်။ အဆင့်အတန်းလည်း မြင့်မားခဲ့သည်။ သားချော့တေးများနှင့် မြန်မာ့ရိုးရာနှုတ်ပြောပုံပြင်များစွာတို့က ဘိုးဘွားမိဘများနှင့် သားသမီးမြေးမြစ်များကြား မေတ္တာတရား၊ သံယောဇဉ်နှင့် အပြန်အလှန်တုံ့လှယ်မှုတို့ နက်နက်ရှိုင်းရှိုင်းရှိမှုကို သာဓကပြနေခြင်းပင် ဖြစ်သည်။ ခေတ်ကာလပြောင်းလဲလာ၍ လူနေမှုစနစ်များ ပြောင်းလဲလာသလို နည်းပညာအသစ်အဆန်းများ ပေါ်ပေါက်လာသည်နှင့်အမျှ မူလရှိရင်းစွဲတန်ဖိုးတို့ တစ်စတစ်စ ယုတ်လျော့ပြောင်းလဲသွားခဲ့ရသော်ငြားလည်း ကလေးသူငယ်ပြုစုပျိုးထောင်ရေးကိုမူ ခေတ်နှင့်အညီ လိုက်ပါပြောင်းလဲလုပ်ဆောင်သွားကြရမည်ဖြစ်သည်။ ကလေးသူငယ်ဖွံ့ဖြိုးရေးအတွက် အရေးပါနေဆဲဖြစ်သည့် ကလေးစာပေကို ကလေးများနှင့် လက်တစ်ကမ်းသို့ ရောက်အောင် ဖန်တီးပေးကြရမှာလည်း ဖြစ်သည်။

“ကလေးစာပေဆိုတာ ကလေးတွေဖတ်ဖို့ စာပေပေါ့”ဟူ၍ စာရေးဆရာကြီး ဒဂုန်တာရာက ဆိုခဲ့ပြီး ကလေးစာပေ၏ သဘောတရားသည် ကလေးကို လူတစ်ယောက်ကဲ့သို့ တန်းတူသဘောထားခြင်း ဖြစ်သင့်ကြောင်းလည်း ထောက်ပြခဲ့သည်ကို ဖတ်ရှုမှတ်သားခဲ့ရဖူးသည်။ ကလေးစာပေသည် ကလေးများဖတ်ရန် စာပေဖြစ်သော်လည်း ရေးသားသူ၊ ပြုစုသူ၊ ထုတ်ဝေသူ အားလုံးလိုလိုကမူ လူကြီးများသာဖြစ်သည်။ ကလေးစာပေ ရေးသားပြုစု၊ ထုတ်ဝေရာတွင် ရည်ရွယ်ချက်ကောင်းစွာဖြင့် စနစ်ကျကျ၊ မှန်မှန်ကန်ကန်၊ ကလေးများ၏ သိမှု၊ ခံစားမှုတို့နှင့် ကိုက်ညီသော စာအုပ်၊ စာပေတို့ကို ရေးသားပြုစုထုတ်ဝေပေးကြဖို့လိုသည်။

ကလေးများသည် တိုင်းပြည်၏ အနာဂတ်ဖြစ်သည်။ အနာဂတ်ကာလတွင် နိုင်ငံနှင့်လူမျိုးကို ယနေ့ကလေးများက ဆက်၍ လက်ဆင့်ကမ်းသွားကြရမှာဖြစ်သည်။ အနာဂတ်၏ ကမ်းလင့်လက်များ အားကောင်းမောင်းသန်ဖို့ ပစ္စုပ္ပန်၏ မျိုးဆက်တို့က ပြုစုပျိုးထောင်ကြရာတွင် သိမှုနှင့် ခံစားမှုတို့ မြင့်မားစေရေး၊ အားဖြည့်ကြိုးပမ်းစွမ်းဆောင်ပေးနိုင်ကြပါစေကြောင်း။ ။

# ထာဝရငြိမ်းချမ်းရေးစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များ စေတီတော်သာသနာ့ဗိမာန်၌ အပူဇော်ခံထားရှိ



ထာဝရငြိမ်းချမ်းရေးစေတီတော်၌ ပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၆**

ထာဝရငြိမ်းချမ်းရေးစေတီတော်၏ ရတနာစိန်ဖူးတော်၊ ရွှေစင်ရွှေသား ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ သီရိမင်္ဂလာ ကမ္ဘာအေးစေတီမှ ပင့်ဆောင်၍ ညနေပိုင်းတွင် နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီ ပရိဝုဏ်ရှိ သာသနာ့ဗိမာန်တော်၌ အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် အပူဇော်ခံထားရှိသည်။

ထာဝရငြိမ်းချမ်းရေးစေတီတော် ရွှေထီးတော်တင်လှူ ပူဇော်ပွဲအကြိုအသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းမှ စတင်၍ ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက လည်းကောင်း၊ ပဋ္ဌာန်းသိမ်း အောင်ပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များကလည်းကောင်း ရွတ်ပွားသရဇ္ဈာယ်ကြမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိရန် ရည်သန်လျက် ခုနစ်ရက်သားသမီး အလှူရှင်များ၏ စုပေါင်းအင်အားဖြင့် တည်ထားကိုးကွယ်သည့် ထာဝရငြိမ်းချမ်းရေးစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီး တော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများကို နိုဝင်ဘာ ၁၁ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနား ကျင်းပနေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။ **ဟိန်းမင်းစိုး**

# (၇၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၆**

(၇၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်မှ တပို့တွဲလဆန်း ၅ ရက်အထိ (ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၂၉ ရက်အထိ) ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ရှိ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာမေးပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး စာမေးပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီခွဲတွင် ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ စာပြန်စာဖြေသံဃာတော်များ ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သိရသည်။

လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် လှူဖွယ်ပစ္စည်းများကို ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး တောင်ဘက်မုခ်အလှူဌာနနှင့် ညွှန်ကြားရေးမှူး (စာမေးပွဲ ဌာနခွဲ)၊ ဖုန်း ၀၉-၂၆၄၄၃၆၅၄၅ တို့တွင် လာရောက်လှူဒါန်းနိုင်ပါကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။ **ဂျိုင်းလော**

# အင်ဒိုနီးရှားသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ တွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၆**

အင်ဒိုနီးရှားသတင်းမီဒီယာကောင်စီ (Indonesia Press Council)မှ ကောင်စီဝင်များဖြစ်သည့် Dr. Agus Sudibyo, Dr. Agung Dharmajaya နှင့် Ms. Christiana Chelsia Chan နှင့် UNESCO မှ တာဝန်ရှိသူတို့သည် ယမန်နေ့က မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ လာရောက်တွေ့ဆုံခဲ့သည်။

ယင်းတွေ့ဆုံပွဲတွင် အင်ဒိုနီးရှားနိုင်ငံ၌ မကြာသေးမီက ကျင်းပခဲ့သော အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး အင်ဒိုနီးရှားသတင်းမီဒီယာကောင်စီနှင့် အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်း၍ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ် ရှင်းလင်းတင်ပြသည်။



မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင်၊ ဒုတိယဥက္ကဋ္ဌများ၊ ကောင်စီဝင်များနှင့် အင်ဒိုနီးရှား သတင်းမီဒီယာကောင်စီဝင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သတင်းအချက်အလက် ရယူခွင့်၊ မြန်မာနိုင်ငံသတင်းမီဒီယာများအတွက် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်ကို ပူးပေါင်း၍ ပြန်လည်ဖြည့်စွက် ရေးဆွဲနေမှုအပါအဝင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် အင်ဒိုနီးရှားသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဥက္ကဋ္ဌ- ဦးအုန်းကြိုင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးအဖွဲ့နှင့် ကောင်စီဝင်များ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

**နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်**

နေပြည်တော် နိုဝင်ဘာ ၆- စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

“နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ဖြစ်သော ငြိမ်းချမ်းရေးခရီးလမ်းကို လျှောက်လှမ်းရာတွင် ကရင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများအားလုံး၏ အားကြိုးမာန်တက် စုစည်းညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှုသည်လည်း ငြိမ်းချမ်းရေးခရီး၌ ခွန်အားတစ်ရပ်အဖြစ် များစွာ အထောက်အပံ့ဖြစ်လျက်ရှိ”

❊ ရှေ့ဖုံးမှ

ယင်းနောက် ၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေးအက်ဥပဒေအမှတ် ၁၄ အရ ကရင်ပြည်နယ်အား မြို့နယ်ပေါင်း (၆)မြို့နယ်ဖြင့်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ် မတ်လ(၁)ရက်နေ့၌ မြဝတီမြို့အား မြို့နယ်တစ်ခုအဖြစ် သတ်မှတ်၍ စုစုပေါင်း မြို့နယ် (၇)မြို့နယ်ဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေအား နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးသည့် နိုဝင်ဘာလ(၇)ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် ၁၉၅၅ ခုနှစ်မှစတင်၍ သတ်မှတ်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၆၄)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး ခိုင်မာစွာတည်ဆောက်နိုင်ရေး ရည်မှန်းချက်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြိုးပမ်းလျက်ရှိပါသည်။ ထိုသို့တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် ကရင်ပြည်နယ်တွင်လည်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လျှပ်စစ်မီးကဏ္ဍ၊ စီးပွားရေးကဏ္ဍအစရှိသဖြင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ကရင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ပြည်သူလူထုနှင့်အတူ အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို မိမိတို့အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဆန္ဒတူညီလက်တွဲဆောင်ရွက်လျက်ရှိကြပါသည်။ တိုင်းရင်းသားအားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစု ပင်လုံ အစည်းအဝေးများ ကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ်အခြေခံမူ (၅၁)ချက်ကို သဘောတူညီမှုရရှိထားပြီဖြစ်ပါသည်။ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ စိတ်ရှည်သည်းခံမှု၊ ပွင့်လင်းမြင်သာမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ လေးစားလိုက်နာမှု၊ ချစ်ကြည်ရင်းနှီးမှုများဖြင့် အတူတကွကြိုးပမ်းဖော်ဆောင်မှုများကြောင့် ကရင်ပြည်နယ်အတွင်း တိုက်ပွဲသံများချုပ်ငြိမ်းလာကာ မိမိတို့ဒေသဖွံ့ဖြိုးရေးကိစ္စအဝဝကို အာရုံစိုက်ဆောင်ရွက်နေနိုင်ပြီဖြစ်ပါသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ဖော်ဆောင်နိုင်ကာ ကရင်ပြည်နယ်အတွင်း ဒေသခံပြည်သူများ၏ လူမှုစီးပွားများ တစ်စထက်တစ်စ တိုးတက်မြင့်မားလာမည်ဟုလည်း မျှော်လင့်ထားပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အမျိုးသားပြန်လည်သင့်မြတ်မှုတို့ကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နိုင်သည်နှင့်အမျှ ငြိမ်းချမ်းသာယာဝပြောပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီးကို ပြည်သူတို့၏ ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ဉာဏ်ပညာတို့ဖြင့် တည်ဆောက်နိုင်မည်ဟုလည်း ယုံကြည်ပါသည်။

ကရင်ပြည်နယ်သည် ဇွဲကပင်တောင်အပါအဝင် မပျက်စီးသေးသော သဘာဝတောတောင်များ၊ ရှေးဟောင်းစေတီပုထိုးများ၊ သဘာဝလိုဏ်ဂူများနှင့် ရေတံခွန်စိမ့်စမ်းများ၊ သံလွင်မြစ်ကြောင်း စသည့် သဘာဝအလှများနှင့် ကရင်တိုင်းရင်းသားများ၏ ရိုးသားပွင့်လင်းမှု၊ ရင်းနှီးဖော်ရွေမှုများကြောင့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းများ အထူးဖွံ့ဖြိုးလာမည့် သာယာလှပသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ထို့အပြင် ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက် အဓိကစီးပွားရေးကုန်သွယ်မှုနေရာဖြစ်ပါသည်။ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား(၂)စင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သောကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ တိုးမြင့်လာခြင်းနှင့်အတူ ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ဝမ်းမြောက်ဝမ်းသာစွာ တွေ့မြင်နေရပြီဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် တွေ့ကြုံဆဲနှင့်တွေ့ကြုံလတ္တံ့သော အခက်အခဲများနှင့် စိန်ခေါ်မှုမှန်သမျှကို အောင်မြင်စွာဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက စိတ်တူကိုယ်တူဆန္ဒတူဖြင့် ပူးပေါင်းလက်တွဲကာ ကြိုးပမ်းသွားကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ဖြစ်သော ငြိမ်းချမ်းရေးခရီးလမ်းကို လျှောက်လှမ်းရာတွင် ကရင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများအားလုံး၏ အားကြိုးမာန်တက် စုစည်းညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှုသည်လည်း ငြိမ်းချမ်းရေးခရီး၌ ခွန်အားတစ်ရပ်အဖြစ် များစွာအထောက်အပံ့ဖြစ်လျက်ရှိပါသည်။ မိမိတို့ရရှိဖြစ်ထွန်းလျက်ရှိသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများအား မြဲမြံစွာဆုပ်ကိုင်လျက် အနှစ်နှစ်အလလက လိုလားတောင့်တခဲ့သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို အောင်မြင်စွာတည်ဆောက်နိုင်စေရန် တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်စွာ ဟန်ချက်ညီညီ ဝိုင်းဝန်းထိန်းသိမ်းပူးပေါင်းဆောင်ရွက်ကြပါလို့ တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီဆန်ဟွာ အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကိုရီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများ ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံမူအတိုင်း လက်ခံဆောင်ရွက်သွားမည်ဖြစ်ပြီး အာဆီယံအနေဖြင့် အာရှနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တပ်မတော်မှ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေနှင့် တိုးမြှင့်ဆောင်ရွက်နိုင်မည့် အလားအလာများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် နည်းပညာပိုင်းဆိုင်ရာ၊ လေ့ကျင့်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီဆန်ဟွာ အား လက်ခံတွေ့ဆုံစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## ကမ်းလွန်လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့တွင် Drilling Campaign လုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO Daewoo Corporation (Myanmar E & P) သည် ကမ်းလွန်လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့တွင် Drilling Campaign လုပ်ငန်းများအား Drillship “MAERSK VIKING” (Call Sign : S6LY3) ဖြင့် Point.A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၁၃ ဒသမ ၂၄ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၆ မိနစ် ၁၆ ဒသမ ၃၈ စက္ကန့်၊ Point.B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၆ မိနစ် ၅၁ ဒသမ ၂၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၄၅ ဒသမ ၅၄ စက္ကန့်၊ Point.C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၂ မိနစ် ၅၀ ဒသမ ၃၅ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၀ မိနစ် ၂၀ ဒသမ ၄၄ စက္ကန့်၊ Point.D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၆ မိနစ် ၅၉ ဒသမ ၆၉ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၁ မိနစ် ၄၄ ဒသမ ၀၄ စက္ကန့်တွင် (၁၅.၁၁.၂၀၁၉) ရက်နေ့မှ (၁၅.၃.၂၀၂၀) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ (၁၅.၁၁.၂၀၁၉) ရက်နေ့မှ (၁၅.၃.၂၀၂၀) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့် တည်နေရာများမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မွန်ပြည်နယ် အတ္ထရံမြစ်ကူး(စံပယ်ဂူ)တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

❐ *ရွှေဖုံးမှ*

မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမိုးအောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မော်လမြိုင်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ကျိုက်မရောမြို့သို့ ရောက်ရှိကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၄)က တာဝန်ယူတည်ဆောက်နေသော ကျိုက်မရော-စံပယ်ဂူ-ကော့ပနော လမ်းပေါ်တွင် တည်ရှိသည့် အတ္ထရံမြစ်ကူး (စံပယ်ဂူ) တံတားတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား စီမံကိန်း ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မြန်မာနိုင်ငံ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်ရှိ ဂျိုင်း (ကော့ကရိတ်)၊ ဂျိုင်း(ဇာသပြင်)နှင့် အတ္ထရံတံတားများ အဆင့်မြင့်တင်တည်ဆောက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက အတ္ထရံမြစ်ကူး (စံပယ်ဂူ)တံတားစီမံကိန်း ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု၊ တံတားဆိုင်ရာ အချက်အလက်များ၊ တံတားအူကြောင်း ရွေးချယ်ထားရှိမှု၊ လုပ်ငန်းစီမံချက်နှင့် တိုးတက်မှု၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်မှုနှင့် ချဉ်းကပ်လမ်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

## စနစ်တကျစိစစ်ကြပ်မတ်

နိုင်ငံတော်သမ္မတက တင်ပြချက်များနှင့်စပ်လျဉ်းပြီး လမ်းညွှန်အမှာစကား ပြောကြားရာတွင် နိုင်ငံသူနိုင်ငံသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍသည်လည်း အဓိကဦးစားပေးအခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အညီ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လမ်း တံတားများတည်ဆောက်သည့်အခါ ရေရှည်တည်တံ့ခိုင်မြဲရန်နှင့် နိုင်ငံတော်၏ ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှု မဖြစ်အောင် စနစ်တကျ စိစစ်ကြပ်မတ် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ တည်ဆောက်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် သံဖြူဇရပ်မြို့ရှိ မြန်မာ-ထိုင်း သေမင်းတမန်မီးရထားလမ်းပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

သည့် နည်းပညာနှင့် အရည်အသွေး ကောင်းမွန်မှသာ ရေရှည်ခိုင်မြဲမည်ဖြစ်ပါကြောင်း၊ ယခုတံတား တည်ဆောက်ရေးတွင် တာဝန်ယူထားကြသည့် ပညာရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းကျွမ်းကျင်မှုနှင့်အတူ စေတနာပါထားပြီး ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

## အထောက်အကူပြုမည်

တံတား တည်ဆောက်ရာတွင် အသုံးပြုမည့်ပစ္စည်းများ၏ အရည်အသွေးကိုစစ်ဆေးပြီး မှန်မှန်ကန်ကန် အသုံးပြုနိုင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တံတားကြီးကို သတ်မှတ် စံချိန်စံညွှန်းမီအောင် တည်ဆောက်သွားကြရမည် ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ရေလမ်းကြောင်းပြောင်းလဲမှု ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကိုပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုတံတားကြီး တည်ဆောက်ပြီးစီးပါက နိုင်ငံသူနိုင်ငံသားများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကို များစွာ အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း၊ ပြည်သူများ အမြန်ဆုံး အသုံးပြုနိုင်ရန် သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ကြစေလို ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း တံတား၏ အရည်အသွေးနှင့် စံချိန်စံညွှန်းကို မထိခိုက်စေရန် လိုအပ်ပါကြောင်း မှာကြားသည်။

## ဖွံ့ဖြိုးတိုးတက်လာမည်

အတ္ထရံမြစ်ကူး(စံပယ်ဂူ)တံတား တည်ဆောက်ပြီးစီးပါက အတ္ထရံမြစ်၏ အရှေ့ဘက်ကမ်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများသည် ကျိုက်မရောမြို့သို့ အချိန် မိနစ် ၃၀ အတွင်း လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် မော်လမြိုင်မြို့မှ တံတားကြီးကို ဖြတ်သန်း၍ တရနာ-ဘုရားကုန်းလမ်းနှင့် မုဒုံ-မြဝတီလမ်းမှတစ်ဆင့် ထိုင်းနိုင်ငံနှင့် နယ်စပ်မြို့ဖြစ်သည့် မြဝတီမြို့သို့ အချိန်တိုအတွင်း ရောက်ရှိနိုင်သည့်အတွက် ဒေသတွင်းကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့လာပြီး ဒေသဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ယခုအခါ တံတားတစ်စင်းလုံး၏ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း အပြီးတည်ဆောက်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် သံဖြူဇရပ်မြို့ရှိ မြန်မာ-ထိုင်း သေမင်းတမန်မီးရထား လမ်းပြတိုက်သို့ ရောက်ရှိကြကာ ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ဂျပန်ခေတ် မီးရထားစက်ခေါင်းနှင့် မြန်မာ-ထိုင်း သေမင်းတမန်မီးရထားလမ်း စတင်သည့်နေရာတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကျိုက္ခမီမြို့သို့ ရောက်ရှိကြပြီး ကျိုက္ခမီရေလယ်ဘုရားအား သွားရောက်ဖူးမြော်ကာ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းတို့ကို ကပ်လှူပူဇော်ပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

**သတင်းစဉ်**




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ကျိုက္ခမီရေလယ်ဘုရား ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

# မြေယာကိစ္စရပ်များဖြစ်ပါက မည်ကဲ့သို့စီမံဆောင်ရွက်ရမည်ဖြစ်သည်ကို နစ်နာသူကာယကံရှင်(တိုင်ကြားသူ)အား ပွင့်လင်းမြင်သာစွာ ခေါ်ယူတွေ့ဆုံရှင်းလင်းဆောင်ရွက်ပေးရန်လိုကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြား

**နေပြည်တော် နိုဝင်ဘာ ၆**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဦးမင်းသူ၊ ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဦးအုန်းဝင်း၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်နှင့် ဒေါက်တာမျိုးသိမ်းကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၉)တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## မူဝါဒလုပ်ငန်းစဉ်(၅၂)ချက်

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ အစည်းအဝေးသည် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ အဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူတို့၏ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ အပေါ် အမြန်ဆုံး စွန့်လွှတ်လွှဲပြောင်းနိုင်ရေးအတွက် မူဝါဒလုပ်ငန်းစဉ်(၅၂)ချက်ကို အောက်ခြေအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူတို့၏ လိုလားချက်များ၊ မြေသိမ်းခံတောင်သူတို့၏ တင်ပြချက်များကို တရားဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

## တိုးချဲ့ပြင်ဆင်ဖွဲ့စည်း

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၂၁/၂၀၁၉ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများအနေဖြင့် ဗဟိုကော်မတီကို အထောက်အကူပြုနိုင်ရေးနှင့် လက်တွေ့မြေပြင်တွင် လုပ်ငန်းကဏ္ဍများတွင် သိသာထင်ရှားသည့် တိုးတက်မှု အကျိုးရလဒ်များရရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ် ဧပြီလ ၂၆ ရက်တွင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့သည့်အပြင် ခရိုင်နှင့် မြို့နယ်ကော်မတီများတွင်လည်း သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီကို အဖွဲ့ဝင်အဖြစ် ထပ်မံဖြည့်စွက် တာဝန်ပေးအပ်ခြင်းဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်မှုကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်အနေဖြင့် မြေကိစ္စတိုင်ကြားစာများအပေါ် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ဗဟိုကော်မတီ၏မူဝါဒ၊ လုပ်ငန်းစဉ်များအတိုင်း စိစစ်ဆောင်ရွက်မှုမရှိခြင်းနှင့် အထောက်အထားမှတ်တမ်းမှတ်ရာများ ပြည့်စုံစွာဖြင့် တင်ပြမှုမရှိခြင်းများကြောင့် ဗဟိုကော်မတီမှ ပြန်လည်စိစစ်ရန်ပေးပို့ရသည့် အမှုတွဲများကိုလည်း တွေ့ရှိရပါကြောင်း။

ဝန်ကြီးဌာနများမှ အသုံးပြုရန်မလိုအပ်သည့် မြေများကို ပြန်လည်စွန့်လွှတ်ပေးအပ်လျက်ရှိရာ စွန့်လွှတ်သည့် ရည်ရွယ်ချက်မှာ မူလပိုင်ရှင်များထံပေးအပ်ရန်၊ ပိုလျှံ၍ စွန့်လွှတ်သည့်မြေများကို နိုင်ငံတော်ပိုင်မြေ (နိုင်ငံတော်အရန်မြေ) အဖြစ်ထားရှိရန်နှင့် ဝန်ကြီးဌာနအချင်းချင်းသို့ လွှဲပြောင်းပေးရန်ဖြစ်သည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း။

## စနစ်တကျတာဝန်ပေးစီမံ

ဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးရန် မြေများနှင့် ပတ်သက်၍ လွှဲပြောင်းရယူမည့် ဝန်ကြီးဌာနများမှ မြေလွှဲကိစ္စရပ်များကို အမြန်ပြီးစီးအောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ပိုလျှံအပ်နှံသော နိုင်ငံတော်ပိုင်မြေအဖြစ် သတ်မှတ်ထားသည့် မြေများကို အများပြည်သူအကျိုးရှိအောင် အသုံးပြုရန်နှင့် အသုံးမပြုပါက သေချာစွာ စာရင်းရေးသွင်း ထိန်းသိမ်းထားရှိကြရမည် ဖြစ်ပါကြောင်း၊ မူလပိုင်ရှင်သို့ ပြန်လည်လွှဲပြောင်းသည့် မြေများတွင် အချို့မှာ သက်ဆိုင်ရာဝန်ကြီးဌာနမှ စွန့်လွှတ်ထားပြီး ဖြစ်သော်လည်း ကာယကံရှင်လက်ဝယ်ရောက်ရှိရန် အချိန်ကြန့်ကြာနေမှုများ၊ ကာယကံရှင်လက်ဝယ်သို့ ရောက်ရှိခြင်းမရှိဘဲ အခြားသူထံသို့ ပေးအပ်ထားခြင်းများနှင့် မူလလက်ငုတ်နှင့် လက်ရှိ၊ လက်ငုတ်အငြင်းပွားနေမှုများကြောင့် အမှုတွဲများပြီးပြတ်မှုမရှိဘဲ နှောင့်နှေးကြန့်ကြာနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ကော်မတီဥက္ကဋ္ဌများအနေဖြင့် အောက်ခြေစိစစ်တွေ့ရှိချက်များနှင့် မြေပြင်ပကတိအခြေအနေများ ကွဲလွဲမှုမရှိစေရေးအတွက် ကွင်းဆင်းစိစစ် ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် အဖွဲ့များဖွဲ့စည်း၍ စနစ်တကျ တာဝန်ပေးစီမံဆောင်ရွက်ကြစေလိုပါကြောင်း။

## ပွင့်လင်းမြင်သာစွာ ခေါ်ယူတွေ့ဆုံ

ဗဟိုကော်မတီဝင်များအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ တစ်ပတ်တစ်ကြိမ် အစည်းအဝေးကျင်းပလျက်ရှိရာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရသူများ၏ နစ်နာမှုကို မူဝါဒ၊ လုပ်ငန်းစဉ်(၅၂)ချက်နှင့်အညီ စိစစ်ဆောင်ရွက်ခြင်း ရှိ/မရှိ၊ နစ်နာသူကာယကံရှင် (တိုင်ကြားသူ)၏ ဖြစ်စဉ်တင်ပြချက်များ မှန်ကန်မှု ရှိ/မရှိ၊ တင်ပြချက်မှန်ကန်ပါက အကျိုးစီးပွား နစ်နာမှုအတွက် ငွေကြေး သို့မဟုတ် မြေလျော်ကြေး ပေးလျော်မှုများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ ဗဟိုကော်မတီက မူဝါဒလုပ်ငန်းစဉ်(၅၂)ချက်နှင့်အညီ ဆုံးဖြတ်ဆောင်ရွက်ရမည့် အကြောင်းအခြင်းရာမဟုတ်သည့် မြေယာကိစ္စရပ်များ ဖြစ်ပါက မည်ကဲ့သို့ စီမံဆောင်ရွက်ရမည်ဖြစ်သည်ကို နစ်နာသူကာယကံရှင်(တိုင်ကြားသူ)အား ပွင့်လင်းမြင်သာစွာ ခေါ်ယူတွေ့ဆုံရှင်းလင်း ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

စွန့်လွှတ်သည့်မြေများ သက်ဆိုင်သူလက်ဝယ် အမြန်ရောက်ရှိရေး လုပ်ငန်းစဉ်(၉)ရပ်၊ အပိုဒ်(၄)နှင့်အညီ လျော်ကြေးပေးရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပိုင်ဆိုင်သူကာယကံရှင်များ နစ်နာမှုမရှိစေရေးနှင့် အငြင်းပွားနိုင်သည့် နှုန်းထားများ မဖြစ်စေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ညှိနှိုင်းသတ်မှတ်ပေးသည့် မျှတသည့်နှုန်းထားများ ဖြစ်စေရန်နှင့် မြေပြင်တွင် မလိုလားအပ်သော ပြဿနာများ မဖြစ်စေရန် အထူးဂရုပြုဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

## အကျိုးစီးပွားနစ်နာမှုမရှိစေရေး

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကော်မတီများ၏ လုပ်ငန်းခေါင်းစဉ်အလိုက် စိစစ်တင်ပြလာသည့် အမှုတွဲများအနက် တင်ပြတိုင်ကြားသူ ကာယကံရှင်အား ယနေ့အချိန်ထိ ဆက်သွယ်စုံစမ်းမရသည့် အမှုတွဲများ ပါဝင်သည်ကို စိစစ်တွေ့ရှိရသည့်အတွက် လိပ်စာရှင် ရှာဖွေမတွေ့ရှိသည့် တင်ပြတိုင်ကြားသူများ၏ အကျိုးစီးပွား နစ်နာမှုမရှိစေရေးမှာလည်း မိမိတို့ကော်မတီများအတွက် အရေးကြီးပါကြောင်း၊ လိပ်စာရှင် ရှာဖွေမတွေ့ရှိသည့် တင်ပြတိုင်ကြားချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာကော်မတီရုံးများအနေဖြင့် (Notice Board) တင်၍ တင်ပြတိုင်ကြားသူအပါအဝင် ၎င်းတို့၏ ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟတို့က သိမြင်၍ ကာယကံရှင်များ သိရှိဆောင်ရွက်နိုင်ရေး အချိန်ကာလ တစ်ခုပေး၍ စီမံဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများသို့ တိုက်ရိုက်တိုင်ကြားသော တိုင်ကြားစာအမှုတွဲများကို ဖြေရှင်းဆောင်ရွက်မှု နောက်ဆုံးအခြေအနေများ၊ ယခင်အစိုးရလက်ထက် ပြည်ထောင်စုလွှတ်တော် သက်တမ်းတွင် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုလွှတ်တော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ စုံစမ်းစစ်ဆေးရေးကော်မရှင်မှ တိုင်ကြားစာများနှင့် ပတ်သက်၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လွှဲပြောင်းပေးပို့ထားသော စိစစ်တွေ့ရှိချက် အစီရင်ခံစာများအပေါ် ဆောင်ရွက်ထားရှိမှု နောက်ဆုံးအခြေအနေများကို ရှင်းလင်းတင်ပြကြစေလိုပါကြောင်း။

*စာမျက်နှာ ၈ သို့*



ပြည်ထောင်စုဝန်ကြီး
ဦးမင်းသူ



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး



နေပြည်တော်ကောင်စီဥက္ကဋ္ဌ
ဒေါက်တာမျိုးအောင်

* ကျောဖုံးမှ

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အရေးပါသည့်လုပ်ငန်းစဉ်တစ်ခု

အစည်းအဝေးတွင် အမျိုးသားမြေအသုံးချမှုကောင်စီ ဥက္ကဋ္ဌ ဒုတိယသမ္မတ က အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များအနက် မြေယာစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသည့် လက်ရှိဥပဒေများကို လေ့လာဆန်းစစ်ပြီး အဆိုပါဥပဒေများကို လွှမ်းခြုံသည့် အမျိုးသားမြေဥပဒေကို အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်အညီ ရေးဆွဲရမည့် လုပ်ငန်းတာဝန်သည် အနာဂတ်မြန်မာနိုင်ငံတွင် စနစ်တကျကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အလွန်အရေးပါသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း။

မြေယာစီမံခန့်ခွဲမှုစနစ်များနှင့် ဆက်စပ်ပြီး ယနေ့ဖြစ်ပေါ်နေသည့် ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများကို ပြောကြားလိုပါကြောင်း၊ မြေသယံဇာတအရင်းအမြစ်များသည် လူသားများအတွက် အခြေခံအကျဆုံး သဘာဝသယံဇာတအရင်းအမြစ်များဖြစ်ပြီး စားနပ်ရိက္ခာ၊ သန့်ရှင်းသည့် ရေနှင့် ဇီဝမျိုးစုံမျိုးကွဲများ အပါအဝင် အခြားဂေဟစနစ် ဝန်ဆောင်မှုများကို မြေသယံဇာတအရင်းအမြစ်များမှ ထောက်ပံ့ပေးနေခြင်းဖြစ်ပါကြောင်း၊ မြေသယံဇာတအရင်းအမြစ်များက လူသားများအတွက် အခြေခံအကျဆုံး သဘာဝသယံဇာတအရင်းအမြစ်များဖြစ်သော်လည်း ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေသည့် မှန်လုံအိမ်ဓာတ်ငွေ့များ (Greenhouse gases–GHGs) ထုတ်လွှတ်နိုင်သည့်အရင်းအမြစ်များလည်း ဖြစ်ပါကြောင်း၊ Intergovernmental Panel on Climate Change–IPCC ၏ အစီရင်ခံစာအရ ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်ကာလအတွင်း စိုက်ပျိုးရေး၊ သစ်တောနှင့် အခြားမြေအသုံးချမှုပြောင်းလဲခြင်း (Agriculture, Forestry and Other Land Use – AFOLU) ကဏ္ဍမှ မှန်လုံအိမ်ဓာတ်ငွေ့ထုတ် လွှတ်မှုစုစုပေါင်း၏ ၂၃ ရာခိုင်နှုန်း ထုတ်လွှတ်ခဲ့မှု တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲလာခြင်း၏ ရိုက်ခတ်မှုဖြစ်သည့် ၂၀၀၈ ခုနှစ် သမိုင်းဝင်နာဂစ်မုန်တိုင်း၊ ယနေ့လက်ရှိတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် နိုင်ငံအနှံ့အပြားရေလွှမ်းမိုးမှု၊ မြေပြိုမှု၊ အပူချိန်လွန်ကဲမှု အစရှိသည့် ပြင်းထန်လှသည့် မိုးလေဝသဖြစ်စဉ်များကို နှစ်စဉ်ပိုမိုပြင်းထန်စွာ ခံစားလာနေရမှုနှင့် လူမှုစီးပွားပျက်စီးဆုံးရှုံးရမှုတို့ကြောင့် ၁၉၉၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုကို ထိခိုက်ခံစားလွယ်သည့် နိုင်ငံများအနက် တတိယအဆင့်တွင် ရပ်တည်နေခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် မြေသယံဇာတအရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲရန် လိုအပ်ပါကြောင်း။

### သစ်တောများရေရှည်တည်တံ့စေရန်

၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံက Agenda 2030 ခေါ်သည့် ဖွံ့ဖြိုးမှုစီမံချက် (New Development Plan) ကို သဘောတူညီလက်ခံခဲ့ပြီး Agenda 2030 မှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ (Sustainable Development Goals–SDGs) ၁၇ ခု ပါဝင်ပါကြောင်း၊ ယင်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်အများစုသည် မြေယာစီမံခန့်ခွဲမှုနှင့် ဆက်နွယ်နေပြီး ရည်မှန်းချက်အမှတ်စဉ် (၁၅)သည် ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းပြီး ရေရှည်တည်တံ့စေရန်အသုံးပြုရေး၊ သစ်တောများရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေးနှင့် သဲကန္တာရများ ဖြစ်ထွန်းမှုပပျောက်စေရေး၊ မြေယာပြုန်းတီးမှု၊ ယိုယွင်းပျက်စီးမှု ရပ်တန့်စေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများပြုန်းတီးမှု ရပ်တန့်



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ရှင်းလင်းတင်ပြစဉ်။

စေရေးတို့ဖြစ်ပြီး မြေယာစီမံခန့်ခွဲမှုနှင့် အဓိကသက်ဆိုင်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈–၂၀၃၀ခုနှစ်) (Myanmar Sustainable Development Plan–MSDP)၏ မဟာဗျူဟာ 5.5 မှာ သဘာဝအရင်းအမြစ်များ၏ အကျိုးအမြတ်များကို ပြည်သူအားလုံး ရရှိခံစားရစေရေးအတွက် မြေယာစီမံခန့်ခွဲမှုနှင့် သယံဇာတအခြေပြုလုပ်ငန်းများ၏ ရေရှည်တည်တံ့သည့်စီမံခန့်ခွဲမှုတို့ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်ဖော်ပြထားပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး၊ Agenda 2030 ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ ပြည့်မီစေရန်နှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရေရှည်တည်တံ့ပြီး စနစ်တကျကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုစနစ်များ ပေါ်ထွန်းလာစေရေးသည် အထူးလိုအပ်လျက်ရှိပါကြောင်း။

### အထောက်အကူပြုလုပ်ငန်းကော်မတီ ဖွဲ့စည်း

ယခုအခါ အမျိုးသားမြေအသုံးချမှု ကောင်စီအနေဖြင့် မြေအသုံးချမှုစီမံခန့်ခွဲရေးနှင့် သက်ဆိုင်သည့် ဥပဒေအသီးသီးကို လွှမ်းခြုံနိုင်သည့် အမျိုးသားမြေဥပဒေ ရေးဆွဲရန်နှင့် အဆိုပါ အမျိုးသားမြေဥပဒေနှင့် တည်ဆဲမြေဥပဒေများ သဟဇာတဖြစ်စေရန်အတွက် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီကို အမျိုးသားမြေအသုံးချမှုကောင်စီ၏ အထောက်အကူပြုလုပ်ငန်းကော်မတီတစ်ခုအဖြစ် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

ထို့အပြင် အမျိုးသားမြေအသုံးချမှုကောင်စီသည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် မြေအရင်းအမြစ်များ၏ သတင်းအချက်အလက်၊ မြေပုံများမှန်ကန်စေရေး၊ စနစ်တကျ ရေးဆွဲထုတ်ပြန်ရေး၊ မြေအရင်းအမြစ်များ စီမံခန့်ခွဲရာတွင် စနစ်တကျဖြစ်စေရေးအတွက် အမျိုးသားမြေအသုံးချမှု မူဝါဒလမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (OneMap Myanmar) အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (OneMap Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ မြေအသုံးချမှုစီမံအုပ်ချုပ်ရေးကိစ္စများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေနှင့် ပညာရပ်ဆိုင်ရာ အကြံဉာဏ်များပေးနိုင်ရေးအတွက် မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီတို့ကို အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း။

### မြေအသုံးချမှုကော်မတီများနှင့် ပူးပေါင်း

အဆိုပါ လုပ်ငန်းကော်မတီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်သည့်နေရာတွင် အမျိုးသားမြေအသုံးချမှုကောင်စီ၏ လမ်းညွှန်မှု၊ နည်းပညာအကြံပေးအဖွဲ့၏ ပံ့ပိုးမှု၊ လုပ်ငန်းကော်မတီများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တို့၏ မြေအသုံးချမှုကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

အမျိုးသားမြေအသုံးချမှုကောင်စီအနေဖြင့် မြေသယံဇာတများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ဖို့အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အစဉ်အမြဲသုံးသပ်ပြီး အဆိုပါလုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ယနေ့အစည်းအဝေးမှာ ရှေ့ဆက်ဆောင်ရွက်ကြရမည့်လုပ်ငန်းများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးညှိနှိုင်းကြပါရန် ပြောကြားသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် စနစ်ကျကောင်းမွန်သော မြေယာစီမံခန့်ခွဲမှု တိုးတက်ဖြစ်ပေါ်လာစေရေးအတွက် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်မြေအသုံးချမှုကော်မတီများ၊ အထောက်အကူပြုလုပ်ငန်း ကော်မတီများအနေဖြင့် ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ဌာနအလိုက် တွေ့ဆုံဆွေးနွေးညှိနှိုင်း

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် (OneMap Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက အမျိုးသားမြေပုံစနစ်အွန်လိုင်းစနစ် (The OneMap Data Portal) အဓိကပါ ပါဝင်မည့် Spatial Data ဆိုင်ရာအချက်အလက်များအား ဆက်စပ်ဌာနများအလိုက် အသေးစိတ်သိရှိနိုင်ရန် နည်းပညာဆိုင်ရာအဖွဲ့မှ ဌာနအလိုက် တွေ့ဆုံဆွေးနွေးညှိနှိုင်းစီစဉ်လျက်ရှိမှုအခြေအနေများကို လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလွှမ်းမိုးက စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်က မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်နှင့် ဦးစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် တာဝန်ရှိသူများက မြေယာအသုံးချမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ကာလတို၊ ကာလရှည် ဆောင်ရွက်သွားမည့်အစီအမံများ၊ မြေအသုံးချမှုနှင့် လျှပ်စစ်ဓာတ်အားပိုမိုရရှိရေး ဆက်စပ်နေမှု အခြေအနေများ၊ အများပြည်သူအတွက် မဖြစ်မနေအသုံးချရမည့် မြေယာအသုံးချမှုကိစ္စရပ်များအတွက် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေး၊ မြေအမျိုးအစားအလိုက် တည်ဆဲမြေယာစီမံခန့်ခွဲမှုဥပဒေများနှင့်အညီ ဆောင်ရွက်နေမှု၊ မူဝါဒချမှတ်ပေးနေမှုနှင့် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နေမှု အခြေအနေ၊ OneMap Myanmar စီမံကိန်းလုပ်ငန်းများနှင့်ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

### မြေယာမူဝါဒများ အဆုံးအဖြတ်ပေးနိုင်ရေး

ယင်းနောက် အမျိုးသားမြေအသုံးချမှုကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဝန်ကြီးများက သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြေယာအသုံးချမှု စီမံခန့်ရေးဆိုင်ရာကိစ္စရပ်များနှင့် အမျိုးသားမြေအသုံးချမှုကောင်စီက ခွင့်ပြုပေးနိုင်ရန်ကိစ္စရပ်များ၊ မြေယာအငြင်းပွားမှုကိစ္စများကို မှန်ကန်စွာဖြေရှင်းနိုင်ရေးအတွက် အမျိုးသားမြေဥပဒေပြဋ္ဌာန်းနိုင်ရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် သတ္တုဖော်ရေးလုပ်ငန်းများ စိစစ်ခွင့်ပြုပေးနိုင်ရေး၊ OneMap Myanmar စီမံကိန်းအတွက် နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ မြို့နယ်အချို့တွင် လျှပ်စစ်ကြိုးသွယ်တန်းနိုင်ရေးအတွက် မြေနေရာခွင့်ပြုပေးနိုင်ရေး၊ ဗဟိုနှင့်တိုင်းဒေသကြီး၊ ပြည်နယ်တို့အကြား မြေယာမူဝါဒများ အချိန်နှင့်တစ်ပြေးညီ အဆုံးအဖြတ်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# တောင်ငူ၌ မဲဆန္ဒရှင်စာရင်းပြုစုခြင်းတွင် ပါဝင်ကူညီကြသူများအား ဂုဏ်ပြု

**တောင်ငူ နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒရှင်စာရင်းပြုစုရာတွင် ပါဝင်ကူညီခဲ့ကြသည့် အဖွဲ့အစည်းများနှင့် အလှူရှင်များအား မဲစာရင်းပြုစုခြင်းလုပ်ငန်းအောင်မြင်သည့် အထိမ်းအမှတ်အဖြစ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။

တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဂုဏ်ပြုပွဲတွင် တောင်ငူခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောဌေးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစံလှတို့က အမှာစကားပြောကြားပြီး မဲစာရင်းပြုစုရာတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာများ၊ ကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ်၊ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ရပ်/ကျေးအုပ်ချုပ်ရေး မှူးများနှင့် အလှူရှင်များအား ဂုဏ်ပြုလက်ဆောင်များကို ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ပေးအပ်ခဲ့သည်။

**ဝ၄၈**



# လူတိုင်းအကျုံးဝင် အရည်အသွေးမီ ပညာရေးလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ရန် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေရယူရေး ဆွေးနွေး

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က **ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် စကားရပ် ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်း**ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

### ၂၀၁၈ ခုနှစ် မိုးရာသီကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးဒဏ်ကြောင့် နိုင်ငံအဝန်း စိုက်ပျိုးထားသည့် သီးနှံများအနက် စုစုပေါင်း ၆၈၂၄၁၇ ဧက ပျက်စီးမှုနှင့် ကြုံတွေ့ခဲ့ရ

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ငွေကျပ် ၃၀၂၀ ဒသမ ၁၅၀ သန်း ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ၂၀၁၈ ခုနှစ် မိုးရာသီကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးဒဏ်ကြောင့် နိုင်ငံအဝန်း စိုက်ပျိုးထားသည့် သီးနှံများအနက် စုစုပေါင်း ၆၈၂၄၁၇ ဧက ပျက်စီးမှုနှင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ ယင်းအနက် ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁၇ ရက်အထိ သီးနှံပျက်စီးမှု ဧက ၃၈၀၀၈၀ ကို တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ(၃) ပုဒ်မခွဲ(င)နှင့်အညီ ထောက်ပံ့ငွေကျပ် ၇၃၃၀ ဒသမ ၇၀၅ သန်းကို ထောက်ပံ့ပေးပြီး ဖြစ်ပါကြောင်း၊ ဒုတိယပိုင်းအနေဖြင့် ထောက်ပံ့ရန်ကျန်ရှိသည့် သီးနှံပျက်စီးမှု ၃၀၂၃၁၅ ဧကအတွက် စိစစ်တွက်ချက်မှုအရ ငွေကျပ် ၃၀၂၀ ဒသမ ၁၅၀ သန်း ထောက်ပံ့ပေးရန် ဖြစ်ပါကြောင်း။

ထို့ကြောင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၉)နှင့် နိုင်ငံတော်သမ္မတရုံးတို့ကို တင်ပြခဲ့ပါကြောင်း၊ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်ခဲ့ရာတွင် သဘောတူခွင့်ပြုမှု ရရှိခဲ့ပါကြောင်း၊ အဆိုပါ ထောက်ပံ့ပေးရမည့် ငွေများကို အမှန်တကယ် သီးနှံထိခိုက်ပျက်စီးသူ တောင်သူလယ်သမားများထံသို့ စနစ်တကျ ထောက်ပံ့ပေးနိုင်ရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်ကြီးကြပ်မှုနှင့် ဖွဲ့စည်းပေးသည့် အဖွဲ့များဖြင့် စီမံခန့်ခွဲထောက်ပံ့ပေးပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် မိုးရာသီကာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် သီးနှံများထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာတွင် ဒုတိယပိုင်းအနေဖြင့် ထောက်ပံ့ပေးရန်ကျန်ရှိသည့် သီးနှံပျက်စီးမှု ၃၀၂၃၁၅ ဧက ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရန်အတွက် ထောက်ပံ့ရမည့် ငွေကျပ် ၃၀၂၀ ဒသမ ၁၅၀ သန်းကို မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စဖြစ်သည့်အတွက် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲထောက်ပံ့ပေးရန်ကိစ္စ တင်ပြခြင်းအပေါ် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုမှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်း ပြောကြားသည်။

### အရေးပေါ် ရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကိစ္စရပ်များအပေါ် ကျခံသုံးစွဲခဲ့သည့် ငွေကျပ် ၃၀၂၀ ဒသမ ၁၅၀ သန်း ခွဲဝေသုံးစွဲထားမှုကို လွှတ်တော်က မှတ်တမ်းတင်

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကိစ္စရပ်များအပေါ် ကျခံသုံးစွဲခဲ့သည့် ငွေကျပ် ၃၀၂၀ ဒသမ ၁၅၀ သန်း ခွဲဝေသုံးစွဲထားမှုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် **မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍** ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။



ဒုတိယဝန်ကြီး ဦးလှကျော်



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်



ကန်ပက်လက် မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

### လူတိုင်းအကျုံးဝင် အရည်အသွေးမီ ပညာရေးလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့(IDA) ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပညာရေးဝန်ကြီးဌာနက လူတိုင်းအကျုံးဝင် အရည်အသွေးမီ ပညာရေးလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့(IDA) ထံ မှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေရယူရေးကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး**က လူတိုင်းအကျုံးဝင် အရည်အသွေးမီ ပညာရေးလုပ်ငန်းစဉ်နှင့်အညီ မသန်စွမ်းသော ကလေးများကဏ္ဍကိုလည်း အထူးဦးစားပေးရမည် ဖြစ်ပါကြောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းချမှတ်ဆောင်ရွက်ရာတွင် အခြေခံဖြစ်သည့် ဆရာ ဆရာမများ အရည်အသွေးမြင့်မားရန်၊ ကျောင်းသား ကျောင်းသူ အသိုက်အဝန်းအင်အားတစ်ခုဖြစ်သည့် ကျောင်းသားမိဘ ဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်၊ လူမှုရေးအသင်းအဖွဲ့များ စသည့် အင်အားစုများ မိမိတို့ဆွဲဆောင်နိုင်မှု ရာခိုင်နှုန်းအလိုက် ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ယနေ့ ၂၁ ရာစုတွင် တစ်သက်တာ သင်ယူရန်နှင့် ကျွမ်းကျင်မှုများ ရရှိရန်တို့ အတွက် လေ့ကျင့်ကြရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ကောင်းမွန်သော သဘောထားအမြင်ဖြင့် အပြန်အလှန် နားလည်လေးစားတန်ဖိုးထား ကူညီကြရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှု အကောင်းဆုံးဆောင်ရွက်နိုင်မှသာ ကောင်းမွန်သော ဘဝကို ပိုင်ဆိုင်နိုင်ရန် အခွင့်အလမ်းရရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆန်းသစ်တီထွင်ဖန်တီးနိုင်သော စွမ်းအင်ရရှိရေးနှင့် တစ်သက်တာသင်ယူလေ့ကျင့်ပေးပြီး ကျွမ်းကျင်အဆင့်ဖြစ်လာရေးတို့ကို ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

### ချေးငွေကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ် ၁၁၅ မြို့နယ်တွင် ပညာရေးမြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းဝင်မြို့နယ်များတွင်ရှိသည့် ကျောင်းပေါင်း ၁၅၀၀၀ ခန့်နှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း သုံးသန်းခန့် ပညာရေးမြှင့်တင်မှု အစီအစဉ်များရှိလာမည်

**ကန်ပက်လက် မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း**က ချေးငွေကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ် ၁၁၅ မြို့နယ်တွင် ပညာရေးမြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းဝင်မြို့နယ်များတွင်ရှိသည့် ကျောင်းပေါင်း ၁၅၀၀၀ ခန့်နှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း သုံးသန်းခန့် ပညာရေး မြှင့်တင်မှု အစီအစဉ်များရှိလာမည်ဟု သိရှိရပါကြောင်း၊ စီမံကိန်းဝင်မြို့နယ်များတွင် ကျောင်းသား ကျောင်းသူ ပေါင်း ၇၇၀၀၀ ခန့် အရည်အသွေးရှိ ကျောင်းပြင်ပပညာရေးကို သင်ယူကြရမည်ဖြစ်ကြောင်းကိုလည်း သိရှိရပါကြောင်း။

ယခုအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ ချေးငွေဖြင့် ပညာရေးမြှင့်တင်မှု ဆောင်ရွက်ရာတွင် ကျောင်းတွင်းပညာ သင်ကြားသင်ယူရေးအားသာချက်၊ အားနည်းချက်များကို သေချာဆန်းစစ်ပြီး ကျောင်းတွင်းသင်ကြားမှု အရှိန်မြှင့်တင်ရေးအစီအစဉ်များနှင့် ကျောင်းသားမိဘများအား ကျောင်းတွင်း သင်ကြားသင်ယူမှုအပေါ် အားကိုးယုံကြည်မှုရရှိရေးအတွက် မြှင့်တင်ဆောင်ရွက်မည့် လုပ်ငန်းများ၊ အစီအမံများကိုလည်း ထည့်သွင်းသင့်သည်ကို အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

**ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း**က ယခုစီမံကိန်းကို အသေးစိတ်မဆွေးနွေးလိုသော်လည်း ပညာရေး ဆရာ ဆရာမများကို မွေးထုတ်ပေးနေသည့် အရင်းအမြစ်ကို တိုးတက်အောင်နှင့် အဆင့်မီအောင် လုပ်ပေးသည်မှာလည်း သဘာဝကျပါကြောင်း၊ ပညာရေးကောလိပ်၊ ပညာရေးတက္ကသိုလ် စသည့် မွေးထုတ်ပေးရာ နေရာဌာနများကို စွမ်းရည်မြှင့်တင်ပေးရန်လည်း မေ့မထားသင့်ပါကြောင်း၊ ပညာရေးဝန်ထမ်းများကို HR မြှင့်တင်ပေးရန်နှင့် လိုအပ်သည့် အခြေခံလိုအပ်ချက်များကို ပံ့ပိုးပေးရန်တို့ကိုလည်း အကြံပြုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက စီမံခန့်ခွဲမှုများကို လျှော့ချပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကို ပိုမိုလုပ်ကိုင်ခွင့်ပေးရန်လည်း အကြံပြုလိုပါကြောင်း၊ ထို့ကြောင့် ချေးငွေရယူရန်အတွက်ကိုလည်း ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးထိန်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဦးလှဆန်း၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်လှဌေး(ခေါ်) ဒေါ်အုံးကြည်၊ ဒီပဲယင်း မဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၊ မိုင်းတုံ မဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦးနှင့် ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေတို့ က ဆက်လက် ဆွေးနွေးကြသည်။

ထို့နောက် **ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေတွင် ပါဝင်သော တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအမှတ်စဉ် (၁၅/၂၀၁၉)** တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အိမ်မဲဆန္ဒနယ်မှ ဒေါ်သန္တာ** က ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အတိုင်း လိုက်နာပြီး ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်က ကျန်ရစ်ခဲ့သည့် ကျောင်းဆောင်တည်ဆောက်ရေးလုပ်ငန်းများကို မည်သည့် ဘဏ္ဍာနှစ်တွင် မည်သို့ပုံစံမျိုးဖြင့် ပြန်လည်ခွင့်ပြုမည်ဆိုသည်ကို ရှင်းလင်းစွာ သိလိုပါကြောင်း၊ လုပ်ငန်းတည်ဆောက်မှုမပြီးခဲ့သည့် ကျောင်းများကြောင့် ဒေသခံပြည်သူများအတွက် များစွာနစ်နာပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ တင်ဒါလုပ်ထုံးလုပ်နည်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်သင့်သကဲ့သို့ ကုမ္ပဏီများကို စည်းနှောင်ရန်အတွက် တင်ဒါစာချုပ်များ ထည့်သွင်းချုပ်ဆိုသင့်ပြီး ပွင့်လင်းမြင်သာစွာ ချပြသင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေနှင့် အစီရင်ခံစာအမှတ်စဉ်(၁၅/၂၀၁၉)တို့နှင့် စပ်လျဉ်း၍ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့်၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်းနှင့် မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို နိုဝင်ဘာ ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ People's Alliance for Credible Elections (PACE)မှ အမှုဆောင်ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ People's Alliance for Credible Elections (PACE)မှ အမှုဆောင်ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ (၅)ချက်နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုပြီးစီးမှုအခြေအနေများ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အကြံပြုဖြည့်စွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၅ မှ*

**အားနည်းချက်၊ အားသာချက်များ**

တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှ သီးခြားကိစ္စတစ်ရပ်အနေဖြင့် တင်ပြလာသည့် မြေကိစ္စရပ်များကို ဆောလျင်စွာ ဖြေရှင်းနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနကိုယ်စားလှယ်များဖြင့် သီးခြားအစည်းအဝေးများ ပြုလုပ်ဖြေရှင်းဆောင်ရွက်လျက်ရှိရာ ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ရန်ရှိပါက သီးခြားအစီရင်ခံစာဖြင့် တင်ပြသွားရန်နှင့် အများပြည်သူသိရှိစေရန် သတင်းများ ထုတ်ပြန်ကြေညာပေးသွားရန် လိုအပ်ပါကြောင်း၊ ဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို ညှိနှိုင်းဆောင်ရွက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တစ်လတစ်ကြိမ် မဖြစ်မနေ အစည်းအဝေး ပြုလုပ်ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ရာတွင် အဆင့်ဆင့်သော ကော်မတီများသို့ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်လမ်းညွှန်ချက်များ၊ လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့် နိုင်ငံတော်၏မူဝါဒများကို အလေးထားလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ဗဟိုကော်မတီက ချမှတ်ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များ၊ မူဝါဒလမ်းညွှန်ချက်များကို အလေးအနက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေး တွန်းအားပေး ဆောင်ရွက်သွားမှသာ အစိုးရနှင့် ဌာနဆိုင်ရာများကို ပိုမိုအားကိုးယုံကြည်လာမည် ဖြစ်ပါကြောင်း။

ကော်မတီများအနေဖြင့် အောက်ခြေအဆင့်ထိ ကော်မတီရုံးများ သီးခြားဖွင့်လှစ်၍ လုံလောက်သည့် ဝန်ထမ်းအင်အားဖြင့် တာဝန်ပေးအပ်ထားရန်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ဝန်ထမ်းများကို လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးနှင့် လုပ်ငန်းကျွမ်းကျင်မှု ရှိစေနိုင်ရေးအတွက် မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သိရှိနိုင်ရန် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို အလေးထား ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီအဖွဲ့ဝင်များအနေဖြင့် ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ မြေပြင်တွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ဗဟိုကော်မတီက ပံ့ပိုးဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးတင်မြင့်က ဗဟိုကော်မတီပြင်ဆင်ဖွဲ့စည်းမှု၊ စိစစ်ဖြေရှင်းပေးခဲ့ပြီး စိစစ်ဖြေရှင်းဆဲ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု အခြေအနေများ၊ သိမ်းဆည်းမြေများ အမြန်ဆုံးပြန်လည်စွန့်လွှတ်ပေးနိုင်ရေး ဆောင်ရွက်မှုအခြေအနေများ၊ ပြန်လည်စွန့်လွှတ်လွှဲပြောင်းမြေဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက သိမ်းဆည်းခံ လယ်ယာမြေများနှင့်စပ်လျဉ်း၍ ပြန်လည်စွန့်မြေများကို မူလလက်ငုတ် လက်ရင်း မူလပိုင်ရှင်များထံ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ပေးအပ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဗဟိုကော်မတီအဖွဲ့ဝင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများနှင့် စပ်လျဉ်း၍ ပြန်လည်စိစစ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းတို့က နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများမှ ဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက်တောင်းခံခြင်း၊ လျော်ကြေးပေးလျော်ခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများနှင့် စပ်လျဉ်းသည့် ဥပဒေလုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၆**

တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန၏ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် စီမံကိန်း လုပ်ငန်းများ၏ ကြိုတင်ညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စု ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဦးစီးဌာနများ၏ ညွှန်ကြားရေးမှူးရုံးများ တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆောက်အဦတည်ဆောက်ရေးနှင့် ဆက်စပ်လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ရုံးများကို လုပ်ငန်းများ အပ်နှံဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရအဖွဲ့မှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက ဦးဆောင်၍ တည်ဆောက်ရေး လုပ်ငန်းများကို စံချိန်စံနှုန်းနှင့် အရည်အသွေး ထိန်းသိမ်းပြီး ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်အောင် တင်ဒါခေါ်ယူ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးလှမော်ဦးက တည်ဆောက်ရေး လုပ်ငန်းများကို ဒေသနှင့် ကိုက်ညီ၍ ဘဏ္ဍာနှစ်အတွင်း သတ်မှတ်ရန်ပုံငွေအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက တည်ဆောက်မည့် အဆောက်အဦများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ညွှန်ကြားရေးမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်) တာဝန်ခံအရာရှိက ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်)ဝင်းအတွင်း ခြောက်ခန်းတွဲ တစ်ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများကို စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရေး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အလှူငွေများ ပေးအပ်လှူဒါန်း




**နေပြည်တော် နိုဝင်ဘာ ၆**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဝေ့ရှန်းအား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**အမေရိကန်ဒေါ်လာ ၄ သိန်း ပေးအပ်လှူဒါန်း**

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၄ သိန်း ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဝေ့ရှန်းက အလှူငွေများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဝေ့ရှန်းက အလှူငွေ အမေရိကန်ဒေါ်လာ ၄ သိန်းကို ပေးအပ်လှူဒါန်းရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ကျေးဇူးတင်စကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှ ရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဝေ့ရှန်းနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**



# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (**အပေါ်ပုံ**)

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလင်း၊ ပူးပေါင်း ကော်မတီဝင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# (၈)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဖိုရမ်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

(၈)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဖိုရမ်ကို "စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်အောင်မြင်နိုင်ရေးအတွက် တုံ့ပြန်နိုင်စွမ်းအားကောင်းသော ကျေးလက်လူ့အသိုက်အဝန်းအား တည်ဆောက်ရေး" ဟူသည့် ခေါင်းစဉ်ဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။

ဖိုရမ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတတ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ လူထုဖွံ့ဖြိုးရေးအဖွဲ့(CAD)ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဝင်းနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ကျား/မ ရေးရာဌာနခွဲ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး Dr. Sita Sumrit တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင် ၂၀၃၀ နှင့် အာဆီယံ လူမှုအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ အောင်မြင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် တုံ့ပြန်နိုင်စွမ်းအားကောင်းသော ကျေးလက်လူ့အသိုက်အဝန်း တည်ဆောက်ရေးတို့အတွက် နိုင်ငံအလိုက်၊ ကဏ္ဍအလိုက် အာဆီယံဒေသတွင်း အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးကြသည်။

ဆက်လက်၍ တုံ့ပြန်နိုင်စွမ်းအားကောင်းသော ကျေးလက်လူ့အသိုက်အဝန်း တည်ဆောက်ရေးအတွက် စိုက်ပျိုးစီးပွားရေးကဏ္ဍ၊ ကျေးလက်ဝန်ဆောင်မှုကဏ္ဍ၊ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုကဏ္ဍတို့ကို အဓိကထားဆွေးနွေးကြရာ ကိုယ်စားလှယ်များက ဆွေးနွေးမှုရလဒ်အပေါ်အခြေခံ၍ အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်မူဘောင်(၂၀၂၁-၂၀၂၅) ရေးဆွဲနိုင်ရေးအတွက် အနီးစပ်ဆုံးကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် မူဝါဒဆိုင်ရာ အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။ **မွေးကြူဇင်**

# အားကောင်းသောမုန်တိုင်းငယ် မြန်မာနိုင်ငံဘက် ဦးတည်မည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတ်မှတ်

**နေပြည်တော် နိုဝင်ဘာ ၆**

ယနေ့နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ မာယာဘန်ဒါမြို့ (ကပ္ပလီကျွန်း-Andaman Islands) ၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၂၁၀ မိုင်ခန့်၊ ပါရာဒစ်ပ်မြို့ (ဩရိဿ)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၃၅ မိုင်ခန့်၊ မြန်မာနိုင်ငံ ပုသိမ်မြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၇၅ မိုင်ခန့်နှင့် ဂွမြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၉၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါအားကောင်းသော မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၃ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၉ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၃ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းဖြစ်သည်။

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် နောက် ၁၈ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ပြီး အစဦးတွင် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီးနောက် မြောက်-အနောက်မြောက်ဘက်သို့ကွေ့ကာ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

အဆိုပါအားကောင်းသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့နေ့လယ်မှ နောက် ၄၈ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

အဆိုပါအားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဦးပြည့်စုံနှင့် ရုပ်ရှင်စကားဝိုင်း

*၅-၁၁-၂၀၁၉ မှအဆက်*

**ကြည်စိုးထွန်း** ။ ။ ကျွန်တော်တို့ “ဗုဒ္ဓဝင်” ဆိုတဲ့ ဟာမျိုးလည်း ရိုက်တယ်။ အဲဒီကနေ သမိုင်းတွေကို ရိုက်တယ်။ သမိုင်းတွေရိုက်တော့ ကျွန်တော်တို့ ကလေးဘဝအထိအောင် ဘာတွေကြည့်ရလဲ ဆိုတော့ သမိုင်းကားတွေပေါ့။ ခင်မောင်ရင် ဆိုရင် ‘မိုးခေါင်ကျော်စွာ’ တို့ ဘာတို့ ရိုက်တယ်။ မှတ်မိတယ်။ အဲဒီသမိုင်းကားတွေ အကြောင်း ပြောပါဦးဆရာ။

**ဦးပြည့်စုံ** ။ ။ သမိုင်းကို များများ ရိုက်ခဲ့တာက ဦးဘဇင်ပဲ။ သူက ထူးဆန်းတာကလည်း သူ့ဇာတ်ညွှန်းက အင်္ဂလိပ်လို ရေးတာ။ သူ့ဇာတ်ညွှန်းကို သူများခိုးကြည့်လို့မရအောင် လုပ်တာ။ ဦးဘသာကြီးဆိုရင် ပိုတောင်တော်သေးတယ်။ သူက ဇာတ်ညွှန်းကို မရေးဘူး။ စီးကရက်ဘူးပေါ်မှာ အတိုချုပ်ရေးပြီးတော့ အဲ့ဒါကို ဆက်တာ။

**ကြည်စိုးထွန်း** ။ ။ သူတို့က အတတ်ပညာကလည်း တတ်နေတော့။

အတိုင်းပဲပေါ့။ ဒဂုဏ်ပ ဦးဘတင်က “ပန်းပဲမောင်တင့်တယ်” ရိုက်နေတုန်း ဟိုက “ဝေါ်လတာချစ်ထွန်း” ပေါ်လာတယ်။ “ဝေါ်လတာချစ်ထွန်း” က ချောသွားတော့ စားရတာပေါ့။ ဒါရိုက်တာ ဦးပါကြီးရိုက်တာ။

**ကြည်စိုးထွန်း** ။ ။ သိုက်သမိုင်း ကားတွေက ကျွန်တော်တို့ တော်တော်လေး အရွယ်ရောက်တဲ့ထိကို ခေတ်စားတယ် ဆရာ။ ဆိုပါတော့ ဟိုတုန်းကဆို မင်းသား မင်းသမီးတောင် ဒီလောက် အရေးမကြီးဘူး။

**ဦးပြည့်စုံ** ။ ။ တော်ကီ ခေတ်မှာ “စောင်းတော်ရှင်” က တော်တော်ကောင်းတာ။ နတ်သမိုင်းကားပဲ။

**ကြည်စိုးထွန်း** ။ ။ ဆရာ ရေးထားတဲ့ အထဲမှာ ကျွန်တော်တွေ့ဖူးတာ စောင်းတော်ရှင်ထဲမှာ (underwater) ရေအောက်ရိုက်ချက်တွေပေါ့နော် ဆရာ။

**ဦးပြည့်စုံ** ။ ။ အဲ့ဒါ Camera Tricks ပေါ့။ အခုလို ဘယ်ဟုတ်မလဲ။ ရှေ့ကနေ ငါးကန်လေးခံထားပြီးတော့ ရိုက်တာပေါ့။ လူက စက်သီးကြိုးနဲ့ ဆင်းလာ





ခင်လေးဆွေ



ဝေါ်လတာချစ်ထွန်း



ဦးလွန်းဖေ



ခင်မေလေး



ဒေါ်မြမြ



စိုးနိုင်

**ဦးပြည့်စုံ** ။ ။ မဟုတ်ဘူး။ တစ်ယောက်နဲ့ တစ်ယောက်ကလည်း ညစ်တာကိုး။ ဇာတ်လမ်းကူးယူမှာစိုးလို့။ မြန်လည်း မြန်တယ်လေ။ ဇာတ်လမ်းစိစစ်ရေးမယူ ဘာမယူ။ အခုကောက်ရိုက်၊ အခုထွက်လာတာကိုး။ အဲဒီလို ဖြစ်နေတော့ လျှို့ဝှက်ထားရတာ။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော် ကြားဖူးတာ “ပန်းပဲမောင်တင့်တယ်” ထင်တယ်။ နှစ်ကားပြိုင်သွားတာ။

**ဦးပြည့်စုံ** ။ ။ “ပန်းပဲ မောင်တင့်တယ်” ဆိုတာက အဲဒီ တာက သတ်သတ်။ ငါးကန်ကို ခံရိုက်တာက သတ်သတ်။ အဲ့ဒီလို နှစ်ခုထပ်လိုက်တာ။ တစ်ခါတလေကျ Direct Shot တောင် ရိုက်တာ။

**ကြည်စိုးထွန်း** ။ ။ အဲဒီ ဒါရိုက်တာက။

**ဦးပြည့်စုံ** ။ ။ ဦးလွန်းဖေလေ ကင်မရာမင်းဘဝကနေလာတာ။

**ကြည်စိုးထွန်း** ။ ။ ဒါကြောင့်မို့လို့ သူက Camera Tricks တွေကို ဝါသနာပါတာပေါ့။

**ဦးပြည့်စုံ** ။ ။ သူက တော်တော်တော်တာ။



**ကြည်စိုးထွန်း** ။ ။ အဲဒါဆို Camera Tricks နဲ့ ပတ်သက်လို့ရှိရင် ဦးလွန်းဖေက ချန်ပီယံပဲပေါ့နော် ဆရာ။ ဦးလွန်းဖေက ကုမ္ပဏီထောင်တယ်နော် ဆရာ။

**ဦးပြည့်စုံ** ။ ။ ဟုတ်တယ် ဆွေဗမာ။

**ကြည်စိုးထွန်း** ။ ။ ကိုငွေးအောင်တို့ ဆွေဗမာ။ ဆွေဗမာလည်း အများကြီး ကြည့်ဖူးတယ် ဆရာ။ ဆွေဗမာက ဒေါ်ခင်လေးဆွေတို့ ကားတွေပေါ့နော်။

**ဦးပြည့်စုံ** ။ ။ ခင်လေးဆွေကမင်းသမီး သူ တင်ခဲ့တာပေါ့။ ဒိုက်ဦးက။

**ကြည်စိုးထွန်း** ။ ။ နောက်တစ်ခုက ကျွန်တော်တို့ အသံတိတ် ခေတ်မှာ နာမည်ကြီးတဲ့ ကုမ္ပဏီတစ်ခု ရှိတယ် ဆရာ။ အဲ့ဒါကတော့ ပဲရော့ရုပ်ရှင် ဆရာ။

**ဦးပြည့်စုံ** ။ ။ ပဲရော့ကခင်မေလေးတို့ လက်စွဲပေါ့။

**ကြည်စိုးထွန်း** ။ ။ ပဲရော့ ရုပ်ရှင် အကြောင်း နဲ့ အဲဒီက ဒါရိုက်တာတွေအကြောင်း ပြောပါဦးဆရာ။

**ဦးပြည့်စုံ** ။ ။ ပဲရော့ကတော့ နိုင်ငံရေးကား ရိုက်တာများတာကိုး။ ၃၆ ကောင်ကို အရင်ရိုက်တာ။ တစ်ပြည်လုံးက ၃၆ ကောင်ကို ထိုးကြတော့ “ထမင်းအိုးပေါင်၊ ဟင်းအိုးပေါင် ၃၆ ကောင် ထိုးရအောင်” ဆိုတာ ဟုတ်လား။ ဒါက ဘုရင်ခံက လုပ်သွားတာ။ ကောလိပ်ကြီးကို ဆောက်ဖို့ ရန်ပုံငွေမရှိတော့ ရန်ပုံငွေရှာတာ။ တရုတ်တွေခေါ်ပြီးတော့ လောင်းကစားဝိုင်းတွေ လုပ်ခိုင်းတာ။ တစ်ပြည်လုံးအနှံ့လုပ်တယ်။ အဲဒါနဲ့ ဦးဆန်နီ ကနေစပြီးတော့ ၃၆ ကောင် ရိုက်တော့ ဒီ ဦးဘသာက ဒါရိုက်တာ ဆားဘထွန်းရဲ့ သူငယ်ချင်း။ ဒါပေမယ့် သူက မက္ကင်းနစ်ဗျ။





*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ

အမှန် မော်တော်ကားပြင်တဲ့လူ။ ဦးဆန်နီက လည်း ကားတွေထောင်ထားတော့ အဲဒီကနေ ဒါရိုက်တာ သူလုပ်တတ်ပါတယ်ဆိုပြီး စလုပ်တာ။ မက္ကင်းနစ်ကနေ ဒါရိုက်တာလုပ်တာ ဖြစ်တာပဲ။ သူကလည်း နတ်ကားရိုက်တာ ဗျတ်ဝိ ဗျတ္တဆို အလွန်ကောင်းတာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဦးကျော်ဖေ တို့လား မသိဘူး။

**ဦးပြည့်စုံ** ။ ။ မဟုတ်ဘူးလေ။ ကျော်ဖေ မဟုတ်တော့ဘူး။ ဟိုတုန်းက တင်ဆွေနဲ့၊ တင်ဖေနဲ့ ထင်တယ်။ ဗျတ်ဝိဗျတ္တက သူကလည်း လွယ်တယ်လေ။ ဘုရားဈေးမှာ ဂူတာဂူရီဆိုတာ ခြောက်ပြား ခြောက်ပြားနဲ့ ရောင်းတာ။ သွားဝယ်ပြီးတော့ ဒါကြည့်လိုက်တာ။

**ကြည်စိုးထွန်း** ။ ။ ဩော်- ဇာတ်လမ်း ဇာတ်လမ်း။

**ဦးပြည့်စုံ** ။ ။ ဇာတ်လမ်းကို အဲဒီလို လုပ်တာ။ သူတို့ခေတ်ကလည်း Genius ပဲ။ ဦးဘရှင်တို့ဆို Play-back တိုက်တာလေ။ တောင်တောင်တောင်နဲ့ ဒီလိုလုပ်လိုက်ရင် ကိုက်သွားရော။ အံ့လောက်တော်တာ။

**ကြည်စိုးထွန်း** ။ ။ ပါးစပ်ပေါက်နဲ့ အရုပ်နဲ့ ကိုက်တာ။ နောက် ပဲရော့ရုပ်ရှင်ရဲ့ ထူးခြားချက်ပေါ့ ဆရာ။ ကျွန်တော်သိရတာ။ သူ့ရဲ့ သားက ပဲရော့ ဦးဖေကြိုင်။

**ဦးပြည့်စုံ** ။ ။ ဦးဖေကြိုင်က တော်တော်နောက်ကျတယ်။ စစ်ဖြစ်ခါနီးကျမှ တစ်ကားပဲ ထွက်တယ်။ မေမြနဲ့ ဘမြင့်။

**ကြည်စိုးထွန်း** ။ ။ နောက် ထူးခြားတာက ပဲရော့ ဖေကြိုင်ရဲ့ ဇနီးနဲ့ တူတယ်။ အမျိုးသမီးဒါရိုက်တာ ဒေါ်မြမြဆိုတာ မင်းသားစိုးနိုင်တို့ရဲ့ အမေပေါ့။ ပဲရော့ရုပ်ရှင်နဲ့ ပတ်သက်ပြီး ထူးခြားချက်ပေါ့လေ။ နောက်ပိုင်းကျတော့ ပဲရော့ရုပ်ရှင်က ပြည်ကျော်ရုပ်ရှင်ဆိုပြီး ပြောင်းသွားတယ်။ အဲဒါကတော့ အသံတိတ်ခေတ်မှာ ကြီးစိုးခဲ့တဲ့ ကုမ္ပဏီကြီးတွေပေါ့နော် ဆရာ။ နောက်တစ်ခါ ထူးထူးခြားခြား ကုမ္ပဏီတစ်ခု ကျွန်တော်သွားတွေ့တယ် ဆရာ။ ဘာဖြစ်လို့တုန်းဆိုတော့ အဲဒီကုမ္ပဏီကတော့ ကျွန်တော်တို့ ဒီရုပ်ရှင်လောကကို ဆေးရောင်စုံတွေဖြစ်အောင်၊ မြင်ကွင်းကျယ်တွေဖြစ်အောင် ဦးဆောင်ခဲ့တဲ့ ကုမ္ပဏီပါ ဆရာ။ ဆရာ သိပါတယ်။ အဲ့ဒါဆိုရင်။ ရန်ကုန်ရုပ်ရှင်ပေါ့။

**ဦးပြည့်စုံ** ။ ။ ဒါပေမယ့် သူ့ထက် စောတာက ရန်အောင်ဖလင်းဆိုတာက ၁၆ မီလီမီတာကို ဆေးရောင်စုံနဲ့ တင်ဖေတို့ ဘာတို့ လုပ်ကြတယ်။ အဲဒါ အရင်လာတာ။ နောက်မှ ရန်ကုန်ရုပ်ရှင်က ၃၅ သွင်းတာ။

**ကြည်စိုးထွန်း** ။ ။ ရန်ကုန်ရုပ်ရှင်က ၁၆ မီလီမီတာနဲ့ ဖိုးပါကြီး၊ ဖိုးပါလေး ကားတစ်ကား ကျွန်တော်ရတယ် ဆရာ။ "ပျို့ချစ်လင်" ဆရာ။

**ဦးပြည့်စုံ** ။ ။ သူတို့အမေ ဒေါ်ခင်မမက မစ္စတာကုံးဆိုတာ မြူနီစီပယ်က အခွန်ဝန်ပေါ့ဗျာ။ အဲဒါ အဝေမ်းနဲ့ အမျိုးတွေပဲ သူတို့က ။ ဒေါ်ခင်ခင်က အဲဒီကို ရောက်သွားလို့ ဦးညီပုက စိတ်ဆိုးတာပေါ့။




**ကြည်စိုးထွန်း** ။ ။ ပထမဆုံး အမျိုးသမီး ကင်မရာမင်း ဒေါ်ခင်ခင်။ သူက ဘယ်လိုကြောင့် ကင်မရာမင်း ဖြစ်သွားရတာလဲ ဆရာ။

**ဦးပြည့်စုံ** ။ ။ အဲဒီတုန်းက အဝေမ်းမှာ အလုပ်သမားတွေ သပိတ်မှောက်တော့။

**ကြည်စိုးထွန်း** ။ ။ အဝေမ်း မဖြစ်သေးဘူးပေါ့ ဆရာ။ မြန်မာအဆွေ ဖြစ်မှာပေါ့။

**ဦးပြည့်စုံ** ။ ။ ပျို့ချစ်လင် ကလည်း အသံတိတ် ဆေးရောင်စုံပဲ။

**ကြည်စိုးထွန်း** ။ ။ အသံတိတ်ဆေးရောင်စုံ ၁၆ ဆရာ။ အဲဒါလေး အမေက ဦးစီးတာထင်တယ်။

**ဦးပြည့်စုံ** ။ ။ မြန်မာအဆွေမှာ သပိတ်မှောက်တော့ ဦးညီပုက ထုံးစံအတိုင်းလေ။ ညီအစ်ကို မောင်နှမတွေ ဦးစီးကြဆိုပြီး၊ လုပ်ကြဆိုပြီး လုပ်ကြတာ။

**ကြည်စိုးထွန်း** ။ ။ လုပ်တော့ အဲဒီမှာ ဒေါ်ခင်ခင်က ကင်မရာမင်းလုပ်ရော။ အရပ်က ပုတယ်ဆို ဆရာ။

**ဦးပြည့်စုံ** ။ ။ သူက တော်တော်ပုတာ ဒေါ်ခင်ခင်က။ ပုတော့ ခုံလေးခုပြီးတော့ နောက်မော်တာတပ်ပေးတာ။

**ကြည်စိုးထွန်း** ။ ။ ဩော်- မော်တာနဲ့လား။ လက်လှည့် မဟုတ်တော့ဘူးလား ဆရာ။

**ဦးပြည့်စုံ** ။ ။ လက်နဲ့ဆို အပတ်က မမီရင် ခုန်ဆွ ခုန်ဆွ ဖြစ်နေမယ်။

**ကြည်စိုးထွန်း** ။ ။ သူက ဦးဘကလေးရဲ့ ဇနီးနော် ဆရာ။

**ဦးပြည့်စုံ** ။ ။ ဦးဘကလေးရဲ့ ဇနီး ဟုတ်တယ်။ ဦးဘကလေးဆိုတာက ပုသိမ်က၊ ဦးဘကြီးဆိုတာက မြန်မာအဆွေက။ ကျွန်တော့်ညီ တစ်ယောက်ရှိတယ်။ ပုံဆွဲတတ်တယ်။ ခေါ်လာမယ်ဆိုပြီး သူ့ကို ကြော်ငြာဘက်ကို ပေးတာ။ အဲဒါ နောက်တော့ ဒေါ်ခင်ခင်နဲ့ နည်းနည်းထူးခြားတာပေါ့နော်။ နောက်တစ်ခါကျတော့ "ချစ်ခဲ့တာ အမှန်ပါပဲ"။

**ဦးပြည့်စုံ** ။ ။ အဲဒါကတော့ ၃၅ ဖြစ်သွားပါပြီ။ ရန်ကုန်ရုပ်ရှင်က ကိုစံလွင်တို့ ညီအစ်ကိုတွေက တော်တယ်။ ကိုစံလွင်က ကင်မရာမင်း၊ ရုပ်ချောတယ် သူက။ ဦးမြဟန်က ပလေဒီယမ်ရုံ မန်နေဂျာ။

**ကြည်စိုးထွန်း** ။ ။ ညီအစ်ကိုလေးယောက် ထင်တယ် ဆရာ။ သူတို့ ကြိုက်သွားတာပေါ့ဗျာ။ ဦးဘကလေးက တော်ပါတယ်။ လူချောလည်း လူချော။ နောက်ဖေးအိမ် ပြိုကျရာကနေပြီးတော့ ခါးရိုးကျိုးသွားတယ်။ နောက်တော့ ရှုံးသွားတယ်။


**ကြည်စိုးထွန်း** ။ ။ ဇာတ်သိမ်း မကောင်းဘူးပေါ့ ဆရာ။ အသံတိတ်ခေတ်မှာ ထူးခြားတဲ့ကားတွေ၊ ဆရာငယ်ငယ်တုန်းက စွဲတဲ့ကားတွေရှိရင် ပြောပြပေးပါဦး ဆရာ။





တင်ဆွေ


တင်ဖေ




ဦးဆန်နီ


ဒေါ်ခင်ခင်၊ ဦးဘကလေး

# ကလေးစာပေပွဲတော် (အိမ်မဲ)၌ ထူးချွန်ထင်ရှားဧရာဝတီတိုင်းသားများပြခန်းကို လာရောက်လေ့လာသူများအထူးစိတ်ဝင်စား

**အိမ်မဲ နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော ကလေးစာပေပွဲတော် (အိမ်မဲ) စာအုပ်စာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲကို အ.ထ.က (၁)ကျောင်း၌ နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ပွဲတော်သို့ လာရောက်လေ့လာသူများက ထူးချွန်ထင်ရှားဧရာဝတီတိုင်းသားများပြခန်းကို အထူးစိတ်ဝင်စားလျက်ရှိသည်။

အဆိုပါပြခန်း၌ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ နိုင်ငံရေးအပါအဝင် စာပေ၊ ဂီတနယ်ပယ်များတွင်ပါ ထူးချွန်ခဲ့ကြသူ စုစုပေါင်း ၈၄ ဦး၏ ထင်ရှားကျော်ကြားခဲ့သည့် နယ်ပယ်၊ မွေးဖွားသည့်မြို့နယ်နှင့် အတ္ထုပ္ပတ္တိအကျဉ်းတို့ကို ပြသထားရာ အိမ်မဲမြို့နယ် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ပြည်သူများ လာရောက်လေ့လာလျက်ရှိသည်။

" ဒီထူးချွန်ထင်ရှားဧရာဝတီတိုင်းသားများ ပြခန်းက ကျောင်းသားကျောင်းသူတွေအတွက် အထောက်အကူဖြစ်စေတယ်။ ဘာလို့လဲဆိုရင် ဒီပြခန်းမှာပါဝင်တဲ့ ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေက မြို့နယ်အသီးသီး ကျေးရွာအသီးသီးကနေ မွေးဖွားလာကြတာ ဖြစ်တယ်။ လာရောက်လေ့လာကြတဲ့ ကလေးတွေအနေနဲ့လည်း မိမိတို့ ဘယ်လိုအခြေနေကနေတက်လာလာ အားကျအတုယူပြီး ကြိုးစားလိုစိတ်နဲ့ ရှေ့ဆက်သွားမယ်ဆိုရင် နောင်တစ်ချိန်မှာ ထူးချွန်ထင်ရှားတဲ့သူ ဖြစ်လာနိုင်တယ်ဆိုတဲ့ အသိရရှိသွားကြမှာပါ" ဟု အ.ထ.က( ၁ ) အိမ်မဲကျောင်းမှ အထက်တန်းပြ ဆရာမနန့်ကေသီက ပြောသည်။



ကလေးစာပေပွဲတော်ကာလအတွင်း ကလေးများအတွက် ပုံပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ စက္ကူခေါက်၊ စကားပုံဆက်၊ အရုပ်ဆက်၊ ဆေးရောင်ခြယ်ပြိုင်ပွဲများအပြင် ထုပ်ဆီးတိုး၊ ဂိမ်းကစားပြိုင်ပွဲများ၊ ဖျော်ဖြေရေးပွဲများကိုလည်း စီစဉ်ထားကြောင်း သိရသည်။

ကလေးစာပေပွဲတော်ကို ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးရေး၊ စာပေဗဟုသုတရရှိရေး၊ ဉာဏ်ရည်ထက်မြက်ရေး၊ ကလေးများ၏ စွမ်းရည်များမြှင့်တင်ရေး၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# MYM CUP 2019 ဂေါက်သီးရိုက်ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၆**

မန္တလေးမြို့မှ မန်းစီးတီးဂေါက်သီးရိုက်အသင်းနှင့် ရန်ကုန် ရင်လုံဂေါက်သီးရိုက်အသင်းတို့၏ နှစ်စဉ်ကျင်းပသော MYM CUP (Myanmar Yunlong Man City Cup) 2019 ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့နှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ဒဂုံဂေါက်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မန်းစီးတီးဂေါက်သီးရိုက်အသင်းနှင့် ရင်လုံဂေါက်သီးရိုက်အသင်းတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ မန်းစီးတီးဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးရွှေမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးကိုကို၊ ရင်လုံဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးရန်အောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အလှည့်ကျဂေါက်သီးရိုက် ဖွင့်လှစ်ပေးကာ ပထမနေ့ပြိုင်ပွဲကို ကျင်းပသည်။

ပြိုင်ပွဲပထမနေ့တွင် Four Ball Match Play ယှဉ်ပြိုင်ပြီး ဒုတိယနေ့တွင် Single Match Play ယှဉ်ပြိုင်ကစားရသော ပြိုင်ပွဲဖြစ်သည်။ အဆိုပါပြိုင်ပွဲကို ၂၀၁၃ခုနှစ်တွင် ရန်ကုန်မြို့ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပသည့် ပထမအကြိမ်တွင် ရင်လုံအသင်းက လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်း၌ ကျင်းပသည့် ဒုတိယအကြိမ်တွင် မန်းစီးတီးအသင်းက လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည့် တတိယအကြိမ်တွင် ရင်လုံအသင်းက လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌ ကျင်းပသည့် စတုတ္ထအကြိမ်တွင် ရင်လုံအသင်းက လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ပုဂံဂေါက်ကွင်း၌ ကျင်းပသည့် ပဉ္စမအကြိမ်ပြိုင်ပွဲတွင် မန်းစီးတီးအသင်းကလည်းကောင်း အနိုင်ရဗိုလ်စွဲခဲ့ကြသည်။

ယခု ဂေါက်သီးရိုက်အသင်း နှစ်သင်းသည် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်ကစားသမားများလည်း မွေးထုတ်နိုင်ခဲ့ပြီး ယခုနှစ်ပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

**❂ ကျောဖုံးမှ**

အထူမှာ ၁ ဒသမ ၅ မီလီမီတာ ရှိပါသည်။ ဒင်္ဂါး၏ မျက်နှာပိုင်းဗဟိုတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပုံနှင့် ပုံ၏အောက်တွင် Aung San အမည်ပါရှိပါသည်။ ဒင်္ဂါး၏ အနားပတ်လည်တွင် "Central Bank of Myanmar"၊ "8.164 gm 999.9 Fine Gold" ဟု အင်္ဂလိပ်စာလုံးဖြင့် ဖော်ပြထားပြီး အခြားတစ်ဖက်မျက်နှာပြင်တွင် "မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၂၀၁၉ ၅ မူးသား၊ ၉၉၉ ဒသမ ၉သန့်စင်ရွှေ" ဟု မြန်မာစာလုံးဖြင့် ဖော်ပြထားသည်။

ငါးမူးသားရွှေဒင်္ဂါးဝယ်ယူသည့်အခါ ရွှေဒင်္ဂါးပြားနှင့်အတူ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် သွန်းလောင်းသည့်ဌာနအကြီးအကဲတို့၏ မှန်ကန်ကြောင်းထောက်ခံချက်များ တစ်ပေါင်းတည်းပါရှိမည် ဖြစ်သည်။

ငါးမူးသားရွှေဒင်္ဂါးပြားကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ အရောင်းဆိုင်များ (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး) တွင် နေ့စဉ်ပေါက်ဈေးအပေါ် အလျော့တွက်နှင့် ကုန်ကျစရိတ် ကျပ် ၂၅၀၀၀/- ထပ်ပေါင်းသည့် ဈေးနှုန်းဖြင့်၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ ပထမရက်သတ္တပတ်မှ စတင်၍ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုင်းတောကြီးတံတားပြုပြင်ဆောင်ရွက်နေစဉ် မော်တော်ယာဉ်ဖြတ်သန်းသွားလာခွင့် ခေတ္တပိတ်မည်

**ဘိုကလေး နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် လမ်းအမှတ်(၅) ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိ လမ်းမိုင်(၄/၇)ရှိ ကိုင်းတောကြီးတံတားအား တံတားအထူးအဖွဲ့(၁၆)မှ ပြင်ဆင်ဆောင်ရွက်မည်ဖြစ်သဖြင့် ပြင်ဆင်ဆောင်ရွက်နေစဉ်ကာလအတွင်း မော်တော်ယာဉ်ဖြတ်သန်းသွားလာခွင့် ခေတ္တပိတ်မည်ဖြစ်သည်။

ပြင်ဆင်ဆောင်ရွက်မည့်ကာလမှာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ တစ်လကြာမြင့်မည်ဖြစ်ကြောင်း၊ ပြင်ဆင်ဆောင်ရွက်နေချိန်တွင် အန္တရာယ်ကင်းရှင်းစွာဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းအောင်မြင်ရေးအတွက် မော်တော်ယာဉ်သွားလာခြင်း ခေတ္တကန့်သတ်ရခြင်းဖြစ်ကြောင်း၊ ပြင်ဆင်ဆောင်ရွက်မှုမှာ ယခုလက်ရှိ သစ်သားကြမ်းခင်းကို အစားထိုးလဲလှယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

**■ ကျောဖုံးမှ**

သောကြောင့် ခြေစစ်ပွဲအောင်မြင်ရန် ခက်ခဲသွားပြီဖြစ်သည်။

**အဖွင့်ဂိုးသွင်းယူ**

မြန်မာ ယူ-၁၉ အသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက တရုတ်အသင်းကို အပြန်အလှန် ကစားနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ပွဲအစ ၉ မိနစ်တွင် နောက်ခံလူ စည်သူမိုးခန့်၏ အမှားမှ တစ်ဆင့် တိုက်စစ်မှူး လီကျူဂျန်က တရုတ်အသင်းအတွက် အဖွင့်ဂိုး သွင်းယူခဲ့သည်။

**ဂိုးသွင်းခွင့်ရရှိ**

ယင်းနောက်ပိုင်းတွင် မြန်မာအသင်းချေပဂိုးရရန် တိုက်စစ်မြှင့်လာသလို ဂိုးသွင်းခွင့်များလည်း ပြန်လည်ရရှိခဲ့သည်။ မြန်မာအသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေးများကို ဟိန်းထက်အောင်နှင့် ခွန်ကျော်ဇင်ဟိန်းတို့ အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။

မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ပြည့်စုံနိုင်ကို ထည့်၍ တိုက်စစ်မြှင့်ခဲ့ပြီး အခွင့်အရေးများလည်း ထပ်မံရရှိခဲ့သော်လည်း အသုံးမချနိုင်သောကြောင့် တရုတ်အသင်းက နောက်ထပ် အနိုင်ဂိုးသွင်းယူကာ ပွဲဦးထွက် သုံးမှတ်အပြည့် ရယူခဲ့သည်။ တရုတ်အသင်းအတွက် ဒုတိယဂိုးကို ၆၇ မိနစ်တွင် ကွမ်လောင်က သွင်းယူခဲ့သည်။

**နိုဝင်ဘာ ၈ ရက် ဆက်လက်ကျင်းပ**

အုပ်စု (I) အခြားပွဲတွင် တောင်ကိုရီးယားအသင်းက စင်ကာပူအသင်းကို ၁၁ ဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရခဲ့သည်။ ဒုတိယနေ့ကို နိုဝင်ဘာ ၈ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် စင်ကာပူအသင်းနှင့် တရုတ်အသင်း၊ ညနေ ၆ နာရီတွင် မြန်မာအသင်းနှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ချန်ပီယံလိဂ်အုပ်စု ပွဲစဉ်(၄) လီဗာပူးတို့ ဂျန့်ခ်ကို အနိုင်ယူပြီး အုပ်စု၌ဦးဆောင်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၃၂ သင်းအဆင့် အုပ်စုပွဲစဉ်(၄) ပထမနေ့ ပွဲစဉ်များကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(င)မှ အန်ဖီးလ်ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် လီဗာပူးနှင့် ဘယ်လ်ဂျီယံကလပ် ဂျန့်ခ်ပွဲစဉ်တွင် နှစ်ဂိုး - တစ်ဂိုးဖြင့် လီဗာပူးအသင်းအနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ် ပထမပိုင်း ၁၄ မိနစ်တွင် ဝီဂျေနယ်ဒမ်က လီဗာပူးအတွက် ဦးဆောင် ဂိုးသွင်းယူခဲ့ပြီး ၄၁ မိနစ်တွင် တိုက်စစ်မှူး ဆမ်မာတာက ဂျန့်ခ်အတွက် ချေပဂိုးကို ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်း ၅၃ မိနစ်တွင် လီဗာပူးအတွက် အနိုင်ဂိုးကို ဆာလက် ဖန်တီးမှုမှတစ်ဆင့် ချမ်ဘာလိန်းက သွင်းယူခဲ့သည်။

ယနေ့ပွဲအနိုင်ရရှိသည့် လီဗာပူးအသင်းသည် ပွဲပေါင်းစုံ အိမ်ကွင်း ၂၄ ပွဲဆက် ရှုံးပွဲမရှိ ရပ်တည်နေသည်။ အုပ်စု(င)ပွဲစဉ် တစ်ပွဲဖြစ်သော နာပိုလီနှင့် ဆာ့လ်ဘတ်ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ယင်းအုပ်စုတွင် လေးပွဲယှဉ်ပြိုင်အပြီး လီဗာပူးက ရမှတ် ကိုးမှတ်ဖြင့် ဇယားထိပ်တွင် ဦးဆောင်နေပြီး နာပိုလီက ရှစ်မှတ်၊ ဆာ့လ်ဘတ်က လေးမှတ်နှင့် ဂျန့်ခ်က တစ်မှတ်သာ ရရှိထားသည်။

အုပ်စု (စ)တွင် ဘာစီလိုနာနှင့် ဆလားဗီးယားပရက်မှာ ဂိုးမရှိသရေကျခဲ့ပြီး ဒေါ့မွန်က အင်တာကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းအုပ်စုတွင် ဘာစီလိုနာက ရှစ်မှတ်၊ ဒေါ့မွန်က ခုနစ်မှတ်၊ အင်တာက လေးမှတ်နှင့် ဆလားဗီးယားပရက်က နှစ်မှတ်ရရှိထားသည်။

အုပ်စု (ဆ)တွင် လိုက်ပ်ဇစ်က ဇင်းနစ်ကို နှစ်ဂိုး-ဂိုးမရှိနှင့် လိုင်ယွန်က ဘင်ဖီကာကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းအုပ်စုတွင် လိုက်ပ်ဇစ်က ကိုးမှတ်၊ လိုင်ယွန်က ခုနစ်မှတ်၊ ဇင်းနစ်က လေးမှတ်နှင့် ဘင်ဖီကာက သုံးမှတ် ရရှိထားသည်။

အုပ်စု(ဇ) တွင် ချယ်လ်ဆီးနှင့် အိုင်းယက်စ်မှာ တစ်ဖက်လေးဂိုးစီ သရေကျခဲ့ပြီး ဗလင်စီယာက လိုင်လီကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်း အုပ်စုတွင် အိုင်းယက်စ်၊ ချယ်လ်ဆီး နှင့် ဗလင်စီယာမှာ ရမှတ် ခုနစ်မှတ်စီ တူညီနေပြီး ဂိုးကွာခြားချက်ဖြင့် ဦးဆောင်နေကာ လိုင်လီက တစ်မှတ်သာ ရရှိထားသည်။



လီဗာပူးအတွက် ဒုတိယဂိုးကို တိုက်စစ်မှူး ချမ်ဘာလိန်း သွင်းယူစဉ်။

**သီဟ**

# ဒီးမော့ဆို၊ လွိုင်လင်၊ မိုင်းကိုင်၊ နမ့်စန်နှင့် လဲချားမြို့နယ်တို့၌ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဘိန်းစိုက်ခင်း ၂၉ ကေခန့် ဖျက်ဆီး



**နေပြည်တော် နိုဝင်ဘာ ၆**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးသန်း ဦးစီးသည့် ပူးပေါင်းအဖွဲ့က နိုဝင်ဘာ ၅ ရက်တွင် ဒီးမော့ဆိုမြို့နယ် ဆောင်ဒူကျေးရွာ၏ မြောက်ဘက် သုံးမိုင်ခန့်အကွာ၌ အမြင့်ပေ ရှစ်လက်မခန့် ဘိန်းပင်ပေါက်စိုက်ခင်း တစ်ကေခန့်ကို ဖျက်ဆီးခဲ့သည်။

အလားတူ နိုဝင်ဘာ ၅ ရက်တွင် လွိုင်လင်မြို့နယ် ထန်းဖြားကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့် အကွာ၌ အမြင့် နှစ်ပေခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း တစ်ကေခန့်၊ ကျူနိမ့်ကျေးရွာ၏ မြောက်ဘက် တစ်ဖာလုံခန့် အကွာ၌ အမြင့် တစ်ပေခွဲခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ငါးကေခန့်နှင့် ကျိုင်းခမ်းကျေးရွာ၏ အနောက်တောင်ဘက် တစ်မိုင်ခွဲခန့်အကွာ၌ အမြင့် တစ်ပေခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း လေးကေခန့်ကို လည်းကောင်း။

မိုင်းကိုင်မြို့နယ် ဝမ်တုံကျေးရွာအနီး၌ အမြင့် နှစ်လက်မခန့် ဘိန်းပင်ပေါက်စိုက်ခင်း သုံးကေခန့်၊ ကောင်းဖယ်ကျေးရွာ၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့် အကွာနှင့် နောင်ဟွယ်ကျေးရွာ၏ အနောက်တောင်ဘက် လေးမိုင်ခန့်အကွာတို့ရှိ အမြင့် ရှစ်လက်မမှ သုံးပေခန့် ဘိန်းစိုက်ခင်း လေးကေခန့်ကို လည်းကောင်း။

နမ့်စန်မြို့နယ် တွန်ကျိုင်းကျေးရွာ၏ အနောက်တောင်ဘက် ရှစ်မိုင်ခန့်အကွာ၌ အမြင့် တစ်ပေခွဲခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၀ ကေခန့်ကို လည်းကောင်း၊ လဲချားမြို့နယ် ပါနော်ကျေးရွာ၏ အနောက်တောင်ဘက်၌ အမြင့်ပေ ငါးလက်မခန့် ဘိန်းပင်ပေါက်စိုက်ခင်း တစ်ကေခန့်ကို လည်းကောင်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့များက ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

## မြန်မာ့ရုပ်မြင်သံကြား

၇-၁၁-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ – Breakfast News
၈:၃၅ – "ဦးတိုးအောင် အငြိမ်းစား ကုလသမဂ္ဂအရာထမ်း UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံမေးမြန်းခန်း"
၈:၄၅ – ပြည်သူ့အကျိုးပြုမှတ်တိုင်များ "ရန်ကုန်မြို့တော်တစ်ခွင် (AMI လျှပ်စစ်)"
၉:၃၀ – လုပစုံလင် အာဆီယံတစ်ခွင်
၁၀:၄၀ – မြန်မာနိုင်ငံ၏ ငလျင်ဇုန်များပြမြေပုံ
၁၀:၄၅ – အလုပ်သမားရေးရာအစီအစဉ်
၁၁:၃၀ – ဘဝထဲက ဝတ္ထု၊ ဝတ္ထုထဲကဘဝ "မာတာမိခင်၏ ချစ်ရေစင်"
၁၂:၃၀ – "အယ်လ်ဟာဂျ် ဦးအေးလွင် ဦးဆောင်ဆော်ဩရေးမှူး အစ္စလာမ်ဓမ္မဗိမာန်နှင့် တွေ့ဆုံမေးမြန်းခန်း"
၁၅:၀၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "ယောကျ်ားတံခွန်" (တရုတ်နှင့်မြန်မာ)(အပိုင်း-၆)

**ညပိုင်း**

၁၆:၂၅ – "ဒေါက်တာအဲ(န်)နာရွှေလွမ်း (ချင်းလူနည်းစု) (ဗိုဖေး) ချင်းမျိုးနွယ်စုဝင်နှင့် တွေ့ဆုံမေးမြန်းခန်း"
၁၇:၀၅ – "ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင် UEHRD ညှိနှိုင်းရေးမှူးချုပ်နှင့် တွေ့ဆုံခြင်း" (အပိုင်း-၂)
၁၇:၁၅ – NHK အစီအစဉ် "Project X: Innovators" (လက်မှတ်စစ်သည့် လျှပ်စစ်စက်အမြောက်အမြား ဖြတ်သန်းနိုင်ရန် ပြောင်းလဲခြင်း)(ဒုတိယပိုင်း)
၁၈:၂၀ – "ဒေါက်တာ ရှောင်တန်နယ်(လ်) (စီးပွားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်း)" (အပိုင်း – ၁)
၁၈:၃၅ – မျက်မှောက်ရေးရာအဖြာဖြာ
၁၉:၂၀ – "ဒေါက်တာ ရှောင်တန်နယ်(လ်) (စီးပွားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်း)" (အပိုင်း – ၂)
၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၅ – ကမ္ဘာ့အမွေအနှစ်ဆီအရောက် လှမ်းမည်... မြောက်ဦးသမိုင်း တစ်ခေတ်တည်
– သမိုင်းကိုဖော်ပြသော ဝါကျများ "ဘီသိက်ဆရာကြီး ဒဂုဏ်လှိုင်နှင့် တွေ့ဆုံခြင်း"

## ပဲခူး၌ ကလေးငယ်အလောင်း စွန့်ပစ်သည့် အမှုအားစစ်ဆေးရာ လူသတ်မှုပေါ်ပေါက်

**ပဲခူး နိုဝင်ဘာ ၆**

ပဲခူးမြို့ ဇိုင်းတောင်ရပ်ကွက် အုတ်ကျင်းပိုင်း မီးရထားသံလမ်းဘေးရှိ ကိုင်းတောထဲတွင် အောက်တိုဘာ ၁၁ ရက် ည ၉ နာရီခွဲက ကလေးအလောင်း လာရောက်စွန့်ပစ်သူများကို ပဲခူးမြို့ အမှတ်(၂)နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အဆိုပါကလေးအလောင်းမှာ အသက်တစ်လ ရှစ်ရက်ခန့်ရှိ ယောကျ်ားလေးတစ်ဦးဖြစ်ပြီး လာရောက်စွန့်ပစ်သူများမှာ ကလေး၏မိဘများဖြစ်သည့် ပဲခူးမြို့ ပြင်စည်ရပ်ကွက် ဆည်မြောင်းလမ်းနေသူ ကိုသက်လင်း (၂၁ နှစ်)နှင့် မဇင်မာအေး (၂၀ နှစ်)တို့ဖြစ်ကြောင်း၊ ကလေးငယ်အလောင်းကို ဇိုင်းတောင်ရပ်ကွက် အုတ်ကျင်းပိုင်း ရန်ကုန်-မန္တလေးမီးရထားလမ်း ကြေးနန်းမိုင်တိုင်အမှတ် (၅၂ နှင့် ၅၃) အကြားတွင် သွားရောက်စွန့်ပစ်ခဲ့ခြင်း ဖြစ်ကြောင်းထွက်ဆိုသဖြင့် ၎င်းတို့နှစ်ဦးကို ပဲခူးမြို့ အမှတ်(၂)နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးခဲ့သည်။

အဆိုပါ ကလေးအလောင်းအား ရဲဆေးစာဖြင့် ပဲခူးဆေးရုံကြီးသို့ပို့အပ်ပြီး ဆေးစာတောင်းခံခဲ့ရာ ကလေး၏ဦးခေါင်းတွင် ရရှိသောဒဏ်ရာကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း နိုဝင်ဘာ ၅ ရက်တွင် မှုခင်းဆရာဝန် (ပဲခူးဆေးရုံကြီး)က အကြောင်းပြန်ကြားသဖြင့် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးရာ ကိုသက်လင်းက အရက်သောက်နေစဉ် ကလေးငိုသဖြင့် ကလေးဦးခေါင်းကို ကိုင်၍ ကြမ်းခင်းနှင့် ကိုင်ဆောင့်ပြီးလွှင့်ပစ်ရာ ကလေးမှာ သစ်သားတိုင်နှင့်ဆောင့်မိကာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် ကလေးအလောင်းကို ကိုသက်လင်းနှင့် မဇင်မာအေးတို့က သွားရောက် စွန့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့နှစ်ဦးကို ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

တင်စိုး(ပဲခူး)

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)ရှိ ပုံနှိပ်စက်ရုံဟောင်းသို့ သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးခိုးယူသူများ ဖမ်းမိ

**ရန်ကုန် နိုဝင်ဘာ ၆**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၁၃) ရပ်ကွက် ပန်းတဉ်းဝန် ဦးရွှေဘင်လမ်း ခြံအမှတ်(၁၃၀)ရှိ ပုံနှိပ်စက်ရုံဟောင်းသို့ သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများ ပျောက်ဆုံးမှုမှ ပြစ်မှုကျူးလွန်သူများကို နိုဝင်ဘာ ၄ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။

ဩဂုတ်လ တတိယပတ်က အဆိုပါပုံနှိပ်စက်ရုံသို့ သွယ်တန်းထားသော ကေဘယ်ဝိုင်ယာကြိုးများနှင့် စက်ပစ္စည်းများ (တန်ဖိုး ငွေကျပ် ၇၅၂၅၅၉၇၀) ခိုးယူခံခဲ့ရသဖြင့် ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်အရေးယူပေးရန် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့မရဲစခန်းသို့ လာရောက်တိုင်တန်းသဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးခဲ့ခြင်း ဖြစ်သည်။ ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ခိုးမှုကျူးလွန်တတ်သူ၊ မသင်္ကာသူများအား စုံစမ်းရှာဖွေစဉ် နိုဝင်ဘာ ၄ ရက်က စက်မှုဇုန် (၁၁၃) ရပ်ကွက်တွင် လူငယ်သုံးဦးကို ကေဘယ်ကြိုးများနှင့်အတူ တွေ့ရှိ၍ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့သည် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၁၁၈)ရပ်ကွက်(ကျူး)တွင် နေထိုင်သူ စိုးသက်ပိုင်၊ ဝေဝေဖြိုးနှင့် အောင်တေဇာကျော်တို့ဖြစ်ပြီး စက်မှုဇုန်အတွင်းရှိ အစောင့်မရှိသော အဆိုပါ ပုံနှိပ်စက်ရုံမှ ကေဘယ်ဝိုင်ယာကြိုးများ ဖြတ်တောက်ခိုးယူလာကြောင်း ပေါ်ပေါက်သဖြင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုရဲ




## အောင်မြေသာစံမြို့နယ်အတွင်း ပိုက်ဆံအိတ်လုယူသူအား ဖမ်းဆီးရမိ

**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်း ၃၃ လမ်းတွင် အမျိုးသမီးတစ်ဦးထံမှ ပိုက်ဆံအိတ် လုယူသူအား ဖမ်းဆီးရမိကြောင်း သိရသည်။

အောက်တိုဘာလနောက်ဆုံးပတ်က မန္တလေးမြို့ ၃၃ လမ်းအတိုင်း မလှိုင်မာစန်း (၂၅ နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်အား ၈၅ လမ်းနှင့် ၈၆ လမ်းကြားတွင် အံ့မော်ဟိန်း (၂၂ နှစ်) က ဆိုင်ကယ်ဖြင့်လိုက်လာကာ မလှိုင်မာစန်း၏ ဆိုင်ကယ်ရှေ့ခြင်း၌ထည့်ထားသည့် ပိုက်ဆံအိတ်ပါ လက်ဆွဲခြင်းအား လုယူထွက်ပြေးသွားခဲ့သည်။

အဆိုပါ ပြစ်မှုကျူးလွန်သူအား မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲအုပ် မျိုးကျော်သူနှင့် အမှတ် (၆) နယ်မြေရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် သက်မင်းဦး ဦးစီးအဖွဲ့က လိုက်လံဖမ်းဆီးခဲ့ရာ ၃၅ လမ်း ၈၉ လမ်းနှင့် ဒေးဝန်းလမ်းမကြီးထောင့်တွင် ဖမ်းဆီးရမိခဲ့သည်။ အဆိုပါဖမ်းဆီးရမိသူ စိန်ပန်းရပ်ကွက်နေသူ အံ့မော်ဟိန်းကို အမှတ် (၆) နယ်မြေရဲစခန်းက ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)




အံ့မော်ဟိန်းကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

## ကလော၌ ဘိန်းဆီခဲများ သိမ်းဆည်းရမိ

**ကလော နိုဝင်ဘာ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ပင်လောင်း – အောင်ပန်းလမ်း ဘော်နင်းကုန်းကျေးရွာအနီးတွင် နိုဝင်ဘာ ၅ ရက် ညနေ ၄ နာရီခန့်က ဘိန်းဆီခဲ ၉၀ ဂရမ်ခန့်ကို သယ်ဆောင်လာသူနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ ရဲအုပ် စိုးနိုင် ဦးစီးတပ်ဖွဲ့ဝင်များနှင့် ကလောမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် ဆန်းလွင် ဦးစီးအဖွဲ့နှင့် ပူးပေါင်း၍ ကလောမြို့နယ် ဘော်နင်းကုန်းကျေးရွာအနီး ပင်လောင်းမှ ကလောဘက်သို့ ဝင်းခန့်မိုး(ခ)ဝင်းခန့် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဘိန်းဆီခဲ ၉၀ ဂရမ်ခန့်ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ တောင်ကြီးမြို့ စိန်ပန်းရပ်ကွက် နယ်မြေ(၂)နေ ဝင်းခန့် (၂၀ နှစ်)ကို အရေးယူထားကြောင်း ကလောမြို့မရဲစခန်းမှ သိရသည်။

မြို့နယ် (ပြန်/ဆက်)



## ထိုင်းနိုင်ငံတောင်ပိုင်းတွင် စစ်သွေးကြွများတိုက်ခိုက်မှုကြောင့် ၁၅ ဦးထက်မနည်းသေဆုံး

**ဗန်ကောက် နိုဝင်ဘာ ၆**

ထိုင်းနိုင်ငံ တောင်ပိုင်းတွင် စစ်သွေးကြွများက ချုံခို တိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ ၁၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက နိုဝင်ဘာ ၆ ရက်တွင် ပြောကြားခဲ့သည်။ ၁၅ နှစ်တာ မတည်မငြိမ်ဖြစ်နေသည့်နေရာတွင် ပထမဆုံး သွေးထွက်သံယိုမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံတောင်ပိုင်းပြည်နယ်သုံးခုတွင် ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ယခုအချိန်အထိ လူပေါင်း ၇၀၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။ ယင်းဒေသတွင် မလေး – မွတ်စလင် စစ်သွေးကြွများက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရန် တိုက်ပွဲဝင်လျက်ရှိသည်။

ဒေသတွင်း သေဆုံးသည့် ပမာဏ မြင့်မားနေသည့်တိုင် နိုင်ငံတကာသတင်းခေါင်းများတွင် ဖော်ပြမှု နည်းပါးနေသေးကြောင်း သိရသည်။



တိုက်ခိုက်မှုပြုလုပ်သွားသည့်နေရာတွင် ဗုံးရှင်းလင်းရေးအဖွဲ့များက စစ်ဆေးကြည့်ရှုနေစဉ်။

အဆိုပါဒေသအား ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်က ထိန်းချုပ်နေရသည်။ ဒေသခံများနှင့် လက်ယာနိုင်ငံရေးအုပ်စုများက ၎င်းတို့၏ ထိန်းချုပ်မှုများနှင့် ပတ်သက်၍ ဝေဖန်ပြစ်တင်ခဲ့သည်။

ယင်းဒေသတွင် လုံခြုံရေးတပ်ဖွဲ့များက လေ့ကျင့်ပေးထားသော ရွာသားများလည်း စစ်မှုထမ်းကြရသည်။ ၎င်းတို့သည် တစ်ခါတစ်ရံ သူပုန်များ၏ ပစ်မှတ်ဖြစ်လာခဲ့သည်။

ယင်းတိုက်ခိုက်မှုတွင် အခင်းဖြစ်ပွားရာနေရာ၌ ပွဲချင်းပြီး ၁၂ ဦး သေဆုံးခဲ့ပြီး ဆေးရုံတွင် နှစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်းနှင့် ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ပရာမုတ်က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ဟန်ဂေရီနိုင်ငံ၌ ဖိုက်ဂျီကွန်ရက်ကို ဟွာဝေးကုမ္ပဏီနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်မည်

**ဘူဒါပတ် နိုဝင်ဘာ ၆**

ဟန်ဂေရီနိုင်ငံ၌ ဖိုက်ဂျီကွန်ရက် ထူထောင်ရန်အတွက် တရုတ်ဆက်သွယ်ရေးနည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဟွာဝေးကုမ္ပဏီနှင့် ပူးပေါင်းကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ပီစီဂျာတို့၏ ကြေညာချက်ကို ဟန်ဂေရီသတင်းအေဂျင်စီ အမ်တီအိုင်က ဖော်ပြခဲ့သည်။

ဟန်ဂေရီနိုင်ငံသည် မည်သည့် ကုမ္ပဏီအပေါ်ဖြစ်စေ လူမျိုးရေးဆိုင်ရာ အခြေခံသည့် ခွဲခြားဆက်ဆံမှုမျိုးမရှိကြောင်း၊ ဟန်ဂေရီနှင့် စီးပွားဘက်ဖြစ်လာစေရန် ဒေသဆိုင်ရာ စည်းကမ်းဥပဒေများကို လိုက်နာခြင်းသည်သာ တစ်ခုတည်းသော သတ်မှတ်ချက်အနေဖြင့်ရှိကြောင်း ရှန်ဟိုင်းမြို့တွင်ကျင်းပသည့် ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်၌ ဝန်ကြီးပီတာဆီဂျာတိုက ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံအတွင်း ဖိုက်ဂျီကွန်ရက် တည်ဆောက်ရာတွင် ဟွာဝေးကုမ္ပဏီ သည် Vodafone၊ Deutsche နှင့် Telecom ကုမ္ပဏီတို့နှင့်အတူတကွ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ဟန်ဂေရီနိုင်ငံသည် ဒီဂျစ်တယ်စနစ်အသုံးပြုမှုတွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း ရှေ့ဆုံးမှဦးဆောင်နေပြီး အစိုးရက ကုန်ကျစရိတ်များကို လျှော့ချနေချိန်တွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို တံခါးဖွင့်ကြိုဆိုခြင်းဖြင့် e-commerce ဖွံ့ဖြိုးတိုးတက်စေရန် အထူးအလေးထားလျက်ရှိကြောင်း နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ပီစီဂျာတိုက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ရှုယီဂျီရဲတိုက် မီးလောင်မှုမှာ လျှပ်စစ်ပိုင်းဆိုင်ရာ ပြစ်ချက်ကြောင့်ဟုဆို

**တိုကျို နိုဝင်ဘာ ၆**

လွန်ခဲ့သည့် သီတင်းပတ်အတွင်း ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါရှိ ရှုယီဂျီရဲတိုက် မီးလောင်မှုမှာ လျှပ်စစ်ပိုင်းဆိုင်ရာ ပြစ်ချက်ကြောင့်ဟု ရဲများနှင့်မီးသတ်အာဏာပိုင်များက သံသယရှိသည်။

အဆိုပါ မီးကြောင့် သမိုင်းဝင်ယဉ်ကျေးမှုနေရာများ ပျက်စီးသွားရသည်။

အောက်တိုဘာ ၃၁ ရက်က လောင်ခဲ့သည့်မီးကြောင့် ရဲတိုက်၏ အဓိကခန်းမကြီး ပျက်စီးသွားခဲ့ရသည်။

အဓိကခန်းမကြီးတွင် တပ်ဆင်ထားသည့် ကင်မရာခုနစ်လုံးမှာ ဖျတ်ခနဲ မီးလင်းသည့် အလင်းရောင်များ မှတ်တမ်းတင်မိသည်ဟု သတင်းအရင်းအမြစ်များက ပြောသည်။

ထို့နောက် ကင်မရာများမှာ ဓာတ်အားပြတ်တောက်မှုဖြစ်သွားပြီး နောက်ထပ်ပုံရိပ်များ ဖမ်းယူ၍ မရတော့ဟု ပြောကြသည်။

ရဲများနှင့် မီးသတ်အာဏာပိုင်များက မီးလောင်မှုအပြီး နောက်တစ်နေ့တွင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရာ၌ လျှပ်စစ်ဓာတ်အားဖြန့်ဝေသည့်ပစ္စည်းမှာ မီးကျွမ်းနေကြောင်း တွေ့ရှိရသည်။

အဆိုပါ ပစ္စည်းတွင် လျှပ်စီးပတ်လမ်းပြတ်တောက်မှုများ ပြသနေသည်ကို တွေ့ရသည်ဟု ပြောသည်။

**အင်န်အိတ်ချ်ကေ**

## တရုတ်ကုန်စည်များအပေါ် ကုန်သွယ်ခွန်တိုးမြှင့်ကောက်ခံနေမှု တစ်စိတ်တစ်ပိုင်းကို အမေရိကန်ဖယ်ရှားပေးဖွယ်ရှိ

ဝါရှင်တန် နိုဝင်ဘာ ၆

**တရုတ်ကုန်စည်များအပေါ် ကောက်ခံနေသည့် ကုန်သွယ်ခွန်တစ်စိတ်တစ်ပိုင်းကို ဖယ်ရှားရန် အမေရိကန်က စဉ်းစားလျက်ရှိကြောင်း သတင်းမီဒီယာများတွင်ဖော်ပြသည်။**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်။

အကယ်၍သာ ကုန်သွယ်ခွန် တစ်စိတ်တစ်ပိုင်းကိုဖယ်ရှားပေးခဲ့ပါက ပြီးခဲ့သည့်နွေရာသီမှစတင်ကာ တရုတ်ကုန်ပစ္စည်းများအပေါ် အမေရိကန်က ကုန်သွယ်ခွန် ထပ်ဆောင်းကောက်ခံမှုပြုလုပ်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ဖယ်ရှားပေးမှုဖြစ်လာမည်ဖြစ်သည်။

ဖိုင်နန်ရှယ်တိုင်းမ်သတင်းစာက သမ္မတထရမ့်အစိုးရသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ချမှတ်ခဲ့သည့် ထပ်ဆောင်းကုန်သွယ်ခွန် ၁၅ ရာခိုင်နှုန်းကို ပြန်လည်လျှော့ချပေးရန် သင့်မသင့် စဉ်းစားလျက်ရှိကြောင်း သတင်းဖော်ပြခဲ့သည်။ ကုန်သွယ်ခွန်တစ်စိတ်တစ်ပိုင်း ဖယ်ရှားပေးမှုအတွက် အပြန်အလှန်အနေဖြင့် တရုတ်အစိုးရက ပြီးခဲ့သည့်လအတွင်း ဆွေးနွေးညှိနှိုင်းမှုတွင် ပေးအပ်ခဲ့သည့် ကတိကဝတ်ကို အကောင်အထည်ဖော်ဆောင်ပေးမည်ဟု အမေရိကန်ဘက်မှ မျှော်လင့်ကြောင်း ဖော်ပြခဲ့သည်။

ဆွေးနွေးပွဲအတွင်း အမေရိကန်၏ လယ်ယာထွက်ကုန်များကို ပိုမိုဝယ်ယူရန်နှင့် အမေရိကန်၏ ဉာဏဆိုင်ရာမူပိုင်ခွင့် ချိုးဖောက်ခံရမှုကိစ္စအပေါ် ပြန်လည်စဉ်းစားသုံးသပ်ရန် တရုတ်အရာရှိများက သဘောတူခဲ့သည်။ တရုတ်နိုင်ငံနှင့် အမေရိကန်တို့သည် နှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ် တစ်ရပ်ကို လက်မှတ်ရေးထိုးရန်အတွက် ယခုလတွင် ထိပ်သီးအစည်းအဝေး ကျင်းပရေး ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ နှစ်နိုင်ငံ လက်မှတ်ရေးထိုးမည့် သဘောတူစာချုပ်သည် အမေရိကန်–တရုတ်ကုန်သွယ်ရေး၏ ၆၀ ရာခိုင်နှုန်း အကျုံးဝင်သည့် ပထမအဆင့် ဖြစ်လာမည်ဟု သမ္မတထရမ့်က ဆိုထားသည်။ **အင်န်အိတ်ချ်ကေ**

## ဟောင်ကောင်ဥပဒေပြုရေးကောင်စီအဖွဲ့ဝင် ဂျူးနီးယက်ဟို ဓားထိုးခံရ



ဟောင်ကောင်ဥပဒေပြုရေးကောင်စီအဖွဲ့ဝင် ဂျူးနီးယက်ဟို။

**ဟောင်ကောင် နိုဝင်ဘာ ၆**

ဟောင်ကောင်ဥပဒေပြုရေးကောင်စီတွင် အဖွဲ့ဝင်ဖြစ်သည့် ဂျူးနီးယက်ဟိုသည် နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက တိုက်ခိုက်ခံရပြီး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ၎င်းကို ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း အသက်ရှင်လျက်ရှိသေးကြောင်း နိုင်ငံတကာသတင်းများတွင် ဖော်ပြသည်။

တရုတ်ပြည်မကြီးနှင့်ထိစပ်လျက်ရှိသည့် နယ်စပ်အနီးရှိ မဲဆန္ဒနယ်တွင် နိုဝင်ဘာ ၂၄ ရက်အတွက် မဲဆွယ်စည်းရုံးရေးဆင်းနေစဉ် ပန်းစည်းကိုင်ဆောင်လာသောလူတစ်ဦးက သူ့အနားချဉ်းကပ်လာခဲ့ပုံကို ရုပ်သံဖိုင်တွင် ပြသထားသည်။ အဆိုပါ ပန်းစည်းကိုင်ဆောင်လာသောလူက အနီးသို့ရောက်ရှိသောအခါ အိတ်အတွင်း သိုဝှက်ယူဆောင်လာသည့် ဓားဖြင့် ဟို၏ ရင်ဘတ်အားထိုးလိုက်ကြောင်း သိရသည်။

အစိုးရဆန့်ကျင်ဆန္ဒပြမှုများ လချီကြာပြုလုပ်နေသည့်အတွင်း ဒီမိုကရေစီလိုလားသူများနှင့် အမတ်လောင်းများကို တိုက်ခိုက်မှုများ မြင့်မားလာခဲ့သည်။

ဟောင်ကောင်အစိုးရက ဟိုကိုတိုက်ခိုက်ခဲ့မှုအား ရှုတ်ချသည့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ကြေညာချက်တွင် မိမိတို့၏ ထင်မြင်ယူဆချက်များကို ငြိမ်းချမ်းစွာဖော်ပြဖို့ တိုက်တွန်းထားပြီး မည်သည့်အကြမ်းဖက်တိုက်ခိုက်မှုမျှ အရေးမယူ ခွင့်လွှတ်ပေးမည်မဟုတ်ကြောင်း ဖော်ပြထားသည်။

**အေအက်ဖ်ပီ**

# ပါရီ ရာသီဥတု သဘောတူညီမှုကနေ အမေရိကန် လက်ပြန်ရုတ်ဆက်တော့မည့်အချိန်

ခြူးစန္ဒီနွေး

အမေရိကန်ပြည်ထောင်စုကတော့ ပါရီသဘောတူညီမှုကနေ နုတ်ထွက်မယ့် အစီအစဉ်ကို ကုလသမဂ္ဂကို တရားဝင်အကြောင်းကြားလာခဲ့ပါပြီ။ တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု သဘောတူညီမှုကနေ နုတ်ထွက်ဖို့အတွက် တစ်နှစ်ကြာလုပ်ငန်းစဉ်တွေကို အစပြုဖို့ ကုလသမဂ္ဂကို အကြောင်းကြားမှု ပြုလုပ်ခဲ့တာပဲ ဖြစ်ပါတယ်။

## မျှတမှုမရှိတဲ့သဘောတူညီမှုဟုဆို

၂၀၂၀ ပြည့်နှစ် အမေရိကန်ရွေးကောက်ပွဲပြီးတဲ့နောက်မှာ နုတ်ထွက်တဲ့ လုပ်ငန်းစဉ်ဟာလည်း ပြီးဆုံးသွားမှာ ဖြစ်ပါတယ်။ ပါရီ သဘောတူညီမှုဆိုတာကတော့ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်မယ်ဆိုပြီး နိုင်ငံပေါင်း ၁၈၈ နိုင်ငံ ပါဝင်ခဲ့တဲ့ သဘောတူညီမှုလည်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့လအတွင်းက ပါရီသဘောတူညီမှုကနေနုတ်ထွက်ဖို့ လုပ်ငန်းစဉ်အကြောင်းကြေညာပြီးတဲ့နောက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ဒီသဘောတူညီချက်ဟာ မျှတမှုမရှိတဲ့အကြောင်း၊ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးအပေါ် မညီမျှတဲ့ဝန်ထုပ်ဝန်ပိုးကို ထမ်းခိုင်းတယ်ဆိုပြီး ပြောကြားခဲ့ပါတယ်။ ပါရီသဘောတူညီမှုအရ ပါဝင်လက်မှတ်ရေးထိုးထားတဲ့နိုင်ငံတွေဟာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချဖို့ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဆိုးရွားတဲ့ အကျိုးဆက်တွေ ခံစားနေရတဲ့ ဆင်းရဲတဲ့နိုင်ငံတွေကို အကူအညီပေးဖို့ ကတိပြုထားကြပါတယ်။

## ပါရီသဘောတူညီမှုကို ထိခိုက်နိုင်

၂၀၁၇ခုနှစ် ဇွန်လမှာတော့ ပါရီသဘောတူညီမှုကနေ အမေရိကန် နုတ်ထွက်မယ်ဆိုပြီး သမ္မတထရမ့်က သူ့ရဲ့ရည်ရွယ်ချက်ကို ပြောခဲ့ပါတယ်။ ပါရီ သဘောတူညီမှုရဲ့အောက်မှာ အမေရိကန်ရဲ့ နုတ်ထွက်မှုဟာ ၂၀၂၀ နိုဝင်ဘာမှာ စတင်အသက်ဝင်မှာဖြစ်ပြီး လက်ရှိသမ္မတ ထရမ့်ရဲ့ သမ္မတသက်တမ်းကုန်ခါနီး အချိန်လေးမှာ နုတ်ထွက်မှု အသက်ဝင်လာမှာပဲ ဖြစ်ပါတယ်။ ထရမ့်ရဲ့ ဆုံးဖြတ်ချက်ကြောင့်လည်း ဥရောပသမဂ္ဂဟာ ပါရီသဘောတူစာချုပ်ကို ဆက်လက်ထိန်းသိမ်းသွားနိုင်ဖို့ ကြိုးစားရပါတော့မယ်။ အပြည်ပြည်ဆိုင်ရာနဲ့ ဥရောပရေးရာ အင်စတီကျူကထုတ်ပြန်တဲ့ ၂၀၁၈ခုနှစ် အစီရင်ခံစာမှာတော့ ပါရီသဘောတူစာချုပ်ကနေ နုတ်ထွက်မယ်ဆိုတဲ့ ထရမ့်ရဲ့ဆုံးဖြတ် ချက်ဟာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီမှုကို ထိခိုက်သွားတယ်လို့ ဖော်ပြခဲ့ပါတယ်။

## ပြန်ဝင်ဖို့မလွယ်ကူ

ပါရီ သဘောတူညီမှုကနေ နုတ်ထွက်တဲ့ဆုံးဖြတ်ချက်ဟာ လာမယ့် ရွေးကောက်ပွဲမှာလည်းအများကြီး သက်ရောက်မှုရှိပါတယ်။ လာမယ့်ရွေးကောက်ပွဲမှာ ထရမ့်အနိုင်မရခဲ့ဘူးဆိုရင် အနိုင်ရရှိသွားသူဟာ ဒီအစီအစဉ်ကို ပြောင်းလဲကောင်း ပြောင်းလဲလိုက်နိုင်ပါတယ်။ ဒါပေမယ့်လည်း ဒီအချိန်လေးအတွင်းမှာ နုတ်ထွက်မှုကို အပြီးသတ်လုပ်ဆောင်သွားမှာကိုလည်း သိပ္ပံပညာရှင်တွေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူတွေဟာ စိုးရိမ်ကြပါတယ်။ နိုဝင်ဘာ ၄ ရက်မှာ ကုလသမဂ္ဂကို ပေးပို့ခဲ့တဲ့ စာမှာတော့ အမေရိကန်သမ္မတ ရွေးကောက်ပွဲအပြီး နောက်တစ်နေ့မှာ အမေရိကန်ကို ပါရီသဘောတူညီမှုကနေ တရားဝင်နုတ်ထွက်ခွင့်ပေးဖို့ ပါရှိပါတယ်။ သုတေသီတွေ သတိပြုမိတာကတော့ တကယ်လို့များ ၂၀၂၀ ရွေးကောက်ပွဲမှာ ဒီမိုကရက်တစ်ဘက်က သမ္မတအဖြစ် ရွေးချယ်ခံရရင်တောင် ပါရီသဘောတူညီမှုမှာ ပြန်လည်ပါဝင်ဖို့ မလွယ်ကူလောက်ဘူးဆိုတာပါပဲ။

## စွမ်းအင်ကဏ္ဍမှာအင်အားကြီးဖို့ကတိပြု

သမ္မတထရမ့်ကတော့ အမေရိကန်ကို စွမ်းအင်ကဏ္ဍမှာစူပါ ပါဝါအင်အားကြီးနိုင်ငံအဖြစ် ပြောင်းလဲဖို့ ကတိပြုထားပါတယ်။ ဒါကြောင့်လည်း သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို ဖြစ်စေတဲ့ ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မီးသွေးနဲ့ ရေနံထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချခြင်းဆိုင်ရာ ဥပဒေတွေကို ဖယ်ရှားပစ်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ သူ့အရင်သမ္မတ တာဝန်ထမ်းဆောင်ခဲ့တဲ့ အိုဘားမားရဲ့ သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေး အစီအစဉ်တွေဟာ အမေရိကန် စွမ်းအင် ကဏ္ဍအပေါ် စစ်ပြုလိုက်တာပဲလို့ ပြောဆိုခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ် ပါရီသဘောတူညီမှုကနေ နုတ်ထွက်မယ်ဆိုတဲ့ သူ့ရဲ့ဆုံးဖြတ်ချက်ကို ကြေညာပြီးတဲ့နောက် ထရမ့်က သူဟာ ပစ္စဘတ်ချ်မြို့သားအဖြစ် ရွေးကောက်ခံခဲ့ရတာဖြစ်ပြီး ပါရီမြို့သားမဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။



ပါရီသဘောတူညီချက်မှ နုတ်ထွက်မည့်အကြောင်း ကြေညာခဲ့သည့် အမေရိကန်သမ္မတ ထရမ့်။

## ညှိနှိုင်းမှုမလုပ်ဆောင်

အမေရိကန်ရဲ့အကျိုးစီးပွားကိုထိခိုက်စေတဲ့ စာချုပ်၊ သဘောတူညီမှုတွေအားလုံးကို နုတ်ထွက်တာ ဒါမှမဟုတ် ပြန်လည်ညှိနှိုင်းတာမျိုး ပြုလုပ်မယ်လို့ ကတိပြုခဲ့ပါတယ်။ ဒါပေမယ့်လည်း ထရမ့်အစိုးရအဖွဲ့ဟာ ပါရီသဘောတူညီမှုမှာတော့ ပြန်လည်ညှိနှိုင်းဖို့ ကြိုးပမ်းမှုမလုပ်ခဲ့ဘူးလို့ ပြောပါတယ်။ ကမ္ဘာလုံးဆိုင်ရာကာဗွန်ထုတ်လုပ်မှု ၁၅ ရာခိုင်နှုန်းကို အမေရိကန်က လျှော့ချရမှာဖြစ်ပြီး နည်းပညာဆိုင်ရာသာမက ဘဏ္ဍာရေးဆိုင်ရာပါ ဖွံ့ဖြိုးပြီးနိုင်ငံတွေအတွက် အပူချိန်မြင့်တက်လာမှုကို တိုက်ဖျက်တဲ့နေရာမှာ ဒါဟာ သိသာထင်ရှားတဲ့သတ်မှတ်ချက်ပါပဲ။

## တရုတ်နဲ့အိန္ဒိယတို့အင်တိုက်အားတိုက်ပါဝင်ဖို့လို

အမေရိကန်မပါဝင်တော့ဘဲ ဒီသဘောတူညီချက်ကို ရှေ့ဆက်သွားဖို့ဆိုရင် ညစ်ညမ်းမှုကို အဓိကဖြစ်စေတဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေကလည်း အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လာဖို့ လိုအပ်ပါတယ်။ အခုဆိုရင် တရုတ်နိုင်ငံဟာ ကမ္ဘာကြီးပူနွေးမှုအတွက် ညစ်ညမ်းစေသော ပစ္စည်းတွေ ထုတ်လွှတ်တဲ့ အကြီးဆုံးနိုင်ငံလည်း ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကမ္ဘာ့အပူချိန် လျှော့ချနိုင်ဖို့အတွက် ပြန်လည်လုပ်ဆောင်နိုင်စွမ်းအားကတော့ မေးခွန်းထုတ်စရာပါပဲ။ ကုလသမဂ္ဂရဲ့ စည်းမျဉ်းဥပဒေတွေအရ တရုတ်နဲ့ အိန္ဒိယတို့ဟာ ဖွံ့ဖြိုးဆဲတိုင်းပြည်တွေအဖြစ် အသိအမှတ်ပြုခံထားရပါတယ်။ ဒါကြောင့်လည်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို အဓိကလျှော့ချဖို့အတွက် တာဝန်ရှိတယ် လို့ ယူဆခြင်း မခံရပါဘူး။

## ဥရောပသမဂ္ဂရဲ့ကြိုးပမ်းမှု

ဥရောပသမဂ္ဂကတော့ ဒီသဘောတူညီမှု ဆက်လက်တည်ရှိနိုင်ရေးအတွက် ကြိုးပမ်းနေပါတယ်။ လွန်ခဲ့တဲ့နှစ်ကလည်း ဥရောပသမဂ္ဂက အဆင့်မြင့်အရာရှိကြီးများအဆင့်ဆွေးနွေးပွဲကို တရုတ်နိုင်ငံ ပေကျင်းမြို့မှာ ပြုလုပ်ခဲ့ပါတယ်။ ဥရောပသမဂ္ဂနဲ့ တရုတ်နိုင်ငံတို့ကြား ပါရီ သဘောတူညီမှုပါ ကတိပြုချက်တွေ အတည်ဖြစ်စေဖို့ ကြိုးပမ်းမှုတစ်ရပ်လည်းဖြစ်ပါတယ်။ ပါရီမြို့မှာ ဘယ်လိုအချက်တွေကို သဘောတူခဲ့ကြတာပါလဲ။ ရာသီဥတုပြောင်းလဲမှု သို့မဟုတ် ကမ္ဘာကြီးပူနွေးလာမှုဟာ စက်ရုံလုပ်ငန်းတွေက မီးခိုးငွေ့ ထုတ်လွှတ်မှုတွေ၊ စိုက်ပျိုးရေးလုပ်ငန်းရဲ့ သက်ရောက်မှုတွေကြောင့် ဖြစ်ပေါ်ရတာလည်း ဖြစ်ပါတယ်။ ပါရီသဘောတူညီချက်ကတော့ ကမ္ဘာ့အပူချိန် မြင့်တက်လာမှုကို ကန့်သတ်ဖို့ပဲ ဖြစ်ပါတယ်။ ၂၀၅၀နဲ့ ၂၁၀၀ ခုနှစ်ကြားမှာ လူတွေရဲ့ အပြုအမူကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ကန့်သတ်နိုင်ပြီး သစ်ပင်၊ မြေကြီးနဲ့ သမုဒ္ဒရာတွေကနေ သဘာဝအတိုင်း စုပ်ယူနိုင်တဲ့ ပမာဏဖြစ်ဖို့ ရည်ရွယ်ထားကြပါတယ်။ ဒီလိုပမာဏအတိုင်းဖြစ်ဖို့အတွက် တစ်နိုင်ငံချင်းစီဟာ သူတို့သတ်မှတ်ထားတဲ့အတိုင်း လျှော့ချဖို့အတွက် ငါးနှစ် တစ်ခါတိုင်းတာမှုတွေ၊ လေ့လာမှုတွေ ပြုလုပ်ပါတယ်။

## ပထမဆုံးအကြိမ်မဟုတ်

ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု သဘောတူညီမှုကနေ အမေရိကန်နုတ်ထွက်တာကတော့ အခုတစ်ကြိမ်ဟာ ပထမဦးဆုံးအကြိမ် မဟုတ်ပါဘူး။ ဒီမိုကရက်တစ်ဘက်က သမ္မတအဖြစ် ရွေးကောက်ခံရတဲ့အခါမှာ ပါရီသဘောတူညီမှုမှာ ပါဝင်ခဲ့ပြီး ရီပက်ဘလစ်ကန်ဘက်မှ သမ္မတထရမ့် ရွေးကောက်ခံရတဲ့အခါမှာတော့ ပြန်လည်နုတ်ထွက်သွားပြန်ပါတယ်။ ရီပက်ဘလစ်ကန် သမ္မတ ဂျော့ဒဗလျူဘုရှ် လက်ထက်တုန်းကလည်း အမေရိကန်ကို ကျိုတို သဘောတူညီမှုကနေ ဆွဲထုတ်သွားခဲ့ဖူးပါတယ်။ ။

ကိုးကား – နယူးယောက်တိုင်းမ်၊ ဘီဘီစီ

# နိုင်ငံတကာသတင်းတိုထွာ

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျာမနီရောက်ရှိ

ဘာလင် နိုဝင်ဘာ ၆

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် ဂျာမနီသို့ သွားရောက်လည်ပတ်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်သည်။ မိုက်ပွန်ပီအိုသည် ဂျာမနီနိုင်ငံသို့ နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း ၎င်းသည် ဘာလင်တံတိုင်းပြိုကျသည့်နှစ် ၃၀ မြောက်အခမ်းအနားတွင် ပါဝင်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

ခရီးစဉ်အတွင်း မိုက်ပွန်ပီအိုသည် ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်၊ နိုင်ငံခြားရေးဝန်ကြီး ဟိုက်ကိုမာ့စ်နှင့် အခြားအဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။ အမေရိကန်နှင့် ဂျာမနီ၊ နေတိုးအဖွဲ့ဝင်နှစ်နိုင်ငံတို့သည် လတ်တလောတွင် ကာကွယ်ရေးအသုံးစရိတ်၊ အီရန်နျူကလီးယားအရေး၊ နော့ဒ်စထရင်း-၂ ဟုခေါ်သည့် ပိုက်လိုင်းစီမံကိန်းတို့တွင် သဘောထားအနည်းငယ်ကွဲလျက်ရှိကြောင်း သိရသည်။ ဆင်ဟွာ

## ဂရိနိုင်ငံ ကုန်တင်ကားအတွင်း ရွှေ့ပြောင်းနေထိုင်သူ ၄၁ ဦးကို တွေ့ရှိ

အေသင် နိုဝင်ဘာ ၆

ဂရိနိုင်ငံမှရဲများသည် တရားမဝင်ခိုးဝင်သူဟု ယူဆရသည့် လူ ၄၁ ဦးကို ကုန်တင်ကားနောက်ခန်းအတွင်း တွေ့ရှိခဲ့ရကြောင်းပြောသည်။ နိုဝင်ဘာ ၅ ရက်က မြောက်ပိုင်းမြို့ဖြစ်သည့် Xanthi အနီး မော်တော်ကားလမ်းမတွင် ရဲများက ကုန်တင်ကားကို ပုံမှန်စစ်ဆေးမှုပြုလုပ်ရန် ရပ်ဆိုင်းခဲ့ကြသည်။

ကုန်တင်ကားနောက်ခန်းတွင် လိုက်ပါလာသည့်လူ ၄၁ ဦးတွင် ၃၉ ဦးမှာ အာဖဂန်နိုင်ငံသားများဖြစ်ပြီး တစ်ဦးမှာ ဆီးရီးယားနိုင်ငံသားဖြစ်ကာ နောက်တစ်ဦးမှာ အီရန်နိုင်ငံသားဖြစ်ကြောင်း သိရသည်။ ကုန်တင်ကား၏ နောက်ခန်းတွင် အအေးခန်းပြုလုပ်ထားသော်လည်း အအေးလွှတ်သည့်စနစ်ကို ပိတ်ဆို့ထားသည့်အတွက် အချို့သောသူများမှာ အသက်ရှူမှုပိုင်းဆိုင်ရာ ပြဿနာများ ခံစားနေရ၍ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

အဆိုပါကုန်တင်ကားသည် တူရကီမှဂရိနယ်စပ်သို့ ဖြတ်သန်းလာသည်ဟုလည်း ယူဆရသည်။ လွန်ခဲ့သည့်လအတွင်းကလည်း ဗြိတိန်နိုင်ငံမှ ကုန်တင်ကားတစ်စီးအတွင်း ဗီယက်နမ် ၃၉ ဦး၏ အလောင်းများကို တွေ့ရှိခဲ့ရသည်။ ဘယ်လ်ဂျီယံတွင်လည်းအအေးခန်းစနစ်ပါဝင်သည့် ကုန်တင်ကားအတွင်း အရှေ့အလယ်ပိုင်းနှင့် အာဖရိကတို့မှ လိုက်ပါလာသည့် တရားမဝင်နေထိုင်သူ ၁၂ ဦးကို တွေ့ရှိခဲ့ရသည်။ တူရကီကိုဖြတ်၍ ဥရောပသို့ ဝင်ရောက်ရန် ရည်ရွယ်ချက်ဖြင့် လာကြသည့် အာဖဂန်၊ ဆီးရီးယားနှင့် အခြားနိုင်ငံသားများကို ဂရိအာဏာပိုင်များက သတိထားစောင့်ကြည့်နေကြသည်။ အင်န်အိတ်ချ်ကေ



ဝေဠုဝန်စေတီ။

# ချင်းတောင်တန်းအလွန်က တီးတိန်နဲ့ ရိဒ်ခေါဒါရ်

## The Arduous Journey to Mystical Rih Lake through Tedim အပိုင်း(၁)

Thiha, the Traveller @ သီဟလုလင်

ချင်းပြည်နယ်ကို အလည်သွားမယ်ဆိုရင် အရင်ဆုံး ချင်းပြည်နယ်ရဲ့ အထင်ကရ နေရာလေးတွေက တန်းစီပြီး ခေါင်းထဲ ပေါ်လာတယ်။ နတ်မတောင်၊ ရိဒ်ရေကန်၊ ဘုံတလာရေတံခွန်၊ ကနေဒီတောင် စသဖြင့်ပေါ့။ ချင်းပြည်နယ်တောင်ပိုင်းကို နှံ့သလောက် အလည်ရောက်ဖူးခဲ့တော့ ကျွန်တော်ဟာ ဒီနှစ်ထဲ ချင်းပြည်နယ်မြောက်ပိုင်းကို အတော်လေး သွားချင်စိတ်ဖြစ်မိပါတယ်။ ဒီဆန္ဒလေးပြည့်ဝတဲ့ တစ်နေ့မှာတော့ ကျွန်တော်မြင်ချင်လှတဲ့ ချင်းတောင်တန်းကြီးတွေကို တအံ့တသြ တခမ်းတနား မြင်ခွင့်ရလိုက်တယ်ပေါ့ဗျာ။

### ကလေးမြို့လေးမှသည် ချင်းတောင်ဆီ


ချင်းပြည်နယ်မြောက်ပိုင်းရဲ့ အဓိက ဝင်ပေါက်ကတော့ တောင်ခြေမြို့လေးလို ဖြစ်နေတဲ့ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့လေးပါ။ ကလေးမြို့လေးကနေတစ်ဆင့် ကားတွေနဲ့. ချင်းတောင်တန်းပေါ်ကို ရင်တဖိုဖို သွားလာကြရပါတယ်။ ကျွန်တော်သွားခဲ့တဲ့ ပြီးခဲ့တဲ့လတုန်းက လမ်းအတော် ကောင်းနေပြီဆိုတဲ့ အခြေအနေမှာတောင် တောင်ပြို မြေပြိုတာမျိုး ရှိတတ်သေးတော့ ဘေးမှာ ချောက်ကြီးကို အသည်းတယားယား ဖြတ်ကျော်ရတာမျိုးပါ။ အခု လမ်းကတော့ အတော်လေးကောင်းပြီး ကျယ်လည်း ကျယ်နေပြီမို့ အရင်လို ခက်ခက်ခဲခဲ သွားကြရမှာမျိုးတော့ မဟုတ်တော့ပါဘူး။ ဒါပေမယ့် လမ်းပိုင်းတချို့ကတော့ ပြုပြင်ဖို့ ကျန်နေတုန်းပါ။ ကျွန်တော့်ရဲ့ ခရီးစဉ်က တီးတိန်နဲ့ ရိဒ်ရေကန်ဘက်ကို လည်ပတ်ဖို့ အဓိကမို့ ကလေးမြို့ကနေ မနက် ခပ်စောစောလေး ထွက်လာခဲ့တယ်။ တီးတိန်နဲ့ အချိန်အားဖြင့် သုံးနာရီခန့်ပဲ ကားမောင်းရပါတယ်။ ကား ကောင်းကောင်းနဲ့ နယ်မြေကျွမ်းကျင်သူမို့ အချိန်တိုအတွင်း အန္တရာယ်ကင်းကင်း ရောက်ခဲ့တာလို့ ဆိုချင်ပါတယ်။ ကိုယ့်ကားကိုယ် မောင်းကြမယ့်သူတွေကိုတော့ တောင်တက်တောင်ဆင်း အထူးသတိရှိစေချင်ပြီး စက်ကို ပုံအောယုံတတ်တဲ့စိတ်၊ ဘရိတ်ကိုပဲအားကိုး အသက်အပ်ထားချင်တဲ့စိတ်လေး လျှော့ပြီး သေချာထိန်းလို့ မောင်းနှင်ဖို့ အကြံပြုချင်ပါတယ်။ ကလေးကနေ တက်လာပြီး သိုင်းငင်ရွာရောက်ရင် ညာဘက်သွားတာနဲ့ တီးတိန်ကို ရောက်ပါမယ်။ ဘယ်ဘက်ဆိုရင်တော့ ဖလမ်းကို ရောက်မှာပါ။

### ဘယ်လိုသွားမလဲ

ကလေးမြို့ကနေ ကားငှားသွားလို့ရပါတယ်။ ကားဝန်ဆောင်မှုလိုအပ်တယ်ဆိုရင် ကိုထွေး ဖုန်း-၀၉ ၄၀၀၄၅၇၉၉၀ ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါတယ်။

### တိမ်တွေပေါ်က မြို့လေးတီးတိန်

အချိန် သုံးနာရီလောက်ပေးပြီး သွားရတယ်ဆိုပေမယ့် လမ်းတစ်လျှောက် ချင်းရိုးရာ မပျောက်ပျက်သေးတဲ့ ရွာကြီး၊ ရွာလေး များစွာကို ဖြတ်သန်းသွားလာရတာမို့ ပျင်းစရာ မကောင်းသလို၊ ချင်းတောင်တန်းကြီးတွေ ပေါ် ကားစီးသွားနေရတဲ့ ခံစားချက်နဲ့ မြင်ကွင်း ကစပြီး ရောက်လာတဲ့ ခရီးသွားတိုင်းကို တအံ့တသြ ငေးမောနေရစေပါတယ်။ တောင်စောင်းမှာ ဆောက်ထားတဲ့ ချင်းရိုးရာအိမ်ဆောက်ပုံနဲ့ အိမ်လေးတွေကို အသည်းတယားယား ဝင်ရောက်လေ့လာနိုင်သေးတယ်။ တောင်လေးတွေပေါ်မှာ ကားလမ်းကို ရစ်ကာဝေ့ကာ ဖောက်ထားတာကို အဝေးကမြင်ရရင် အဲ့ဒီကို သွားရမှာပါလား၊ ဝေးလှချည်လား၊ နီးလှချည်လားဆိုတဲ့ စိတ်ကူးလေးပျံ့ပြီး ခရီးသွား အိပ်မက်မက်ခွင့်ရကြပါတယ်။



တီးတိန်မြို့။



လေထန်ကုန်း။

တိမ်ညင်းလို့လည်း ခေါ်ခဲ့ကြတဲ့ တီးတိန်မြို့လေးကို အသွားမှာလည်း လည်ပတ်လေ့လာစရာများသလို တီးတိန်မြို့ဝန်းကျင်မှာလည်း စိတ်ဝင်စား လည်ပတ်စရာများပါတယ်။ တီးတိန်မြို့ကို ခရစ်နှစ် ၁၅၅၀ မှာ ဒိုတိမြောက်ဂွီးမာန်က မြို့တည်ခဲ့တယ်လို့ ဆိုပါတယ်။ တီးတိန်မြို့ဟာ ၁၈၈၆ ခုနှစ်မှာ အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့ပြီး နောက်ပိုင်းမှာ နယ်ခြားဝန်ထောက်အုပ်ချုပ်ခံ နယ်မြေဖြစ်လာပါတယ်။ တီးတိန်ဝန်းကျင်မှာ ရွာပေါင်း ၁၂၉ ရွာလောက်ရှိသေးပြီး ချင်းလူမျိုးကွဲများစွာ နေထိုင်ကြပါတယ်။

ကျွန်တော်မြင်ခဲ့တဲ့ တီးတိန်မြို့လေးကတော့ စည်စည်ကားကားလေးနဲ့ ချစ်စရာပါ။ မနက်ပိုင်း ၉ နာရီဝန်းကျင်လောက် စရောက်ခဲ့တာမို့ မိုးတွင်းကာလမှာတောင် အေးမြမြနဲ့ နေမပွင့်ချင် ပွင့်ချင်လေး ဖြစ်နေတယ်။ ခြေတံရှည် တောင်စောင်းအိမ်လေးများစွာနဲ့ တောင်အဆင့်ဆင့်မှာ ခေတ်မီတိုက်တာနဲ့ ရိုးရာမပျက်အိမ်များစွာကို ချစ်စရာတွေ့ခဲ့ရပါတယ်။

### တီးတိန်ဝန်းကျင် လည်ပတ်စရာများ

တီးတိန်ဝန်းကျင် လည်ပတ်စရာလေးတွေကို တီးတိန်ရောက်ရင် လည်ပတ်နိုင်ဖို့ စုစည်းတင်ပြပေးချင်သလို၊ တီးတိန်ရောက်ဖူးခရီးမှာ မတက်ဖြစ်သေးပါဘူး။ ကနေဒီတောင်ဟာ အမြင့်ပေ ၈၈၇၀ ရှိတဲ့ မြောက်ပိုင်းက ချင်းတောင်တန်းကြီးရဲ့ အမြင့်ဆုံးနေရာ ဖြစ်ပါတယ်။

### ဝေဠုဝန်စေတီတော်

တီးတိန်မြို့မှာရှိတဲ့ ရှားရှားပါးပါး စေတီတစ်ဆူပါပဲ။ စောင်းတန်းလေးကနေ ခြေကျင်တက်လို့ရပေမယ့် တချို့နေရာတွေမှာ ပျက်စီးနေတာလေးတွေရှိလို့ ကားနဲ့ တိုက်ရိုက်တက်ပြီး ဖူးမြော်နိုင်ပါတယ်။ သမိုင်းကြောင်းနဲ့ ပတ်သက်လို့တော့ လေ့လာတွေ့ရှိရတာ မရှိပါဘူး။

### Cope Memorial Baptist Church ဘုရားကျောင်း

တီးတိန်မြို့မှာ သက်တမ်းရှည်ပြီး အကြီးဆုံး ဘုရားကျောင်းကြီးတစ်ခုလို့ သိရပါတယ်။ ဆေးရုံကြီးအနီးမှာ တည်ရှိတာပါ။ ဘုရားကျောင်းက ကုန်းမြင့်လေးမှာ ဖြစ်နေလို့ အဲဒီကနေ မြို့ရဲ့ တချို့အပိုင်းလေးတွေကိုလည်း အမြင့်ကနေ တွေ့ရသလိုမျိုး မြင်တွေ့ခံစားနိုင်ပါသေးတယ်။





Cope Memorial Baptist Church ဘုရားကျောင်း။

သူများလည်း ပြန်ပြီး အမှတ်တရလေးတွေ ခံစားရစေဖို့ ရည်ရွယ်ပါတယ်။

### လေထန်ကုန်း

ကလေးမြို့အကြောင်း ရေးတုန်းက လေထန်ကုန်းမပါလို့ဆိုပြီး ဝိုင်းပြောကြတယ်။ တကယ်တော့ ကလေးမြို့ ကနေ လေထန်ကုန်း ရောက်ဖို့ အတော်သွားယူရတာပါ။ ပြောရရင် တီးတိန်ဆီသွားတဲ့ လမ်းတစ်ဝက်လောက်တောင်ဖြစ်မယ်။ လေထန်ကုန်းမှာ ထူးထူးခြားခြားလည်း ပြစရာမရှိပေမယ့် လေကောင်းတဲ့အချိန်ဆို တောင်အောက်က လေပင့်တိုက်တာမို့ ဘာပစ္စည်းချချ ပြန်တက်လာတာမျိုးကို မြင်ကြရတယ်လို့ ဆိုပါတယ်။ ထင်ရှားတဲ့ အမှတ်အသားအဖြစ် တောင်ဇလပ်ပင်တချို့ တွေ့ရတယ်။ လက်ဝါးကပ်တိုင်အကြီးကြီး စိုက်ထူထားပြီး ကျမ်းချက် ရေးသားထားတယ်။ ရှုခင်းကတော့ ကိုယ်တွေလို မြေပြန့်သားတွေအတွက် အံ့မခန်းလှချက်ကြီးပါဗျာ။

### ကနေဒီတောင်

ကလေး-တီးတိန်လမ်းကနေ ကနေဒီတောင်ရဲ့အလှကို အဝေးကမြင်ရသလို၊ တောင်ပေါ် တက်ချင်ရင်လည်း သွားလည်ပတ်နိုင်ပါတယ်။ ကလေးမြို့ကနေ တိုက်ရိုက်တက်နိုင်ဖို့လည်း ကြိုးစားနေကြတယ်လို့ သိရပါတယ်။ ခြေကျင်ဆိုရင်တော့ ကလေးမြို့နားကနေ တက်ကြပြီး ကားနဲ့ဆိုရင်တော့ ဒီဘက်ပိုင်းထိ လာပြီး တက်ကြရတယ်လို့ ဆိုပါတယ်။ ကျွန်တော့်ခရီးစဉ်မှာတော့ တောင်တက်ဖို့ အစီအစဉ် မစဉ်းစားမိခဲ့တဲ့အတွက် ဒီတစ်ခါ

### တီးတိန်ရှုခင်းသာ

မြို့မြင်ကွင်းလေး အပေါ်စီးက မြင်ရတာ လှတယ်ဆိုလို့ ကြိုးစားတက်ခဲ့ပေမယ့် ကျွန်တော်သွားတဲ့အချိန် လမ်းပျက်နေတာမို့ အပေါ်မရောက်ခင် ကားလည်း တက်မရ၊ ဆိုင်ကယ်လည်း တက်မရဖြစ်ပြီး လက်လျှော့ပြန်ခဲ့ရတယ်လေ။

### ချင်းရွာလေးများနဲ့ စံပြရွာ ရှောင်စောန်း

တီးတိန်ဝန်းကျင်မှာ ရွာငယ်လေးများစွာရှိပြီး ချင်းလူမျိုးထဲမှာမှ မျိုးနွယ်စုကွဲများစွာ နေထိုင်ကြတာမို့ လေ့လာစရာ ဖြစ်နိုင်သလို မဖြစ်မနေ သွားရောက်လေ့လာစေချင်တာက ရှောင်စောန်းစံပြကျေးရွာပါ။ ထူးခြားတဲ့ သီးသန့်ဘာသာတရားရှိနေပြီး ဒီကျေးရွာမှာ အရက်သေစာ၊ ဆေးလိပ်၊ မူးယစ် ဘာတစ်ခုမှ မရှိတဲ့ ဘာသာတရားလွှမ်းခြုံရာ ရွာလေး ဖြစ်လို့ပါ။ အိမ်လေးတွေနဲ့ လမ်းတွေကလည်း သပ်ရပ်လှပနေပြီး ကိုယ့်အိမ်ခြံစိုက်ခင်းနဲ့ ကိုယ် အေးချမ်းသာယာနေတာလေး တွေ့ရပါမယ်။ ပန်းမန်မျိုးစုံနဲ့ လှနေသလို၊ ကိုးကွယ်ရာ ဘာသာတရားပေါ်မှာလည်း နက်ရှိုင်းစွာ သက်ဝင်ယုံကြည်ကြသူများလို့ ခံစားရပါတယ်။ ရှောင်စောန်းဆိုတာ ချင်းလိုဆို အသန့်ရှင်းဆုံးလို့ အဓိပ္ပာယ်ရပါတယ်။ ပါရှန်းဘာသာ (ရှောင်စောန်းဘာသာ) ကို ကိုးကွယ်ကြသူများပါ။ ဒီ ပါရှန်းဘာသာ (ရှောင်စောန်းဘာသာ) နဲ့ ရွာလေးအကြောင်းကို ဗီဒီယိုအနေနဲ့လည်း မကြာခင် တင်ဆက်သွားပါဦးမယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# အခြေခံဈေးဖြင့် စပါးဝယ်ယူရန် တိုင်းဒေသကြီးနှစ်ခုသို့ ကျပ် ၁၃ ဘီလီယံ ထုတ်ပေးမည်

**ရန်ကုန် နိုဝင်ဘာ ၆**

အခြေခံဈေးဖြင့် စပါးဝယ်ရန် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ကျပ် ၁၃ ဘီလီယံ ထုတ်ပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

"ပဲခူးတိုင်းဒေသကြီးက ပြီးခဲ့တဲ့အပတ်ထဲမှာ သူတို့ စပါးဝယ်ယူဖို့အတွက် ကျပ် ရှစ်ဘီလီယံပေးဖို့ ပြောပါတယ်။ ပြောတဲ့အခါကျတော့ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ စည်းမျဉ်း စည်းကမ်းတွေချဖို့ မကြာခင်ကာလ တစ်ပတ်လောက်အတွင်းမှာပဲ အစည်းအဝေး ခေါ်ပါ့မယ်။ ခေါ်ပြီးတော့ သူတို့လိုချင်တဲ့ ပိုက်ဆံကို ကျွန်တော်တို့ ထုတ်ပေးမယ်။ ပြီးတော့ ဒါကို ဘယ်လိုပြန်ဆပ်ရမယ်ဆိုတဲ့ဟာကို ကျွန်တော်တို့ လုပ်ပါ့မယ်။ လုပ်ပြီးတဲ့အခါကျရင် ပဲခူးတိုင်းဒေသကြီးရဲ့ အစီအစဉ်နဲ့ ဝယ်ယူဖို့ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးကတော့ အခုထိတော့ မဆက်သွယ်လာသေးဘူး။ အကြမ်းဖျင်းတော့ သူတို့အတွက်က ၅ ဘီလီယံလောက် လိုမယ်ဆိုပြီး ပြောပါတယ်။ ၈ ဘီလီယံနဲ့ ၅ ဘီလီယံဆိုတော့ ၁၃ ဘီလီယံပါ။ ကျွန်တော်တို့ ထုတ်ထားတဲ့ ပိုက်ဆံနဲ့တော့ လုံလောက်မှု ရှိပါတယ်။ လုံလောက်မှုရှိတော့ တကယ်ဖြစ်လာရင် ကျွန်တော်တို့က ဝယ်ဖို့ အဆင်သင့်ပါပဲ" ဟု ဦးအောင်ထူးက ပြောသည်။

လက်ရှိအချိန်တွင် အခြေခံဈေးဖြင့် စပါးဝယ်ယူပေးရန်အတွက် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ထံသို့ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့က တင်ပြထားကြောင်း ၎င်းက ဆက်ပြောသည်။

ယခုနှစ် မိုးစပါးနှင့် ၂၀၂၀ နွေစပါးအတွက် အနိမ့်ဆုံးဈေးနှုန်းကို စပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းဟု နိုင်ငံတော်အစိုးရက အောက်တိုဘာ ၁၅ ရက်တွင် သတ်မှတ်ကြေညာထားခဲ့ရာ အဆိုပါနှုန်းအောက် ကျမည်ဆိုပါက အစိုးရက ငွေစိုက်ထုတ်ဝယ်ယူပေးရန် ကျပ် ၁၅ ဘီလီယံကို ပြည်ထောင်စုအစိုးရက သတ်မှတ်လျာထားပြီးဖြစ်သည်။ ထို့ကြောင့် စပါးဈေးနှုန်းသည် အစိုးရသတ်မှတ်ထားသည့်နှုန်းအောက် ရောက်ရှိနေသော ဒေသများတွင် အစိုးရငွေဖြင့် စပါးများ ဝယ်ယူရေးအစီအစဉ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဝယ်တာကတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရကပဲ ဝယ်ဖို့ဖြစ်ပါတယ်။ ဝယ်ခွင့်နဲ့ ပတ်သက်လို့လည်း သူတို့ကို စီမံချက်တင်ခိုင်းထားတာ ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကလည်း စီမံချက်တွေ အကုန်လုံး တင်ထားတာရှိပါတယ်။ အဲဒီစီမံချက်အတိုင်း သူတို့က အကောင်အထည်ဖော်သွားမှာပါ" ဟု ဒုတိယဝန်ကြီးက ပြောသည်။

အစိုးရက ငွေစိုက်ထုတ်ကာ စပါးဝယ်ယူမည့် အစီအစဉ်တွင် ဝယ်ယူပြီးပါကလည်း ယင်းစိုက်ထုတ်ထားသည့် ရန်ပုံငွေကို ပြန်ဆပ်ရမည့် စည်းမျဉ်းစည်းကမ်းများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ပြန်ဆပ်ရမည့် ကာလကိုလည်း သတ်မှတ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

လက်ရှိအချိန်တွင် အခြေခံရည်ညွှန်းဈေးဖြင့် ရောင်းချရန် အခက်အခဲရှိသော နေရာဒေသများတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်စီစဉ်မှုဖြင့် ဦးဆောင်အဖွဲ့က ဖွဲ့စည်းပေးထားသော လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့နှင့် ဆန်စပါးဝယ်ယူရေးအဖွဲ့များက စပါးဝယ်ယူရေး ဆောင်ရွက်သွားရန် ပြင်ဆင်လျက်ရှိပြီး ယင်းနှင့် ဆက်စပ်သော ဝယ်ယူရေးနှင့် သိုလှောင်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပူးပေါင်းပါဝင် ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# ဆမ်ဆောင်းမြန်မာ၏ လုပ်အားပေးပွဲတော်အစီအစဉ် အင်းလေးကန်အနီးရှိ ထောင့်ကွေးရွာကျောင်း၌ ပြုလုပ်

**ညောင်ရွှေ နိုဝင်ဘာ ၆**

ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ပြုလုပ်သည့် တစ်ကမ္ဘာလုံးဆိုင်ရာ လုပ်အားပေးပွဲတော်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် Samsung Employee Volunteer အစီအစဉ်ကို ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးကန်အနီး တည်ရှိသည့် ထောင့်ကွေးရွာ မူလတန်း(လွန်) ကျောင်း၌ နိုဝင်ဘာ ၁ ရက်က ပြုလုပ်သည်။

အဆိုပါအစီအစဉ်တွင် ဆမ်ဆောင်းမြန်မာမှ ဝန်ထမ်းများက ထောင့်ကွေး မူလတန်း(လွန်)ကျောင်းမှ ကျောင်းသား ကျောင်းသူလေးများအား အင်းလေးကန်အကြောင်းနှင့် သဘာဝပတ်ဝန်းကျင်အကြောင်း ပညာပေးပြောကြားခြင်း၊ ကျောင်းပတ်ဝန်းကျင်၌ သန့်ရှင်းရေးပြုလုပ်ခြင်း၊ နေ့လယ်စာကျွေးမွေးခြင်းများ ပြုလုပ်ခဲ့ကာ ကျောင်းသား ကျောင်းသူများအတွက် တီဗွီနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကိုလည်း လှူဒါန်းခဲ့သည်။

နိုင်ငံတကာရှိ ဆမ်ဆောင်းဝန်ထမ်းများအနေဖြင့် ၎င်းတို့ဒေသအတွင်းရှိ လူမှုအသိုင်းအဝိုင်းနှင့် အဖွဲ့အစည်းများ ကြုံတွေ့ရသည့် အခက်အခဲပြဿနာများကို ကူညီဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ Samsung Global Volunteer Festival ကို ၁၉၉၅ ခုနှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ ဆမ်ဆောင်းဝန်ထမ်းများသည် ၎င်းတို့ အလုပ်လုပ်ကိုင်ရာနှင့် နေထိုင်ရာ ပတ်ဝန်းကျင်ရှိ လူမှုအဖွဲ့အစည်းအတွက် ကိုယ်ပိုင်အချိန်များနှင့် စွမ်းဆောင်ရည်များကို အသုံးချကာ ပံ့ပိုးကူညီ လှူဒါန်းကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဆမ်ဆောင်းမြန်မာ၏ ပထမဆုံး Employee Volunteer Program ကို ၂၀၁၅ ခုနှစ်က ပဲခူးမြို့အနီးရှိ ပန်းပျိုးလက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သွန်းဝသန်**

# စစ်ကိုင်းခရိုင်၌ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်များ အခမဲ့ငှားရမ်းပေး



စာအုပ်ငှားရန် စောင့်ဆိုင်းနေကြသည့် ကျောင်းသား ကျောင်းသူလေးများ။

**စစ်ကိုင်း နိုဝင်ဘာ ၆**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ လင်းတလူး၊ မာလဲတောကျေးရွာနှင့် ကျော်ဇေယျာအထက(ခွဲ) ကျောင်းများသို့ စာအုပ်များကို နိုဝင်ဘာ ၄ ရက်က အခမဲ့ သွားရောက်ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

"အခုလို ကျောင်းအရောက် စာအုပ်တွေလာငှားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကလေးတွေကလည်း စာဖတ်ဝါသနာပါနေကြပြီ။ ကျောင်းမှာရှိတဲ့ စာအုပ်တွေလည်း သူတို့က ဖတ်ပြီးသွားကြတော့ ရွေ့လျားစာကြည့်တိုက်ယာဉ်ကိုပဲ မျှော်နေကြပြီ။ သူတို့တွေ အေးအေးဆေးဆေး ငှားရမ်းလို့ရအောင်လည်း စီစဉ်ပေးထားပါတယ်" ဟု ကျော်ဇေယျာအထက(ခွဲ)မှ ကျောင်းအုပ်ကြီး ဦးမြင့်အောင်က ပြောသည်။

ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်များ လိုက်လံငှားရမ်းပေးနေသည့် စစ်ကိုင်းခရိုင် ပြန်/ဆက်မှ ဒေါ်ယဉ်မင်းသက်က "တစ်ရက်ကို လမ်းကြောင်းအခြေအနေအပေါ် မူတည်ပြီး ကျေးရွာနေပြည်သူတွေရော၊ ဌာနဆိုင်ရာတွေရော၊ အခြေခံပညာကျောင်းတွေကိုရော အချိန်ရသလောက် ငှားရမ်းပေးသွားမှာပါ။ ဒီနေ့ကတော့ ခရီးလည်းဝေးတဲ့အတွက် ကျေးရွာနှစ်ရွာနဲ့ အခြေခံပညာကျောင်းတစ်ကျောင်းကို ငှားရမ်းနိုင်အောင် စီစဉ်ဆောင်ရွက်လိုက်တာပါ" ဟု ပြောသည်။

စစ်ကိုင်းခရိုင် ပြန်/ဆက်ဦးစီးဌာန၏ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများ၊ အခြေခံပညာကျောင်းများသို့ စာအုပ်များ အခမဲ့သွားရောက်ငှားရမ်းပေးခြင်းကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အတွင်း ဆောင်ရွက်လျက်ရှိကာ တစ်နေရာလျှင် နှစ်ပတ်တစ်ကြိမ် သွားရောက်၍ စာအုပ်အသစ်များဖြင့် လဲလှယ်ငှားရမ်းပေးကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၆-၁၁-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၆၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၀/၉၆၀ ကျပ် | ၉၆၅/၉၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၀/၉၇၅ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၈၆၀ ကျပ် | ၈၉၅/၉၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၆၀ ကျပ် | ၁၀၀၅/၁၀၁၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၁၃ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၇၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၁၄ . ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၅၀ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၈၈ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၄ . ၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၆ . ၂၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၃၃၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၀ . ၇၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၅ . ၈၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၉၄၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၄၆၁ | ၅၂၅၅၀၀ |
| MTSH | ၃၉၀၀ | ၃၉၅၀ | ၃၈၅၄ | ၁၅၁၆၈၃၀၀ |
| MCB | ၈၁၀၀ | ၀ | ၀ | ၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၂၁ | ၄၈၃၀၀၀ |
| TMH | ၂၉၅၀ | ၂၉၅၀ | ၉၆ | ၂၈၃၂၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com,
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကမ္ဘာ့အပူချိန်ဆိုတာ...

**သိပ္ပံစာရေးဆရာ ကိုကိုအောင်**

**ကမ္ဘာသည် မိမိဝင်ရိုးပေါ်၌ ၂၃½ ဒီဂရီ တိမ်းစောင်းလျက် ၂၄ နာရီလျှင် တစ်ပတ်ကျ လည်နေရင်း နေလုံးကြီးကိုလည်း ၃၆၅ ရက်လျှင် တစ်ပတ်ကျနှုန်းဖြင့် လှည့်ပတ်လျက်ရှိနေသည်။ ဤသို့သော ပထဝီသဘောတရားကြောင့်ပင် မည်သည့်အချိန်၌မဆို ကမ္ဘာတစ်ခြမ်းသည် နေ့အချိန်ဖြစ်၍ အပူချိန်မြင့်တက်နေကာ ကျန်တစ်ခြမ်းက ညအချိန်ဖြစ်ပြီး အပူချိန် ကျဆင်းနေသည်။ နေအလင်းရောင်ရရှိနေသော နေ့အခါမျိုး၌ပင် ကမ္ဘာ့တောင်နှင့် မြောက်ဝင်ရိုးစွန်းတို့၌ အနုတ် ၃၀ ဒီဂရီ စင်တီဂရိတ်ခန့်အထိ အပူချိန်ကျဆင်းနေချိန်တွင် အီကွေတာရပ်ဝန်း၌ အပူချိန်က ၄၀ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်လျက်ရှိနေသည်။**

### ပျမ်းမျှအပူချိန်ထုတ်ပြန်နိုင်ရန်ကြိုးစားခဲ့

ကမ္ဘာ့အရပ်ဒေသတစ်ခုတည်းအတွင်းမှာပင် ဒေသအပူချိန်က အချိန်နှင့်အမျှ ပြောင်းလဲလျက် ရှိနေသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ချင်းမတူသော ဒေသများ၊ ပင်လယ်ကမ်းခြေနှင့် အနီးအဝေးမတူသော ဒေသများ၊ သစ်ပင်တောအုပ် လွှမ်းမိုးမှုရေိယာ မတူညီသောဒေသများ စသည်တို့မှာ အပူချိန်ချင်း တူညီမှုမရှိနိုင်ကြပေ။ ထို့အတူ ကုန်းမြေထုအများစုဖြစ်သော ကမ္ဘာ့မြောက်ခြမ်း၏ အပူအအေး ပြောင်းလဲမှုပုံစံကလည်း သမုဒ္ဒရာရေထု အများစုဖြစ်သည့် ကမ္ဘာ့တောင်ခြမ်း၏ အပူအအေး ပြောင်းလဲပုံနှင့် ထပ်တူမကျနိုင်ပေ။


ခေတ်သစ်သိပ္ပံပညာဖြင့် ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တိုင်းတာတွက်ချက်နိုင်ရန်အတွက် အထက်ပါကဲ့သို့ ပထဝီအနေအထားမတူညီသော အရပ်ဒေသပေါင်းစုံ၌ ပင်မတိုင်းတာရေး အခြေခံစခန်းပေါင်း ၃၀၀၀ ကျော်ကို တည်ဆောက်ထားရသည်။ သို့ရာတွင် အဆိုပါ စခန်းပေါင်း ၃၀၀၀ ကျော်မှ တိုင်းတာရရှိသော အချက်အလက်များမှာ အခြေခံတိုင်းတာရေးအချက်အလက်များသာလျှင် ဖြစ်ကြပြီး ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တွက်ချက်ရန် လုံလောက်မှု မရှိသေးပေ။

ကမ္ဘာ့အရပ်ရပ်ရှိ ပင်လယ်နှင့် သမုဒ္ဒရာရေပြင်များပေါ်၌ ခုတ်မောင်းသွားလာနေကြသည့် ကုန်သွယ်ရေကြောင်း သင်္ဘောများ၊ နိုင်ငံပိုင်ရေပြင်နယ်နိမိတ် အဝန်းအဝိုင်းအတွင်း၌ လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသော ရေတပ်သင်္ဘောများ၊ နိုင်ငံတကာ ရေပြင်ပိုင်နက်အတွင်း၌ စစ်ရေးတာဝန် ထမ်းဆောင်နေကြသော ရေတပ်သင်္ဘောအုပ်စုများ၊ ပင်လယ်အတွင်း၌ ချထားသည့် ဗော်ယာများ စသည်တို့မှ တိုင်းတာရရှိသော ရေပြင်အပူချိန်မှတ်တမ်းများစွာတို့ကိုလည်း ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တွက်ချက်ရာ၌ ထည့်သွင်းကြရသည်။

ထို့ပြင် အာကာသထဲရှိ ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ လွှတ်တင်ထားသော ဂြိုဟ်တုများက တိုင်းတာပေးပို့သည့် ကမ္ဘာ့အောက်လွှာလေထု၏ အပူချိန်မှတ်တမ်းအများအပြားသည်လည်း ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တွက်ချက်ရန်အတွက် အားဖြည့်ကိန်းဂဏန်း အချက်အလက်များ ဖြစ်ကြသည်။ သိပ္ပံပညာရှင်တို့သည် ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တိုင်းတာတွက်ချက် ထုတ်ပြန်နိုင်ရန် ၁၈၆၀ ပြည့်နှစ်ကတည်းက ကြိုးပမ်းအားထုတ်လုပ်ဆောင်ခဲ့ကြသည်။ သို့ရာတွင် နည်းပညာများ မတိုးတက် မထွန်းကားသေးသည့်ကာလများ ဖြစ်သည့်အတွက် ထိုစဉ်က ထုတ်ပြန်ခဲ့သော ကမ္ဘာ့ပျမ်းမျှအပူချိန်သည် တိကျပြည့်စုံမှု မရှိခဲ့ပေ။

### ၁၉၇၀ ပြည့်လွန်ပြီးနောက် တိကျစွာထုတ်ပြန်ကြေညာနိုင်

ထိုမှတစ်ဆင့် ၁၉၃၀ ပြည့်နှစ် အရောက်တွင် တစ်ကမ္ဘာလုံး၌ တိုးမြှင့်ထုတ်လွှတ်နေသော ကာဗွန်




ဓာတ်ငွေ့ပမာဏသည် မြင့်တက်လာသော ကမ္ဘာ့အပူချိန်နှင့် တိုက်ရိုက် အချိုးကျနေကြောင်း ဖော်ထုတ်လာနိုင်သည်။ ၁၉၆၀ ပြည့်လွန်နှစ်များ၌ အာကာသထဲရှိ ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ဂြိုဟ်တုများကို လွှတ်တင်နေရာချထားလာနိုင်ပြီး ထိုမှတစ်ဆင့် ၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ တိုင်းတာသတင်းပေးပို့ရေး ဂြိုဟ်တုများ တည်ဆောက်သည့် နည်းပညာအဆင့်အတန်း မြင့်မားလာခဲ့ရာ ထိုကာလများမှစ၍ ကမ္ဘာ့အပေါ်လွှာလေထု၏ အပူချိန်များ၊ ကမ္ဘာ့အောက်လွှာလေထု၏ အပူချိန်များ၊ သမုဒ္ဒရာရေပြင်နှင့် တောင်တန်းများပေါ်ရှိ လေထုအပူချိန်များကို ဂြိုဟ်တုများက မြေပြင်စခန်းများဆီသို့ စဉ်ဆက်မပြတ် ပေးပို့လာနိုင်သည်။

ဤသို့အားဖြင့် ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တွက်ချက်ထုတ်ပြန်သော ကိန်းဂဏန်းများမှာ ပို၍ တိကျသေချာလာသည်။ ၁၈၀၀ ပြည့်နှစ်နှင့် ၁၈၇၀ ပြည့်နှစ်အတွင်း နှစ် ၇၀ ကာလ၏ ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ ၁၃ ဒသမ ၆ ဒီဂရီ စင်တီဂရိတ် ဖြစ်သည်ဟူ၍ ရှည်လျားသော နှစ်ကာလကို ခြုံငုံတွက်ချက် ထုတ်ပြန်ခဲ့ကြရာမှ ၁၉၆၀ ပြည့်နှစ်အရောက်တွင် အဆိုပါပြက္ခဒိန်နှစ်၏ ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ ၁၃ ဒသမ ၉ ဒီဂရီစင်တီဂရိတ်ဖြစ်ကြောင်း နှစ်တစ်နှစ်ချင်းအလိုက် ပို၍တိကျစွာ ထုတ်ပြန်ကြေညာနိုင်ခဲ့ကြသည်။

၁၉၈၀ ပြည့်နှစ်သို့ ရောက်ရှိလာချိန်တွင်မူ အဆိုပါနှစ်၏ ကမ္ဘာ့ပျမ်းမျှအပူချိန်ကို ထုတ်ပြန်ပေးနိုင်ရုံမျှမက၊ နောက်ကြောင်းပြန် ၁၀ နှစ်အတွင်း ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ ၀ ဒသမ ၁၅ ဒီဂရီစင်တီဂရိတ် မြင့်တက်ခဲ့ကြောင်း ခိုင်ခိုင်မာမာ ထုတ်ဖော်နိုင်ခဲ့ကြသည်။ ကမ္ဘာ့ပျမ်းမျှအပူချိန် တိုင်းတာမှုနည်းပညာများ အဆင့်မြင့်လာခြင်း၊ တိုင်းတာရေးစခန်းများ တိုးချဲ့တည်ဆောက်လာနိုင်ခြင်း၊ ကုန်သွယ်ရေကြောင်း သင်္ဘောလိုင်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု ကျယ်ပြန့်လာခြင်း၊ ရေတပ်သင်္ဘောများ၏ ထိရောက်သော ကူညီပံ့ပိုးမှုကို ပိုမိုရရှိလာခြင်း စသောအပြုသဘောဆောင်သည့်အကြောင်းအရာများသည် ကမ္ဘာ့ပျမ်းမျှအပူချိန်ကို တွက်ချက်ထုတ်ပြန်နိုင်ရေးအတွက် ကြီးမားသော အထောက်အပံ့များ ဖြစ်လာရုံမျှမက၊ ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးသောနှစ်ကာလကို ရှာဖွေဖော်ထုတ်ရာ၌ပါ ထိရောက်သော စွမ်းဆောင်ချက်များ ဖြစ်လာကြသည်။

> **“ကမ္ဘာ့နိုင်ငံအားလုံးတို့အနေဖြင့် ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်နေခြင်းကို ထိရောက်စွာဟန့်တားကြရန် အထူးလိုအပ်သည့် အားလျော်စွာ၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း၊ နိုက်ထရပ်စ်အောက်ဆိုက်၊ ဟိုက်ဒရိုဖလူအိုရိုကာဗွန်၊ ပါဖလူအိုရို ကာဗွန်နှင့် ဆာလ်ဖာဟက်ဆာဖလူအိုရိုက်စသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ ထုတ်လွှတ်နေမှုကို လက်တွေ့ကျကျဖြင့် သိသိသာသာလျှော့ချကြရန် လိုအပ်နေပြီ ဖြစ်ပေသည်”**

### နောက်ကြောင်းပြန်ရာသီဥတုဖြစ်စဉ်များဖော်ထုတ်

ယင်းကဲ့သို့ထိရောက်သော စွမ်းဆောင်ချက်များကြောင့် ၁၈၆၀ ပြည့်နှစ်မှစ၍ နှစ်ပေါင်း ၁၅၀ အတွင်း အပူပြင်းဆုံးသော နှစ်ကာလများမှာ ၁၉၉၅ ခုနှစ် နောက်ပိုင်း၌သာ ဖြစ်ပေါ်ကြောင်း တွေ့ရှိလာရသည်။ လွန်ခဲ့သောနှစ် ၁၀၀ က ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ ၁၃ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်သာရှိခဲ့သော်လည်း၊ မျက်မှောက်ကာလတွင်မူ ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ၁၄ ဒသမ ၃ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်နေပြီဖြစ်သည်။

နောက်ကြောင်းပြန် ကာလများကိုကြည့်လျှင် ၁၈၈၀ ပြည့်နှစ်မှ ၁၉၂၀ ပြည့်နှစ်အတွင်း ပျမ်းမျှအပူချိန်သည် ၁၉၆၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်အတွင်း ပျမ်းမျှအပူချိန်ထက် လျော့နည်းနေကြောင်း တွေ့ရှိရသည်။ တစ်နည်းဆိုရသော် ၁၉၆၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်ကာလအတွင်း ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ မြင့်တက်ခဲ့ကြောင်း မီးမောင်းထိုးပြနေခြင်းပင်ဖြစ်သည်။ ၁၉၄၉ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ကြားကာလတစ်လျှောက်လုံး၌ ကမ္ဘာ့ပျမ်းမျှအပူချိန်သည် တက်လိုက်ကျလိုက် ဖြစ်နေခဲ့ရာမှ ၁၉၇၉ ခုနှစ်မှစ၍ ကမ္ဘာ့ပျမ်းမျှအပူချိန်က သိသာစွာ မြင့်တက်လာခဲ့သည်။ ထိုကာလနောက်ပိုင်း ကမ္ဘာ့အပူချိန် မြင့်တက်နှုန်းသည် နှစ်ပေါင်း ၅၀၀၀ အတွင်း အမြန်ဆုံးနှုန်းဖြစ်ကြောင်း သိပ္ပံသုတေသီတို့က ဆိုကြသည်။

အတိတ်ကာလ၏ရာသီဥတုအခြေအနေများ ဖော်ထုတ်ရေးဆိုင်ရာ နည်းပညာများကို အသုံးချကာ လွန်ခဲ့သော နှစ်ပေါင်း ၆၅ သန်းကာလအထိ နောက်ကြောင်းပြန်လျက် ကမ္ဘာ့မြောက်ဝင်ရိုးစွန်း အာတိတ်ဒေသ၏ ရာသီဥတုပြောင်းလဲမှုများကို လေ့လာလျက်ရှိသော အမေရိကန် သိပ္ပံပညာရှင်များ အဖွဲ့သည် အစဉ်ခဲနေသော ရေခဲလွှာများ၏ အရည်ပျော်ကျနှုန်း၊ ဝင်ရိုးစွန်းရေခဲလွှာပျော်ရည်ဖြစ်သော ရေချိုများ၏ပမာဏနှင့် အငွေ့ပျံနှုန်း၊ ကမ္ဘာ့မြောက်ဘက်စွန်း၌ တိမ်လွှာထုဖြစ်ပေါ်မှုနှင့် အင်အားပြင်း မုန်တိုင်းကြီးများ၊ သမုဒ္ဒရာရေစီးကြောင်းကြီးများ၊ ရေအောက်အပင်များ ပေါက်ရောက်မှု၊ ရေနေသတ္တဝါများ ရွှေ့ပြောင်းကျက်စားမှု စသည်တို့ကို အသေးစိတ်လေ့လာပြီးနောက် အထက်ပါအတိုင်း ထုတ်ဖော်ကြေညာခဲ့ကြခြင်း ဖြစ်သည်။

ကမ္ဘာ့အပူချိန် မြင့်တက်လာမှုကြောင့် ထောင်ဂဏန်းနှင့်ချီသော ငါးနှင့် ရေသတ္တဝါမျိုးစိတ်များမှာ ပို၍အေးမြသော ဝင်ရိုးစွန်းဒေသများဆီသို့ စားကျက်ရွှေ့ပြောင်းသွားကြသည့်အတွက်၊ အီကွေတာ ရပ်ဝန်းဒေသများ၌ ငါးဖမ်းဆီးရမိသည့် ပမာဏများ လျော့နည်းသွားခဲ့သည်။ ကမ္ဘာ့အပူချိန် မြင့်တက်နှုန်းသည် ဤပုံဤနည်းအတိုင်း ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက ငါးနှင့် ရေသတ္တဝါမျိုးစိတ်များစွာတို့သည် ဆယ်စုနှစ်တစ်စုလျှင် ၂၅ မိုင်နှုန်းဖြင့် မြောက်အရပ်ဆီသို့၊ တစ်နည်းအားဖြင့် ရေပြင်အပူချိန် ပို၍ လျော့နည်းရာဒေသများဆီသို့ ကူးခပ်ရွှေ့ပြောင်းသွားကြဖွယ် ရှိနေသည်။

### ပျမ်းမျှအပူချိန်မြင့်တက်မှု၏ ကြန်အင်လက္ခဏာများ

ထိုကဲ့သို့ စားကျက်ရွှေ့ပြောင်းသွားကြမည်ဆိုပါက အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ ငါးကြီးဆီ ထုတ်ယူနိုင်သောငါးများ ဖမ်းဆီးရမိမှုမှာ လာမည့်ဆယ်စုနှစ်လေးစုခန့်အတွင်း ထက်ဝက်လျော့ကျသွားမည့် အလားအလာ ရှိနေသည်။ အပူပိုင်းနှင့်သမပိုင်းဒေသများမှ ငါးမျိုးစိတ်အများအပြားတို့က အအေးပိုင်းဒေသသို့ စားကျက်ရွှေ့ပြောင်းကြသည့်အခါ အာရှတိုက်၊ အာဖရိကတိုက်နှင့် တောင်အမေရိကတိုက်များရှိ နိုင်ငံပေါင်း ၃၀ ကျော်တို့၏ ငါးဖမ်းလုပ်ငန်းများအနေဖြင့် အကြီးအကျယ် ထိခိုက်ခံစားကြရဖွယ် ရှိနေကြသည်။

ကမ္ဘာ့အပူချိန်မြင့်တက်မှုဖြစ်စဉ်ကြီး ကာလရှည်ဖြစ်ပေါ်နေစဉ်အတွင်း အချို့သော အရပ်ဒေသများ၌ အအေးပိုမိုလွန်ကဲသော ဖြစ်ရပ်မျိုးကို ကြုံတွေ့ခဲ့ကြရသည်။ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်းက မြောက်အမေရိကနှင့် ဥရောပနိုင်ငံများ၌ ပုံမှန်ထက်အအေးပိုခဲ့သဖြင့် ကမ္ဘာ့အပူချိန် မြင့်တက်နေသည် ဆိုခြင်းအပေါ် ဒွိဟဖြစ်စေခဲ့သည်။ အမှန်တကယ်အားဖြင့်မူ ထိုနိုင်ငံများ၌ အအေးပိုခဲ့ခြင်းမှာ ပစိဖိတ်သမုဒ္ဒရာအတွင်း ဖြစ်ပေါ်ခဲ့သော ကာလတို လာနီညာဖြစ်စဉ်ကြောင့်သာလျှင်ဖြစ်ကြောင်း နောက်ပိုင်း၌ သိရှိခဲ့ကြသည်။

ကမ္ဘာ့အပူချိန် မြင့်တက်နေမှု၏ သရုပ်သကန်အဖြစ် ၂၀၀၃ ခုနှစ်အတွင်းက ဥရောပတိုက်တစ်ခွင်၌ မကြုံစဖူး မိုးခေါင်မှုဖြစ်ပေါ်ခြင်းနှင့် အပူလှိုင်းဖြတ်သန်းမှု ဖြစ်စဉ်များကို တွေ့ရှိနိုင်သည်။ လူပေါင်း ၃၀၀၀၀ ခန့် သေဆုံးခဲ့ကြရသော ထိုဖြစ်စဉ်ကြီးသည် ရေသယံဇာတများကို လျော့နည်းစေခဲ့ပြီး ကောက်ပဲသီးနှံ အထွက်နှုန်းများကို သိသာစွာ လျော့ကျစေခဲ့ကာ ယူရို ၁၃ ဘီလီယံကျော် ဆုံးရှုံးစေခဲ့သည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကလည်း ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်းသည် ကမ္ဘာ့အပူပြင်းဆုံးသော ကာလဖြစ်ပြီး ထိုကာလထဲ၌ပင် ၂၀၁၅ ခုနှစ်သည် အပူဆုံးနှစ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ မျက်မှောက်ကာလ ကမ္ဘာ့ပျမ်းမျှအပူချိန်မြင့်တက်နေမှု၏ ထင်ရှားသော ကြန်အင်လက္ခဏာများအဖြစ် ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်ကာလအတွင်း ပြင်းထန်သော အယ်လ်နီညို ဖြစ်စဉ် ၁၁ ကြိမ်တိုင်တိုင် ဖြစ်ပေါ်ခဲ့ခြင်းကို တွေ့မြင်နိုင်သည်။

### ထိရောက်စွာဟန့်တားရန် အထူးလိုအပ်ပြီ

ပျမ်းမျှအားဖြင့် ခြောက်နှစ်လျှင် တစ်ကြိမ်ခန့်သာဖြစ်ပေါ်လေ့ရှိသော အယ်လ်နီညိုဖြစ်စဉ်သည် နှစ်ပေါင်း ၂၀ အတွင်း ၁၁ ကြိမ်အထိ ဖြစ်ပေါ်ခဲ့ခြင်းကို ထောက်ရှု၍ ကမ္ဘာ့ပျမ်းမျှအပူချိန်မြင့်တက်နေမှုကို ချိန်ထိုးသိရှိနိုင်သည်။ မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်အတွင်းက ဖြစ်ပေါ်ခံစားခဲ့ရသော အယ်လ်နီညိုရာသီဥတုသည် ၂၀၁၅ ခုနှစ်အတွင်းက အီကွေတာနှင့် နီးကပ်သော အရှေ့ဗဟိုအပူပိုင်း ပစိဖိတ်သမုဒ္ဒရာရေပြင်၏ အပူချိန်သိသိသာသာမြင့်တက်ခဲ့မှု၏ ဆက်စပ်ဆိုးကျိုးပင် ဖြစ်သည်။

၂၀၁၅ ခုနှစ်၏ အပူချိန်စံချိန်သစ်တင်သော သာဓကအချို့အဖြစ် အီရန်နိုင်ငံ၌ အပူချိန် ၄၆ ဒီဂရီစင်တီဂရိတ်၊ ဂျော်ဒန်နိုင်ငံ၌ ၄၇ ဒီဂရီစင်တီဂရိတ်နှင့်အီဂျစ်နိုင်ငံ၌ ၄၇ ဒသမ ၆ ဒီဂရီ စင်တီဂရိတ်တို့ အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိနိုင်သည်။

သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံအားလုံးတို့အနေဖြင့် ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်နေခြင်းကို ထိရောက်စွာဟန့်တားကြရန် အထူးလိုအပ်သည့် အားလျော်စွာ၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း၊ နိုက်ထရပ်စ်အောက်ဆိုက်၊ ဟိုက်ဒရိုဖလူအိုရိုကာဗွန်၊ ပါဖလူအိုရိုကာဗွန်နှင့် ဆာလ်ဖာဟက်ဆာဖလူအိုရိုက် စသောဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ ထုတ်လွှတ်နေမှုကို လက်တွေ့ကျကျဖြင့် သိသိသာသာလျှော့ချကြရန် လိုအပ်နေပြီ ဖြစ်ပေသည်။ ။

## ကျောက်ပန်းတောင်း လက်ပံပျားရွာ၌ ကြက်ကြော်ရောင်းချသူများအသင်း စတင်ဖွဲ့စည်း

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လက်ပံပျားကျေးရွာ၌ ဒေသတိုင်းရင်းကြက်ကြော် ရောင်းချသူများအသင်း စတင်ဖွဲ့စည်းသည့် အခမ်းအနားကို နိုဝင်ဘာ ၅ ရက်က အဆိုပါကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် လက်ပံပျားကျေးရွာသည် ဒေသတိုင်းရင်းကြက်ကြော် ရောင်းချခြင်းဖြင့် မြန်မာနိုင်ငံအရပ်ရပ်မှ ခရီးသွားပြည်သူများကြား ရေပန်းစား လူသိများသည့် ကျေးရွာတစ်ရွာဖြစ်သည်။ ထို့ကြောင့် ကျေးရွာနေ ဒေသတိုင်းရင်းကြက်ကြော် ရောင်းချသူများ အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ကြက်ကြော်ရောင်းချခြင်း လုပ်ငန်းကို ပိုမို လွတ်လပ်လုံခြုံစွာ လုပ်ကိုင်နိုင်ရန်အတွက် မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ဦးဆောင်၍ တရားဝင် အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းပေးခြင်းဖြစ်ကြောင်း သိရသည်။

အသင်းဖွဲ့စည်းသည့် အခမ်းအနားတွင် မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးမောင်ထူးက အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ပြေငြိမ်းက အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာမျိုးထွန်းက ကြက်ရောဂါ ကာကွယ်ခြင်းဆိုင်ရာများနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးပြီး ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးကြီးကြပ်(၂) ဒေါ်အိသန္တာမျိုးက စားသုံးသူများ၏ ကျန်းမာရေးအတွက် ယုံကြည်စိတ်ချရပြီး ဘေးအန္တရာယ်ကင်းသည့် ကြက်ကြော်ရောင်းချမှု ဖြစ်စေရေးအတွက် ဆောင်ရန်/ရှောင်ရန်များကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ လက်ပံပျား တိုင်းရင်းကြက်ကြော် ရောင်းချသူများအသင်းကို အမှုဆောင် ၃၃ ဦးဖြင့် စတင်ဖွဲ့စည်းကာ ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး တစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူး တစ်ဦးတို့ကို အများသဘောတူ ရွေးချယ်ခဲ့သည်။ ယင်းနောက် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါ်မြသန္တာထွန်းက အသင်းအဖွဲ့မှတ်တမ်းနှင့် အသင်းအဖွဲ့ စည်းမျဉ်းစည်းကမ်းများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

**နေအောင်(ပြန်/ဆက်)**

## ကျောက်ဖြူမြို့တွင် ဒီရေတောပင် ၉၀၀ စုပေါင်းစိုက်ပျိုး

**ကျောက်ဖြူ နိုဝင်ဘာ ၆**

ကျောက်ဖြူမြို့ ပြင်ဖြူမော်ကျေးရွာ ကာယီဘောင်ဘေးရှိ ဒီရေတောများနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရေးအတွက် သစ်တောဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ဒီရေတော ကာကွယ်ရေးအတွက် ဖြူးခြေတောက်(အမ)ပင်များ စိုက်ပျိုးပွဲကို နိုဝင်ဘာ ၅ ရက်က ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ ကျောက်ဖြူခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းထွဋ်ဦးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုပေါင်းပါဝင်၍ ဖြူးခြေတောက်(အမ)ပင် ၉၀၀ (၀ ဒသမ ၀၈ ဧက)ကို စိုက်ပျိုးခဲ့ကြသည်။ အဆိုပါ ဒီရေတောပင်များ စိုက်ပျိုးခြင်းဖြင့် ဒီရေမြင့်တက်ခြင်း၊ မုန်တိုင်းကြောင့် ရေတက်ခြင်း၊ ကမ်းပြိုခြင်း စသည့် သဘာဝဘေးဒဏ်များကို အထိုက်အလျောက် လျော့ပါးအောင် ကာကွယ်နိုင်မည်ဖြစ်သလို ငါး၊ ပုစွန်များ သားပေါက်ခြင်းများတွင်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေသခံပြည်သူများအတွက် ထင်းလောင်စာများကိုလည်း အဆိုပါ ဒီရေတောပင်များမှတစ်ဆင့် ရရှိစေမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မှုခင်းလျော့နည်းကျဆင်းရေး ပညာပေးဟောပြော

**ဂန့်ဂေါ နိုဝင်ဘာ ၆**

မှုခင်းကျဆင်းရေးလုပ်ငန်းအတွက် အသိပညာပေး ဟောပြောပွဲများကို ဂန့်ဂေါခရိုင် ရဲတပ်ဖွဲ့မှူးရုံး၏ အစီအစဉ်ဖြင့် ခရိုင်အတွင်း ရဲတပ်ဖွဲ့စခန်း နယ်မြေအလိုက် ပြုလုပ်ပေးလျက်ရှိရာ နိုဝင်ဘာ ၅ ရက်တွင် ဂန့်ဂေါရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဖြိုးဟိန်းထွဋ်နှင့် အဖွဲ့သည် ဂန့်ဂေါမြို့နယ်အတွင်း အနောက်ဂန့်ဂေါကျေးရွာ အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်၍ အဆိုပါကျေးရွာမှ ပြည်သူများအား မှုခင်းကျဆင်းရေး ပညာပေးဟောပြောကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **(၁၄၄)**

## ဂျပန်နှင့်ပူးပေါင်းဆောင်ရွက်သည့် သီလဝါ အထူးစီးပွားရေးဇုန်မှာ အတိုးတက်ဆုံးဟုဆို

**ရန်ကုန် နိုဝင်ဘာ ၆**

ပြည်တွင်းရှိ အထူးစီးပွားရေးဇုန်များဖြစ်သည့် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူ ဇုန်တို့အနက် ဂျပန်နှင့် ပူးပေါင်းဆောင်ရွက်သည့် သီလဝါ အထူးစီးပွားရေးဇုန်မှာ အတိုးတက်ဆုံးဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

ထိုသို့ တိုးတက်မှုရှိခြင်းမှာ သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာ-ဂျပန် နှစ်နိုင်ငံအစိုးရ ပူးပေါင်းဆောင်ရွက်ထားခြင်းဖြစ်သလို အခြေခံလိုအပ်ချက်များကိုလည်း အကောင်အထည်ဖော်နေခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာ၍ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

"သီလဝါကတော့ အတိုးတက်ဆုံးပေါ့၊ သီလဝါရဲ့မော်ဒယ်ကတော့ နှစ်နိုင်ငံ အစိုးရနှစ်ခု ပူးပေါင်းဆောင်ရွက်တဲ့သဘောပေါ့၊ အစိုးရနှစ်ခုက လိုအပ်တဲ့ Infrastructure ပိုင်းကိုလုပ်တယ်၊ လမ်းတွေ၊ ရေတွေ၊ မီးတွေ၊ သင်္ဘောဆိပ်ကမ်းတွေ လုပ်ပေးတယ်၊ Investor တွေရဲ့ အခြေခံလိုအပ်ချက်တွေက ဒါတွေပဲဖြစ်နေတယ်၊ ဒါတွေ ပြည့်စုံတာနဲ့အမျှ ရင်းနှီးမြှုပ်နှံမှုတွေက ရောက်လာတယ်ဆိုတာ တွေ့ရပါတယ်၊ ဒါ့ကြောင့် ဒီ သီလဝါဟာဆိုရင် တော်တော်ကို တိုးတက်လာတဲ့ အခြေအနေရှိတယ်"ဟု ဒုဝန်ကြီးက ပြောသည်။

ပြီးခဲ့သည့် အောက်တိုဘာ ၃၀ ကလည်း ထိုင်းနိုင်ငံနှင့် သီလဝါ အထူးစီးပွားရေးဇုန်ကို ကွန်တိန်နာကားများ အပြန်အလှန် သယ်ယူပို့ဆောင်ပေးရန်အတွက် ဆွေးနွေးမှုများ ရှိသောကြောင့် သီလဝါအထူးစီးပွားရေးဇုန်သည် အနာဂတ်တွင်လည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

သီလဝါ အထူးစီးပွားရေးဇုန်မှာ တိုးတက်မှုများရှိသော်လည်း ထားဝယ်အထူးစီးပွားရေးဇုန်မှာမူ လုပ်ငန်းများ လုပ်ကိုင်လာသည်မှာ ၁၀ နှစ်ကျော်ရှိသည့်တိုင် တိုးတက်မှု မရှိသေးကြောင်း သိရသည်။

"ထားဝယ်အထူးစီးပွားရေးဇုန် အောင်မြင်ဖို့အတွက်က အခြေခံလိုအပ်ချက်တွေ ဖြည့်ဆည်းပေးဖို့လိုတယ်၊ အဲဒါက ဘာတွေလည်းဆိုတော့ Condition Presented လို့ ခေါ်တာပေါ့၊ အချက်တွေ အများကြီးရှိတယ်၊ မြေငှားမယ်၊ လမ်းပန်းဆက်သွယ်ရေး လုပ်ပေးမယ် စသည်ဖြင့်ပေါ့လေ၊ ဒါတွေဖြည့်ဆည်းရမယ်၊ နောက်ပြီးတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး EIA/SIA လုပ်မယ်ပေါ့၊ ဒါတွေက ပြီးခဲ့တဲ့ မကြာသေးခင်ကာလအတွင်းမှာ ပြီးသွားတာဖြစ်ပါတယ်၊ နောက်ပြီးတော့ လမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်လို့လည်း ထိုင်းနိုင်ငံနဲ့ အရှေ့အနောက် Economic Corridor မှာ လမ်းဖောက်ဖို့ဆိုတဲ့ကိစ္စက ထိုင်းနိုင်ငံနဲ့လည်း သဘောတူပြီးသွားပြီ၊ မကြာခင်မှာ ကီလိုမီတာ ၁၃၀ ကျော်ရှိတဲ့ လမ်းကို ဖောက်မယ်ဆိုရင် ဒီဟာလည်း မကြာခင်မှာ တိုးတက်လာမယ်လို့ ယူဆ ပါတယ်"ဟု ဒုဝန်ကြီးက သုံးသပ်ပြောကြားသည်။ ထားဝယ်အထူးစီးပွားရေးဇုန်သည် ယခင်အစိုးရလက်ထက်က အီတာလျံထိုင်းကုမ္ပဏီနှင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ယင်းကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေသည် ခိုင်မာမှုမရှိကြောင်း ၎င်းက ဆက်ပြောသည်။

ထို့ပြင် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သည့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကိုလည်း ယခင်အစိုးရလက်ထက်က သဘောတူခဲ့သည့် အကျိုးခံစားခွင့် ၈၅-၁၅ အချိုးမှ ယခုအစိုးရလက်ထက်တွင် ၇၀-၃၀ အချိုးအဖြစ် ပြန်လည်ညှိနှိုင်းခဲ့ပြီး ပူးပေါင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။ ကျောက်ဖြူ အထူးစီးပွားရေးဇုန်၏ အားသာချက်မှာ တရုတ်နိုင်ငံ One Belt One Road Project ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည့်အတွက် ကားလမ်း၊ ရထားလမ်းများ ပါဝင်လာမည်ဖြစ်သောကြောင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်မှာ ထားဝယ် အထူးစီးပွားရေးဇုန်ထက် ပိုမိုမြန်ဆန်စွာ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ငြိမ်းငြိမ်း**

## ဝမ်ပေါ့ကျေးရွာ၌ ရှမ်းရိုးရာဓလေ့ ဆင်ဆွဲပွဲတော် စည်ကားစွာကျင်းပသွားမည်

**မိုင်းယု နိုဝင်ဘာ ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယုမြို့ပေါ်နှင့် ကျေးလက်ဒေသရှိ ဒေသခံ ရှမ်းတိုင်းရင်းသားတို့သည် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဆန်ရေစပါး၊ ကောက်ပဲသီးနှံ ပေါများစေရေး၊ စီးပွားရေး လာဘ်လာဘ တိုးတက်ကောင်းမွန်စေရေးနှင့် သဘာဝဘေးကပ်ဆိုးများ ကျရောက်မှုမရှိစေရေးအတွက် ရည်စူး၍ ဒေသယုံကြည်ချက်အရ ရှမ်းရိုးရာဓလေ့ ဆင်ဆွဲပွဲတော်ကို တစ်နှစ်လျှင် တစ်ရွာစီ၌ ကျင်းပလေ့ရှိရာ ယခုနှစ်ပွဲတော်ကို ဝမ်တာကြန့်ကျေးရွာအုပ်စု ဝမ်ပေါ့ကျေးရွာ ဘုန်းကြီးကျောင်းအတွင်း၌ နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။



ဆင်ဆွဲပွဲတော်အတွက် ပြုလုပ်ထားသော ဆင်ရုပ်များကို အလှဆင်နေစဉ်။

ဆင်ဆွဲပွဲတော်ကို တစ်နှစ်လျှင် တစ်ရွာစီ၌ ကျင်းပသည့်အခါ ပွဲတော်ကျင်းပမည့် ရပ်ကွက်၊ ကျေးရွာများမှ တိုင်းရင်းသားများသည် အစုအဖွဲ့အလိုက် ဆင်ရုပ်များ ကြိုတင်ပြင်ဆင် ပြုလုပ်ထားရပြီး အလှူပွဲကျင်းပသည့်နေ့တွင် ယင်းအရုပ်များပေါ်၌ မိမိတို့ သဒ္ဓါတရား ထက်သန်သလောက် စုပေါင်းလှူဒါန်းထားသည့် လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် အလှတန်ဆာဆင်ယင်ထားသည့် ဆင်ရုပ်ကို ကြိုးများဖြင့်ချည်ဆွဲ၍ ရွာအတွင်း လှည့်လည်ပြသကာ ကျောင်းတိုက်သို့ ပို့ဆောင်လှူဒါန်းရသည့် ရိုးရာဓလေ့ ပွဲတော်တစ်ခုဖြစ်သည်။

ထိုအလှူပွဲရက်အတွင်း လာရောက်လည်ပတ်သော ဧည့်သည်တော်များကိုလည်း ဒေသခံတိုင်းရင်းသား အလှူရှင်များက ရိုးရာ အစားအသောက်များနှင့် ပျူငှာစွာ တည်ခင်းဧည့်ခံ ကျွေးမွေးကြကာ ညပိုင်းတွင် တိုင်းရင်းသားတို့၏ ရိုးရာ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်လေ့ရှိကြသည်။ ပွဲတော်ရက်အတွင်း လှည့်လည်မည့် ဆင်ရုပ်များကို အလှူရှင် အစုအဖွဲ့များက ပြုလုပ်ကြရာတွင် သူ့ထက်ငါအပြိုင် လှပနိုင်ရေးအတွက် ဆင်ရုပ်များကို အမျိုးမျိုး အလှတန်ဆာဆင်ယင်၍ ပြုလုပ်ကြသည်။

ပွဲတော်ရက်အတွင်း မိသားစုအပိုဝင်ငွေရရှိရေးအတွက် ဈေးရောင်းချမည့် ဈေးသည်များကလည်း ကြိုတင်ဈေးခင်းသူများက ခင်းနေကြသလို အလှည့်ကျကျင်းပသည့်ရွာမှ ရွာသူရွာသားများကလည်း ဧည့်သည်များ လာရောက်လည်ပတ်ချိန်တွင် အဆင်ပြေချောမွေ့စွာ ကျွေးမွေးနိုင်ရန် အစားအသောက်များကို ကြိုတင်ပြင်ဆင်သူက ပြင်ဆင်လျက်ရှိသည်။ ဒေသခံများအနေဖြင့် မိမိတို့ကျေးရွာတွင် အလှည့်ကျ ကျင်းပခွင့်ရသည့် အချိန်တွင် ပွဲတော်စည်ကားစေရေးအတွက် စိတ်အားထက်သန်စွာ ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်နေကြပြီဖြစ်ကြောင်း သိရသည်။ **ကိုကိုနိုင်(မိုင်းယု)**

## ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းက မိုးညှင်းခရိုင်မှ မျက်စိဝေဒနာရှင် ၈၆ ဦးအား အခမဲ့ခွဲစိတ်ကုသပေး

**မိုးညှင်း နိုဝင်ဘာ ၆**

ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါ်နုနုယဉ်နှင့်အဖွဲ့သည် ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်းမှ မျက်စိရောဂါဝေဒနာရှင် ၈၆ ဦးအား မိုးညှင်းမြို့ရှိ ပုညရှင် စက္ခုပါလဆေးရုံ၌ နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းသည် ကချင်ပြည်နယ် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ပံ့ပိုးကူညီမှုဖြင့် အခမဲ့ ဆေးဝါးကုသရေး လုပ်ငန်းများကို အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ဟိုပင်အထက်တန်းကျောင်း၌ ဆောင်ရွက်ပေးခဲ့ပြီး မျက်စိရောဂါအပါအဝင် ရောဂါ ၁၀ မျိုးကို စမ်းသပ်စစ်ဆေး ကုသပေးခဲ့ကြောင်း၊ ယင်းလူနာများထဲမှ မျက်စိခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ယခု နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ ထပ်မံ ခွဲစိတ်ကုသပေးခြင်းဖြစ်ကြောင်း ရွှေပါရမီဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင် ဦးညီညီက ပြောကြားသည်။

"ခွဲစိတ်ပေးရမယ့်လူနာပေါင်း ၁၁၃ ဦးရှိတယ်၊ ကျွန်တော်တို့ ၃ ရက်နေ့ညနေက စခွဲတယ်၊ မျက်စိခွဲစိတ်ရမယ့်လူနာ တော်တော်များများ လာကြတယ်၊ တစ်ချို့ကိုတော့ သူတို့ရဲ့ ကျန်းမာရေးအခြေအနေကြောင့် မခွဲစိတ်ရဘဲ ပြန်လွှတ်လိုက်ရတယ်၊ အဓိကကတော့ ဆီးချိုတက်နေတဲ့သူတွေရယ်၊ သွေးတိုးနေတဲ့လူနာတွေရယ်ကို မခွဲစိတ်လိုက်ရဘူး"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းအနေဖြင့် မြန်မာနိုင်ငံအတွင်း အနယ်နယ်အရပ်ရပ်တွင် အခမဲ့ ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယခုအကြိမ်သည် (၄၃)ကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်ထွေး(မိုးညှင်း)**

# နိုင်ငံတော်၏ သမိုင်းဝင်မှတ်တမ်းများ စနစ်တကျသိမ်းဆည်းထားသည့် မော်ကွန်းတိုက်များ

ရန်ပိုင်ဥက္ကာ

**ကျွန်တော်တို့နိုင်ငံတွင် နိုင်ငံ၏သမိုင်းကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်၊ နိုင်ငံ၏အုပ်ချုပ်ရေးစနစ်များနှင့် အခြားသော အချက်အလက်များ၊ အထောက်အထားများကို နှစ်ကာလကြာမြင့်စွာ စနစ်တကျထိန်းသိမ်းထားသော မှတ်တမ်းများထားရှိရာ မော်ကွန်းတိုက်များ ရှိပါသည်။**

### မော်ကွန်းတိုက်များ

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနကို ၁၉၇၂ ခုနှစ်က စတင်တည်ထောင်ခဲ့ပါသည်။ မော်ကွန်းတိုက်ကို UNDP ၏ အထောက်အပံ့ဖြင့် UNESCO ၏ နည်းပညာနှင့်အတူ လိုအပ်သော စက်ကိရိယာများ၊ ကျွမ်းကျင်ပညာရှင်တို့၏ အကူအညီဖြင့် မှတ်တမ်းမော်ကွန်းများကို ယခုအချိန်အထိ စနစ်တကျသိမ်းဆည်းထားပါသည်။ ကျွန်တော်တို့နိုင်ငံ၏ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်တွင် ရှိပါသည်။ ရုံးချုပ်မှာ နေပြည်တော်တွင်တည်ရှိပြီး ရုံးခွဲမှာ ရန်ကုန်မြို့တွင် တည်ရှိပါသည်–

(က) အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် (နေပြည်တော်)
ရာဇသင်္ဂဟလမ်း၊ ကုမုဒြာကြာပန်းအဝိုင်းအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း – ၀၆၇–၄၁၈၃၈၆
ဖက်စ် – ၀၆၇–၄၁၈၃၇၆
Email: nad@ mptmail. net.mm

(ခ) အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် (ရန်ကုန်)
အမှတ်(၁၁၄)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁–၃၇၀၇၇၈
ဖက်စ် – ၀၁–၃၉၅၀၀၂
Email: ygnfreerose @ gmail.com

### တပ်မတော်မော်ကွန်းတိုက်

မြန်မာနိုင်ငံတွင် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနအပြင် တပ်မတော်မော်ကွန်းတိုက်ဟူ၍လည်း ရှိပါသည်။ တပ်မတော်မော်ကွန်းတိုက်သည် ဇေယျာသီရိမြို့နယ် နေပြည်တော်တွင် တည်ရှိပါသည်။ နယ်ဘက်ဆိုင်ရာ မှတ်တမ်း/ မော်ကွန်းများကို နေပြည်တော်ရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (ရုံးချုပ်)နှင့် ရန်ကုန်မြို့ရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(အောက်မြန်မာပြည်ဌာနခွဲ)တို့တွင် ထိန်းသိမ်းထားရှိသည့်နည်းတူ တပ်မတော်နှင့် သက်ဆိုင်သောကိစ္စရပ်များအတွက် တပ်မတော်မော်ကွန်းတိုက်တွင် ထိန်းသိမ်းထားရှိပါသည်။

မော်ကွန်းတိုက်များထားရှိခြင်း၏ ရည်ရွယ်ချက်မှာ သတင်းအချက်အလက်တန်ဖိုး၊ အထောက်အထားတန်ဖိုးစသည့် တန်ဖိုးရှိသော အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းများကို တစ်စုတစ်စည်းတည်း ထာဝစဉ်လုံခြုံစွာ မပျက်မစီးသိမ်းနိုင်စေရန်၊ ပြည်တွင်း ပြည်ပရှိ သမိုင်းဝင်မှတ်တမ်းများနှင့် မော်ကွန်းများ၊ အစိုးရအဖွဲ့အစည်းများ သာမက အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များတို့၏ လက်ဝယ်၌ရှိသော သမိုင်းဝင်မှတ်တမ်းများနှင့် မော်ကွန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် လွှဲပြောင်း လက်ခံရယူစုဆောင်းရန်၊ အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ မှတ်တမ်းစီမံခန့်ခွဲရေးနှင့် မော်ကွန်းအုပ်ချုပ်ရေးပညာရပ် တိုးတက်မြင့်မားစေရန်၊ သိမ်းဆည်းထားသော အမျိုးသားမော်ကွန်းများမှ ကောက်နုတ်ဖော်ထုတ်၍ ပြည်သူလူထု အသိဉာဏ် တိုးတက်ပြန့်ပွားစေပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို အထောက်အကူဖြစ်စေရေးအတွက် ဆောင်ရွက်ရန် ဖြစ်ပါသည်။

### လုပ်ငန်းစဉ်များ

မော်ကွန်းတိုက်တစ်ခု၏ လုပ်ငန်းစဉ်များမှာ နိုင်ငံ၏ အုပ်ချုပ်ရေး၊ အမျိုးသားရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းတန်ဖိုးရှိသော မှတ်တမ်းများကို ရယူစုဆောင်းခြင်း၊ အစိုးရဌာနများ၊ ပြည်သူလူထုနှင့် သုတေသနပြုလိုသူများ အတွက် ရည်ညွှန်းကိုးကားရန်နှင့် သုတေသနလုပ်ငန်းများတွင် အထောက်အကူပေးခြင်း၊ အစိုးရဌာနများတွင် မော်ကွန်းစီမံခန့်ခွဲမှု စနစ်တကျ ဆောင်ရွက်နိုင်စေရေး အတွက် အကြံပြုလုပ်ငန်းများ ထောက်ပံ့ပေးခြင်း၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းများကိုအမျိုးသားရေး အမွေအနှစ်အဖြစ် ရေရှည်တည်တံ့ခိုင်မြဲရန် ထိန်းသိမ်းထားရှိခြင်းနှင့် ခေတ်မီနည်းပညာရပ်များကို အသုံးပြု၍ မော်ကွန်းစီမံခန့်ခွဲမှု လုပ်ငန်းများကို အဆင့်မြှင့်တင်ခြင်းတို့ ဖြစ်ပါသည်။

> **“မော်ကွန်းတိုက်တစ်ခု၏ လုပ်ငန်းစဉ်များမှာ နိုင်ငံ၏အုပ်ချုပ်ရေး၊ အမျိုးသားရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းတန်ဖိုးရှိသော မှတ်တမ်းများကို ရယူစုဆောင်းခြင်း၊ အစိုးရဌာနများ၊ ပြည်သူလူထုနှင့် သုတေသနပြုလိုသူများအတွက် ရည်ညွှန်းကိုးကားရန်နှင့် သုတေသနလုပ်ငန်းများတွင် အထောက်အကူပေးခြင်း၊ အစိုးရဌာနများတွင် မော်ကွန်းစီမံခန့်ခွဲမှု စနစ်တကျ ဆောင်ရွက်နိုင်စေရေးအတွက် အကြံပြုလုပ်ငန်းများ ထောက်ပံ့ပေးခြင်း၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းများကို အမျိုးသားရေးအမွေအနှစ်အဖြစ် ရေရှည်တည်တံ့ခိုင်မြဲရန် ထိန်းသိမ်းထားရှိခြင်းနှင့် ခေတ်မီနည်းပညာရပ်များကို အသုံးပြု၍ မော်ကွန်းစီမံခန့်ခွဲမှုလုပ်ငန်းများကို အဆင့်မြှင့်တင်ခြင်းတို့ဖြစ်”**

### စာတွဲအသွင်ဖြင့် သိမ်းဆည်းထားသောမှတ်တမ်းများ

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနတွင် သိမ်းဆည်းထားရှိသော မော်ကွန်းများအနက် အောက်မြန်မာပြည် ဗြိတိသျှတို့၏ စီမံခန့်ခွဲမှု တည်ဆောက်ရေး စာတွဲများ၊ ဒုတိယအင်္ဂလိပ်– မြန်မာစစ်ပွဲအပြီး စာချုပ်ချုပ်ဆိုရန် ဆွေးနွေးချက်ဆိုင်ရာ စာတွဲများ၊ ဗြိတိသျှအစိုးရနှင့် မြန်မာမင်းတို့အကြား သံတမန်ဆက်သွယ်ရေးကိစ္စရပ်များ၊ ဗြိတိသျှခေတ် မြန်မာပြည်၏ စီးပွားရေးအခြေအနေပြ စာတွဲများ၊ မြင်ကွန်း– မြင်းခုန်တိုင် အရေးတော်ပုံစာတွဲများ၊ တိုင်းရင်းသားတို့ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှု စာတွဲများ၊ ၁၃၀၀ ပြည့်အရေးတော်ပုံနှင့် သက်ဆိုင်သော စာတွဲများကို လွတ်လပ်ရေးမရမီခေတ် မော်ကွန်းများအဖြစ် သိမ်းဆည်းထားပါသည်။

၁၉၀၃ ခုနှစ်မှ စတင်ခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာန၏ မော်ကွန်းများတွင် တိုင်းမင်းကြီးများနှင့် ခရိုင်ဝန်တို့ အုပ်ချုပ်ရေး၊ လုံခြုံရေး၊ နိုင်ငံရေး၊ စီးပွားရေး အခြေအနေ အစီရင်ခံစာများ၊ ဂျပန်ခေတ် ဒေါက်တာဘမော်ခေါင်းဆောင်သော ဗမာနိုင်ငံတော်အစိုးရဝန်ကြီး အဖွဲ့အစည်းအဝေး မှတ်တမ်းများနှင့် ဒုတိယကမ္ဘာစစ်ကာလ မော်ကွန်းများတွင် စစ်ဘက်ဆိုင်ရာ မှတ်တမ်းများပါဝင်ပါသည်။ လွတ်လပ်ရေး ရပြီးခေတ်တွင် တိုင်းနှင့်ပြည်နယ်များမှ မှတ်တမ်းများ၊ တော်လှန်ရေးကောင်စီ အစည်းအဝေးမှတ်တမ်းများ၊ ဥပဒေများ၊ အမိန့်ကြော်ငြာချက်များ၊ မိန့်ခွန်းများ၊ အစီရင်ခံစာများ၊ ခေတ်ပြောင်းတော်လှန်ရေးကာလ၏ စီးပွားရေး၊ လူမှုရေးစီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ တောင်သူလယ်သမားအစည်းအရုံး၊ အလုပ်သမားအစည်းအရုံးတို့နှင့် ပတ်သက်သည့် မှတ်တမ်းများ ပါဝင်ပါသည်။ ၁၉၇၄ ခုနှစ်မှ စတင်ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အစည်းအဝေးမှတ်တမ်းများကို မှတ်တမ်းအဖြစ်သိမ်းဆည်းထားပါသည်။

အုပ်ချုပ်ရေးသမိုင်း အထောက်အထားများဖြစ်သည့် ဝန်ကြီးချုပ်ရုံး၏ အစည်းအဝေးမှတ်တမ်းများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ခံရရှိသည့် ပြည်ပနိုင်ငံများနှင့် ဆက်သွယ်သည့်အကြောင်းကိစ္စများ၊ နိုင်ငံခြားစရိတ်ဥပဒေနှင့် ခံစားရပိုင်ခွင့်များ၊ နိုင်ငံခြားတိုင်းပြည်များနှင့် ကောင်စစ်ဝန်ရုံး၊ သံရုံးများထားရှိရေးကိစ္စများ၊ နယ်နိမိတ်စာချုပ်ချုပ်ဆိုရေးကိစ္စများနှင့် အစီရင်ခံစာများကို မော်ကွန်းအဖြစ် သိမ်းဆည်းထားပါသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တို့တွင် ထုတ်ပြန်ထားသောဥပဒေများ၊ အမိန့်များ၊ ကြေညာချက်များ၊ ညွှန်ကြားချက်များ၊ အုပ်ချုပ်ရေးဆိုင်ရာ အစည်းအဝေးမှတ်တမ်းများ၊ အစီရင်ခံစာများ၊ နယ်စပ်ဒေသရှိ တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းအဖြစ် သိမ်းဆည်းထားပါသည်။

၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်နေ့မှစတင်၍ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေများအပြင် အမိန့်များ၊ ဥပဒေ/နည်းဥပဒေများ၊ ပြင်ဆင်ချက်ဥပဒေများ၊ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၏ ပုံမှန်အစည်းအဝေးနှင့် အစည်းအဝေး ဆုံးဖြတ်ချက်များကို မှတ်တမ်းအဖြစ် သိမ်းဆည်းထားရှိပါသည်။

### စာချုပ်စာတမ်းများနှင့် စာအုပ်စာတမ်းများ

မော်ကွန်း/ မှတ်တမ်းတွဲများအပြင် လွတ်လပ်ရေးရယူနိုင်ရန်အတွက် လက်မှတ်ရေးထိုးခဲ့သော စာချုပ်စာတမ်းများ၊ ပြည်ပနိုင်ငံများနှင့် သံတမန်ဆက်သွယ် ထူထောင်ခြင်းဆိုင်ရာ ကြေညာချက်များ၊ နိုင်ငံအချင်းချင်း အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းများနှင့် သက်ဆိုင်သော ကိစ္စရပ်များ၊ ပြည်တွင်း/ ပြည်ပချုပ်ဆိုသော စာချုပ်စာတမ်း/စာချွန်လွှာ ၂၈၀၀ ခန့်တို့ကို နိုင်ငံတော်၏ သမိုင်း စာမျက်နှာတွင် အထင်ကရ မှတ်တမ်းများအဖြစ် စနစ်တကျ ထိန်းသိမ်းထားပါသည်။

ပုံနှိပ်ထုတ်ဝေသော စာအုပ်စာတမ်းများကို ပုံနှိပ်မော်ကွန်းများအသွင်ဖြင့် ထိန်းသိမ်းထားရှိရာတွင် ၁၈၆၈ ခုနှစ် (British Burma Gazette)၊ ၁၈၈၇ ခုနှစ် (The Burma Gazette)နှင့် ၁၉၅၂ ခုနှစ်မှ ယနေ့အထိ မြန်မာနိုင်ငံပြန်တမ်းများ၊ ၁၉၁၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ (Civil List)၊ တစ်နှစ်တစ်ကြိမ်ထုတ် မြန်မာနိုင်ငံအစိုးရ အရာရှိများစာရင်း (၁၉၅၀–၁၉၆၂)၊ ၁၉၄၇ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ မြန်မာနိုင်ငံ တိုင်းပြည်ပြုလွှတ်တော်၊ တိုင်းပြည်ပြုလွှတ်တော် ပါလီမန်ညီလာခံ၊ ပါလီမန်ပြည်သူ့လွှတ်တော် မှတ်တမ်းများ၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် မှတ်တမ်းများ၊ (၁၈၆၃–၁၈၆၄)ခုနှစ်မှ (၁၉၃၄–၁၉၃၅) ခုနှစ်အထိ (Report on the Administration of Burma) စာအုပ်များ၊ အစိုးရဌာနများနှင့် အဖွဲ့အစည်းများမှ ထုတ်ပြန်သောစာအုပ်များနှင့် ၁၉၅၈ ခုနှစ်မှ ယနေ့အချိန်ကာလ အထိ ထုတ်ဝေခဲ့သော သတင်းစာများကို ရည်ညွှန်းကိုးကား အသုံးပြုနိုင်ရန် ထိန်းသိမ်းထားပါသည်။

### စက္ကူမဟုတ်သောမှတ်တမ်းများ(Non –Paper Archives)

မိုက်ကရိုဖလင်များ၊ မိုက်ကရိုဖစ်(ချ်)များ၊ ကက်ဆက်၊ တိပ်ခွေများ၊ အသံသွင်းကြိုးခွေများ၊ နှုတ်ပြောသမိုင်း(Oral History)၊ ဗီဒီယိုခွေများ၊ စီဒီများ၊ ဓာတ်ပြားများ၊ ဆလိုက်ဖလင်များ၊ ရုပ်ရှင်ဖလင်များနှင့် ဓာတ်ပုံများကို စက္ကူမဟုတ် မှတ်တမ်းများအဖြစ် ထိန်းသိမ်းထားပါသည်။

### ခေတ်မီနည်းပညာဖြင့်ပြုပြင်ထိန်းသိမ်းခြင်း

မော်ကွန်းမှတ်တမ်းများကို နှစ်ကာလကြာရှည်စွာ ထိန်းသိမ်းထားနိုင်ရန်အတွက် မိုက်ကရိုဖလင်/ မိုက်ကရိုဖစ်(ချ်)ရိုက်ကူးခြင်းနှင့် ခေတ်မီနည်းပညာများကို အသုံးပြုပြီး ကွန်ပျူတာဖြင့်ထိန်းသိမ်းခြင်း (Computerization) တို့ကို ဆောင်ရွက်ထားရှိပါသည်။ ၁၉၉၉ ခုနှစ်မှစတင်၍ မော်ကွန်း/ မှတ်တမ်းအရှိစာရင်း (Holding List)တို့ကို E–Library Software ဖြင့် Data ထည့်သွင်းထားသော ကြောင့် လေ့လာလိုသူများ/ သုတေသီများ အလွယ်တကူ အသုံးပြုနိုင်ပါသည်။ ၂၀၀၈ ခုနှစ်တွင် E–Library System ကို Upgrade လုပ်ဆောင်ထားပြီး National Archives Information System (NAIS) Database ဖြင့် လေ့လာလိုသူများ/ သုတေသီများ အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် ဆောင်ရွက်ထားရှိပါသည်။

### သိမ်းဆည်းထားသောမှတ်တမ်း/မော်ကွန်းအုပ်စုများ

မှတ်တမ်း/မော်ကွန်းများကို အုပ်စုများ စီစဉ်ရာတွင် Archival Principle နှင့်အညီ ခေတ်အလိုက်၊ မူလတည်ရာအလိုက် အောက်ပါအတိုင်း စီစဉ်သိမ်းဆည်းထားပါသည် –

(က) မော်ကွန်းအုပ်စု(၁)
လွတ်လပ်ရေးမရမီခေတ် မော်ကွန်းများ၊
(ခ) မော်ကွန်းအုပ်စု(၂)
ဒုတိယကမ္ဘာစစ်ကာလမော်ကွန်းများ၊
(ဂ) မော်ကွန်းအုပ်စု(၃)
လွတ်လပ်ရေးရပြီးခေတ်မော်ကွန်းများ၊
(ဃ) မော်ကွန်းအုပ်စု(၄)
တော်လှန်ရေးကောင်စီမော်ကွန်းများ၊
(င) မော်ကွန်းအုပ်စု(၅)
တော်လှန်ရေးအစိုးရအဖွဲ့ မော်ကွန်းများ၊
(စ) မော်ကွန်းအုပ်စု(၆)
မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီမော်ကွန်းများ၊
(ဆ) မော်ကွန်းအုပ်စု(၇)
ပြည်သူ့လွှတ်တော်မော်ကွန်းများ၊
(ဇ) မော်ကွန်းအုပ်စု(၈)
နိုင်ငံတော်ကောင်စီမော်ကွန်းများ၊
(ဈ) မော်ကွန်းအုပ်စု(၉)
စာချုပ်စာတမ်းစာချွန်လွှာများ၊
(ည) မော်ကွန်းအုပ်စု(၁၀)
ပြည်ထဲရေးဝန်ကြီးဌာနမော်ကွန်းများ၊
(ဋ) မော်ကွန်းအုပ်စု(၁၁)
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမော်ကွန်းများ၊
(ဌ) မော်ကွန်းအုပ်စု(၁၂)
ဝန်ကြီးချုပ်ရုံး မော်ကွန်းများ၊
(ဍ) မော်ကွန်းအုပ်စု(၁၃)
ပို့ဆောင်ရေးဝန်ကြီးဌာနမော်ကွန်းများ၊
(ဎ) မော်ကွန်းအုပ်စု(၁၄)
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ မော်ကွန်းများ၊

*စာမျက်နှာ ၂၁ သို့*

# ခရမ်းမြို့ သကျမာရဇိန်သွန်းဘုရားကြီး၌ မသိုးသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ခရမ်းမြို့ သကျမာရဇိန်သွန်းဘုရားကြီး၌ ဘဏ္ဍာတော်ဂေါပကအဖွဲ့က ကြီးမှူး၍ နိုဝင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ မသိုးသင်္ကန်းတော်မြတ် ရက်လုပ်ကပ်လှူပူဇော်ပွဲကို သွန်းဘုရားကြီး၏ ရင်ပြင်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ရန် စီစဉ်ထားသည်။

အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် မုခ်ဦး၌ ဖွင့်ပွဲအခမ်းအနားပြုလုပ်ပြီး မသိုးသင်္ကန်းတော်မြတ် ရက်လုပ်ပြိုင်ပွဲကို စတင်ကျင်းပမည်ဖြစ်ရာ မန္တီဒေဝီစင်တော်၊ သမ္ဗုလဒေဝီစင်တော်၊ သုမနဒေဝီစင်တော်၊ ဂုကဒေဝီစင်တော်တို့ ပါဝင်ရက်လုပ်ယှဉ်ပြိုင်ကြမည်ဟု သိရသည်။

ဆုပေးပွဲကို ယင်းနေ့ ည ၁၀ နာရီတွင် ကျင်းပမည် ဖြစ်ပြီး မသိုးသင်္ကန်းတော်ကပ်လှူခြင်း မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၃ နာရီခွဲတွင် သကျမာရဇိန်သွန်းဘုရားကြီး ဂန္ဓကုဋိတိုက်တော်၌ ကျင်းပမည်ဖြစ်သည်။

ဘုရားရှင်က ကထိန်ကိုခွင့်ပြုတော်မူသည်မှစ၍ ကထိန်ကာလ မကျော်မလွန် နောက်ဆုံးဖြစ်သော သင်္ကန်းသည် မသိုးသင်္ကန်းပင် ဖြစ်သည်။ မသိုးသင်္ကန်းရက်လုပ် ကပ်လှူပူဇော်ခြင်းသည် အဆန်းတကြယ် ကုသိုလ်ယူနည်းတစ်မျိုးနှင့် မြတ်သောကာလ ဒါနအလှူဖြစ်သည့်အတွက် ဆောင်ရွက်လှူဒါန်းကြသူများအဖို့ ဘဝသံသရာတစ်လျှောက် ဆန်းကြယ်သောကာလ သမ္ပတ္တိ၊ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိများကို ရကြမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ခရမ်းမြို့နယ်မှ မိဘပြည်သူများအနေဖြင့် ဤမသိုးသင်္ကန်းတော် ရက်လုပ်ဆက်ကပ်လှူနိုး ပူဇော်ပွဲသို့ ပါဝင်တက်ရောက် လှူဒါန်းတော်မူနိုင်ကြောင်းကို ဘုရားကြီးဘဏ္ဍာတော်ဂေါပကအဖွဲ့မှ နိုးဆော်ထားသည်။

**ခရမ်းစိုးမြင့်**

# အင်းဝဘဏ်လီမိတက်၏ ဘဏ်ခွဲ ၆၃ ခုမြောက် မြိုင်ကလေး(မြို့မ)ဘဏ်ခွဲဖွင့်လှစ်

**ဘားအံ နိုဝင်ဘာ ၆**

အင်းဝဘဏ်လီမိတက် မြို့ကလေး (မြို့မ)ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါဘဏ်ခွဲပရဝဏ်တွင် ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးစောလှထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဇော်မိုးနှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အောက်ပုံ)** နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် မင်းမင်းစိုးက အင်းဝဘဏ်လီမိတက်၊ မြိုင်ကလေး (မြို့မ) ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။



ယနေ့ ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် မြိုင်ကလေး(မြို့မ) ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၆၃ ခုမြောက် ဘဏ်ခွဲဖြစ်ပြီး ရန်ကုန်-ဘားအံ ကားလမ်းဘေး မြိုင်ကလေးစံပြကျေးရွာ ဘားအံမြို့နယ် ကရင်ပြည်နယ်တွင် ဖွင့်လှစ်ထားရှိသည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်း ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၉ ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလအပိုင်းအခြားအလိုက်မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မုံရွာမြို့တွင် မြန်မာ့သနပ်ခါးညီလာခံနှင့် သဘာဝသနပ်ခါး ထုတ်ကုန်ပြပွဲ ကျင်းပမည်

**မုံရွာ နိုဝင်ဘာ ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံ သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်းပြီး မြန်မာ့သနပ်ခါးညီလာခံနှင့် သဘာဝသနပ်ခါး ထုတ်ကုန်ပြပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

သနပ်ခါးညီလာခံနှင့် ပြပွဲကို သနပ်ခါးစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သနပ်ခါး တန်ဖိုးမြှင့် ထုတ်ကုန်များကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဈေးကွက်ချိတ်ဆက်မှုအသစ်များ ရရှိစေရန်၊ သနပ်ခါးထုတ်ကုန်များကို စိတ်ဝင်စားသူများ တစ်နေရာတည်းတွင် လာရောက်လေ့လာနိုင်ရန်နှင့် နိုင်ငံခြားဈေးကွက်များ ဖန်တီးရရှိစေရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သနပ်ခါးညီလာခံတွင် စာတမ်းဖတ်ပွဲများ ကျင်းပမည်ဖြစ်ပြီး မြန်မာ့သနပ်ခါးထုတ်ကုန်များဖြစ်သော သနပ်ခါးတုံးများနှင့် မျိုးစေ့များ၊ အပင်များ၊ သဘာဝသနပ်ခါး တန်ဖိုးမြှင့်ထုတ်ကုန်များအပြင် မုံရွာဒေသထုတ်ကုန်များ၊ အဝတ်အထည်များ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် သဘာဝထုတ်ကုန်များကိုပါ ပြသသွားရန် စီစဉ်လျက်ရှိကြောင်း၊ စိတ်ဝင်စားသူများအနေဖြင့် နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အတွင်း နံနက် ၉ နာရီမှ ည ၉ နာရီအထိ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# မိတ္ထီလာ၌ တစ်ပင်တိုင် ခြင်းအလှခတ်၍ ဖျော်ဖြေမည်

**မိတ္ထီလာ နိုဝင်ဘာ ၆**

မိတ္ထီလာမြို့ နဂါးရုံမဟာဗောဓိစေတီတော်ကြီး၏ (၄၉)ကြိမ်မြောက် မသိုးသင်္ကန်းပြိုင် ရက်လုပ်ပူဇော်ပွဲ ကျင်းပမည့် နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရှင်များက တစ်ပင်တိုင် ခြင်းအလှခတ်၍ ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာ ခြင်းလုံးကစားနည်းပညာများ မတိမ်ကော မပပျောက်အောင် ထိန်းသိမ်းရန်အတွက် ယခုလို နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရှင်များ၊ လက်ရွေးစင်အဖွဲ့များ၊ ခြင်းဝါသနာရှင်များအား ဖိတ်ခေါ်၍ တစ်ပင်တိုင် ခြင်းအလှခတ်ဖျော်ဖြေခြင်းနှင့် ဝိုင်းခြင်းခတ်ကစားခြင်းများကို မသိုးသင်္ကန်းပူဇော်ပွဲနှင့်အတူ ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း ခြင်းအလှခတ်ပွဲဖြစ်မြောက်ရေး စီစဉ်သူကိုဝဏ္ဏက ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

*စာမျက်နှာ ၂၀ မှ*

(ဏ) မော်ကွန်းအုပ်စု(၁၅)
နိုင်ငံခြားရေးဝန်ကြီးဌာနမော်ကွန်းများ
(တ) မော်ကွန်းအုပ်စု(၁၆)
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီရုံး၏ နေ့စဉ်မှတ်တမ်းများ၊
(ထ) မော်ကွန်းအုပ်စု(၁၇)
ယဉ်ကျေးမှုဝန်ကြီးဌာနမော်ကွန်းများ၊
(ဒ) မော်ကွန်းအုပ်စု(၁၈)
ပညာရေးဝန်ကြီးဌာနမော်ကွန်းများ၊
(ဓ) မော်ကွန်းအုပ်စု(၁၉)
ဆောက်လုပ်ရေးဝန်ကြီးဌာန မော်ကွန်းများ၊
(န) မော်ကွန်းအုပ်စု(၂၀)
အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန မော်ကွန်းများ၊
(ပ) မော်ကွန်းအုပ်စု(၂၁)
အမျိုးသားညီလာခံမော်ကွန်းများ
(ဖ) မော်ကွန်းအုပ်စု(၂၂)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမော်ကွန်းများ၊
(ဗ) မော်ကွန်းအုပ်စု(၂၃)
ပြန်ကြားရေးဝန်ကြီးဌာနမော်ကွန်းများ၊
(ဘ) မော်ကွန်းအုပ်စု(၂၄)
စွမ်းအင်ဝန်ကြီးဌာနမော်ကွန်းများ၊
(မ) မော်ကွန်းအုပ်စု(၂၅)
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မော်ကွန်းများ၊
(ယ) မော်ကွန်းအုပ်စု(၂၆)
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမော်ကွန်းများ၊
(ရ) မော်ကွန်းအုပ်စု(၂၇)
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန မော်ကွန်းများ၊
(လ) မော်ကွန်းအုပ်စု(၂၈)
ရှေ့နေချုပ်မော်ကွန်းများ၊
(ဝ) မော်ကွန်းအုပ်စု(၂၉)
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မော်ကွန်းများ။

**အထောက်အထားရှာဖွေလေ့လာလိုသူ/သုတေသန ဆောင်ရွက်လိုသူများအတွက် ကူညီဆောင်ရွက်ပေးခြင်း**

စာရှာအထောက်အကူပြုနှင့် ရည်ညွှန်းစာဖတ်ခန်းများတွင် ပြည်တွင်း/ ပြည်ပကျောင်းသားများ လေ့လာလိုသူများ/သုတေသီများ၊ ဌာနဆိုင်ရာသုတေသီများနှင့် ပြည်ပသုတေသီများမှ သုတေသနပြုလိုသော မော်ကွန်းအထောက်အထားနှင့် သတင်းအချက်အလက်များကို တရားဝင်အထောက်အထားဖြင့် မှီငြမ်းကိုးကားနိုင်ရန်အတွက် အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ပေးနေပါသည်။

သုတေသီများအတွက် လေ့လာဖတ်ရှုလိုသော အထောက်အထားများအား အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် ဆောင်ရွက်ပေးထားခြင်း၊ လေ့လာဖတ်ရှုနိုင်ရန် စီစဉ်ပေးထားခြင်း၊ မိတ္တူကူးပေးခြင်း၊ CD ဖြင့် ကူးပေးခြင်းတို့ကိုဆောင်ရွက်ပေးနေပါသည်။

**အထောက်အထားရှာဖွေသူ/သုတေသနပြုလုပ်လိုသူတို့အတွက် လိုအပ်ချက်များ**

ပြည်ပမှ လေ့လာလိုသူများ/သုတေသီများအနေဖြင့် နိုင်ငံကူးလက်မှတ်မူရင်း၊ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်ကြေးအဖြစ် တစ်နှစ်အတွက် US$(30)နှင့် ညီမျှသော မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်တွင်းမှ လေ့လာလိုသူများ/သုတေသီများအနေဖြင့် ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်ကြေးအဖြစ် တစ်နှစ်အတွက် US$(30)နှင့် ညီမျှသော မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ ထောက်ခံချက်ပါရှိရပါမည်။ ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ဝန်ဆောင်မှု ပေးထားပါသည်။ မော်ကွန်းတိုက်များကို အစိုးရရုံးပိတ်ရက်များအတိုင်း ပိတ်ပြီး ပုံမှန်ရုံးဖွင့်ရက်များတွင် နံနက် (၁၀ : ၀၀)နာရီမှ ညနေ (၁၆ : ၀၀)နာရီအထိ ဖွင့်လှစ်ထားရှိပါသည်။

**ဌာနဆိုင်ရာများမှ စာဖတ်ကြည့်ရှုခွင့်တောင်းခံခြင်း**

ဌာနဆိုင်ရာများမှ စာဖတ်ခွင့် တောင်းခံခြင်းများနှင့် ပတ်သက်၍ သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဌာန၏ Letter Head ဖြင့် ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) အနိမ့်ဆုံးညွှန်ကြားရေးမှူး လက်မှတ်ရေးထိုးထားသည့်စာ၊
(ခ) စာလာဖတ်သူဝန်ထမ်း၏ ဝန်ထမ်းကတ်(မူရင်း)၊
(ဂ) ဓာတ်ပုံ (၂)ပုံ ၊
(ဃ) ဖတ်ရှုလိုသည့်အကြောင်းအရာပေါ် မူတည်၍ လိုအပ်ပါက မှတ်တမ်းစတင်ဖန်တီးသူ မူလဌာန/ လူပုဂ္ဂိုလ်ထံမှ ခွင့်ပြုချက်၊
မှတ်ချက်။ မှတ်ပုံတင်ကြေးအခမဲ့ခွင့်ပြုသည်။

**လေ့လာလိုသူများ/သုတေသီများ(ပြည်တွင်း)**

နိုင်ငံအတွင်းရှိ လေ့လာလိုသူများ/ သုတေသီများအတွက် အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အဖွဲ့အစည်း၏ ဥက္ကဋ္ဌကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ထောက်ခံချက် သို့မဟုတ် ပြန်တမ်းဝင်အရာရှိ တစ်ဦးဦး၏ ထောက်ခံချက်၊
(ခ) နိုင်ငံသားစိစစ်ရေးကတ်(မူရင်း) ၊
(ဂ) ဓာတ်ပုံ (၂)ပုံ ၊
(ဃ) ဖတ်ရှုလိုသည့် အကြောင်းအရာပေါ်မူတည်၍ လိုအပ်ပါက မှတ်တမ်းစတင်ဖန်တီးသူမူလဌာန/ လူပုဂ္ဂိုလ်ထံမှ ခွင့်ပြုချက် ၊
(င) ခွင့်ပြုချက်ရရှိပါက တစ်နှစ်စာ မှတ်ပုံတင်ကြေးအတွက် US$(30)နှင့် ညီမျှသည့် မြန်မာကျပ်ငွေ၊

**တက္ကသိုလ်ကျောင်းသား ကျောင်းသူများ(ပြည်တွင်း)**

ကျောင်းပညာသင်ယူနေသော ကျောင်းသား ကျောင်းသူများအတွက် အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကျောင်းအုပ်ကြီး/ပါမောက္ခ၏ ထောက်ခံချက်၊
(ခ) ကျောင်းသားကတ်(မူရင်း)
(ဂ) ဓာတ်ပုံ(၂)ပုံ ၊
(ဃ) ဖတ်ရှုလိုသည့်အကြောင်းအရာပေါ် မူတည်၍ **(လိုအပ်ပါက မှတ်တမ်းစတင်ဖန်တီးသူ မူလ ဌာန/ လူပုဂ္ဂိုလ်ထံမှ ခွင့်ပြုချက်။ )**
မှတ်ချက်။ အခမဲ့အသုံးပြုခွင့်ပြုသည်။

**နိုင်ငံခြားသားလေ့လာလိုသူများ/သုတေသီများ**

နိုင်ငံခြားသားများအတွက် အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) သက်ဆိုင်ရာအကြီးအကဲ၏ ထောက်ခံချက်၊
(ခ) နိုင်ငံကူးလက်မှတ်(မူရင်း)၊
(ဂ) ဓာတ်ပုံ(၂)ပုံ ၊
(ဃ) ဖတ်ရှုလိုသည့်အကြောင်းအရာပေါ်မူတည်၍ လိုအပ်ပါက မှတ်တမ်းစတင်ဖန်တီးသူ မူလ ဌာန/ လူပုဂ္ဂိုလ်ထံမှ ခွင့်ပြုချက် ၊

နိုင်ငံတစ်နိုင်ငံ၏ အရေးပါသော အကြောင်းအရာများ၊ အထောက်အထားများ၊ မှတ်တမ်းမှတ်ရာများသည် အဆိုပါနိုင်ငံ၏ အဖိုးထိုက်တန်သော သယံဇာတများဖြစ်သည့်အပြင် နိုင်ငံတော်၏ မှတ်တမ်းအမွေအနှစ်များလည်း ဖြစ်ပါသည်။ ထိုသယံဇာတများကို ပြည်သူပြည်သားတိုင်းက ပိုင်ဆိုင်ကြသလို မိမိတို့လိုအပ်သည့် အချိန်များတွင်လည်း ထုတ်ယူအသုံးပြုနိုင်ပါကြောင်းကို အသိပေး ရေးသားလိုက်ရပါသည်။ ။

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကျခံဆောင်ရွက်မည့် အင်းစိန်မြို့နယ် ရွာမသဘာဝဓာတ်ငွေ့ ထိန်းဖြန့်စခန်းဝင်းအတွင်းတွင် တည်ဆောက်ရေးလုပ်ငန်း(၂)ခု ဆောင်ရွက်မည်ဖြစ်ပါ၍ သက်ဆိုင်ရာမြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအကြောင်းအရာ | တည်နေရာ | ဖော်ပြချက် |
|---|---|---|---|
| ၁။ | (၁၃၂'x၃၆') RC (၆)ခန်းတွဲ (၃)ထပ် အမှုထမ်းအိမ်ရာ(၁)လုံးဆောက်လုပ်ခြင်း | အင်းစိန်မြို့နယ်၊ ရွာမ သဘာဝဓာတ်ငွေ့ စခန်းဝင်းအတွင်း | ရေ၊ မီး၊ ဆေး၊ မိလ္လာ စနစ်အပါအဝင် |
| ၂။ | (၂၀၀'x၁၀၀') Steel Structure စတိုဂိုဒေါင်(၁)လုံးဆောက်လုပ်ခြင်း | အင်းစိန်မြို့နယ်၊ ရွာမကုန်းတွင်းနှင့် ကမ်းလွန်ထောက်ပံ့ရေးစခန်း | ရေ၊ မီးလုပ်ငန်းမပါ |

၂။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၃-၁၁-၂၀၁၉ ရက်
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၁၁-၂၀၁၉ ရက် (ညနေ ၄ နာရီ)
**အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ** - မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာန
**အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်**
(က) Technical Specification (Envelope A) - ၂-၁၂-၂၀၁၉ ရက်
(ခ) Commercial (Envelope B) - ၁၀-၁၂-၂၀၁၉ ရက်
**အိတ်ဖွင့်တင်ဒါများဖွင့်မည့်နေရာ** - အစည်းအဝေးခန်းမ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာန

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အထွေထွေမန်နေဂျာရုံး (သို့မဟုတ်) ဆောက်လုပ်ရေးအင်ဂျင်နီယာဌာန၊ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာန၊ သာကေတသို့ ရုံးချိန်အတွင်း လာရောက်၍ စုံစမ်းဆွေးနွေးနိုင်ပါသည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၂၁၆၄၉ (အထွေထွေမန်နေဂျာ)
၀၉-၅၁၈၄၈၂၈၊ ၀၉-၂၅၄၄၂၉၈၃၀ (ဆောက်လုပ်ရေး)

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**
**မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာန (သာကေတ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
### ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
### ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၇ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂ ရက်မှ ၇ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်စိမ်းအတွဲစာရင်းလျှောက်လွှာများကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ၂၉ ရက်အတွင်း ကျောက်စိမ်းလုပ်ငန်းကော်မတီသို့ လာရောက်လျှောက်ထားရမည်ဖြစ်ပါသည်။

၃။ ရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ခင်းကျင်းနေရာချထားခြင်းများကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှ ၂၀ ရက်အထိ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ ကျောက်မျက်ရတနာရောင်းချပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိသူနှင့် လိုင်စင်ရရှိသူများ၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင်နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။ ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။

၆။ ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသားရတနာကုန်သည်များကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှစ၍ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမရှိ ရတနာကုန်သည် မှတ်ပုံတင်အဆောက်အအုံတွင် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဝန်ကြီးဌာန Website www.mining .gov.mm နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mm တွင် နိုင်ငံသားရတနာကုန်သည်များ မှတ်ပုံတင်ရာ၌ ဖြည့်သွင်းရမည့်ပုံစံများကို Download ရယူနိုင်ပါသည်။ On-line မှတစ်ဆင့် လျှောက်ထားလိုပါက Website www. mge.gov.mm, On-line Pre-Registration System တွင် မှတ်ပုံတင်၍ ရောင်းချပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ပါသည်။

၇။ ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ လုံးခင်း/ဖားကန့်တူးဖော်ရေးဌာန၊ မိုးကုတ်တူးဖော်ရေးဌာန၊ မိုင်းရှူးတူးဖော်ရေးဌာန၊ ရန်ကုန်ပြတိုက်ဌာန၊ မန္တလေးစခန်းရုံး၊ ခန္တီးစခန်းရုံး၊ မိုးညှင်းစခန်းရုံး၊ မြစ်ကြီးနားစခန်းရုံးများတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ပင်လုံတက္ကသိုလ်
## (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ပင်လုံတက္ကသိုလ်က ကျင်းပခဲ့သော ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ မဟာသုတေသနဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ပင်လုံတက္ကသိုလ် (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများ တင်သွင်းလျှောက်ထားနိုင်ပါသည်။

၂။ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့်ပတ်သက်၍ရက်စွဲသတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။
(က) **ဘွဲ့နှင်းသဘင်လျှောက်လွှာစတင်တင်သွင်းရက်** - ၄-၁၁-၂၀၁၉ ရက်
(ခ) **ဘွဲ့နှင်းသဘင်လျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံးရက်** - ၁၅-၁၁-၂၀၁၉ ရက်
(ဂ) **ဘွဲ့နှင်းသဘင်ကျင်းပရက်(အစမ်းလေ့ကျင့်ရက်)**- ၇-၁၂-၂၀၁၉ ရက်
(ဃ) **ဘွဲ့နှင်းသဘင်ကျင်းပရက်** - ၈-၁၂-၂၀၁၉ ရက်

**အချိန်နံနက် - ၉:၀၀ နာရီ**
**နံနက်ပိုင်း-အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဥပဒေပညာ၊ ဓာတုဗေဒ၊ သချ်ာ၊ သတ္တဗေဒ**
**မွန်းလွဲ - ၁:၀၀ နာရီ**
**မွန်းလွဲ-မြန်မာစာ၊ သမိုင်း၊ ရူပဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ**

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့အတွက် ၁၅၀၀ိ/-ဖြစ်ပြီး၊ အဝေးရောက်ဘွဲ့အတွက် ၁၀၀ဝိ/-ဖြစ်သည်။ စာတိုက်မှပေးပို့သည့်အခါ ငွေပို့လွှာတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟုဖော်ပြပြီး ပါမောက္ခချုပ်/ပင်လုံတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာ ဖော်ပြရပါမည်။

၄။ အဆိုပါဘွဲ့နှင်းသဘင်နှင့်ပတ်သက်၍ အစီအစဉ်များအား ပင်လုံတက္ကသိုလ်သင်တန်းရေးရာဌာန၌ ကြေညာထားရှိမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၈၁-၃၀၀၄၅၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

**(စန်းစန်းညွန့်)**
**ဌာနမှူး၊ သင်တန်းရေးရာ**
**ပင်လုံတက္ကသိုလ်**

## ဖခင်အမည်မှန်

တောင်ကုတ်မြို့၊ အထက(၄)၊ ဂူတာ အဌမတန်း(A)မှ မောင်ထင်အောင်လင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းထွန်းနိုင် ၁၂/အစန(နိုင်)၀၆၃၈၂၃ ဖြစ်ပါကြောင်း။ **ဦးဝင်းထွန်းနိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့နယ် အမှတ်(၆)ရပ်ကွက် မြေတိုင်းရပ်ကွက်အမှတ်-၅/အလင်းရောင် မြို့ကွက်သစ်(၁)၊ ဦးပိုင်မြေကွက်အမှတ်(E)၊ မြေဧရိယာ ၀ ဒသမ ၀၆၂ ဧကရှိ ဦးတင်လှိုင်အမည်ပေါက် မြို့မြေကွက်အား ဦးမျိုးဝေလင်း(ဘ)ဦးအေးသောင် ၉/လဝန(နိုင်)၁၂၄၀၉၂ မှ မြေနေရာချထားမိန့်၊ အရောင်းအဝယ်ကတိစာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်မှုရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ် သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၃၁၂၉)၏ မြေကွက်အမည်ပေါက် ဦးအောင်မျိုးဦး ၇/ကဝန(နိုင်)၀၈၅၄၃၁ (ဘ)ဦးဖြူမှ ၎င်းအမည်ပေါက်ရရှိထားသောမြေကွက်၏ မြေပေးစလစ်မူရင်း ပျောက်ဆုံး၍ မြေပေးစလစ်မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးစလစ်မိတ္တူမှန်ထုတ်ယူခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ရှမ်းပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန(တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ)၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(တောင်ကြီး၊ ကျိုင်းတုံ)၊ ဆေးတက္ကသိုလ်(တောင်ကြီး)တို့တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရှမ်းပြည်နယ်(တောင်ကြီး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန - လုပ်ငန်း(၆၁)ခု
(ခ) ရှမ်းပြည်နယ်(လားရှိုး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန - လုပ်ငန်း(၄၈)ခု
(ဂ) ရှမ်းပြည်နယ်(ကျိုင်းတုံ)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန - လုပ်ငန်း(၂၀)ခု
(ဃ) ရှမ်းပြည်နယ်(တောင်ကြီး)၊ ကုသရေးဦးစီးဌာန - လုပ်ငန်း(၂၈)ခု
(င) ရှမ်းပြည်နယ်(လားရှိုး)၊ ကုသရေးဦးစီးဌာန - လုပ်ငန်း(၂၃)ခု
(စ) ရှမ်းပြည်နယ်(ကျိုင်းတုံ)၊ ကုသရေးဦးစီးဌာန - လုပ်ငန်း(၁၃)ခု
(ဆ) တိုင်းရင်းဆေးပညာဦးစီးဌာန - လုပ်ငန်း(၅)ခု
(ဇ) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန - လုပ်ငန်း(၁)ခု
(ဈ) သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (တောင်ကြီး) - လုပ်ငန်း(၃)ခု
(ည) သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (ကျိုင်းတုံ) - လုပ်ငန်း(၂)ခု
(ဋ) ဆေးတက္ကသိုလ်(တောင်ကြီး) - လုပ်ငန်း(၄)ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၇-၁၁-၂၀၁၉ ရက်မှ စတင် ရောင်းချမည်ဖြစ်ပြီး ၆-၁၂-၂၀၁၉ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန (တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ) ဖုန်း-၀၈၁-၂၁၂၀၆၉၊ ၀၈၂-၂၃၀၁၃၊ ၀၈၄-၂၁၀၇၀၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဖုန်း-၀၈၁-၂၁၂၂၂၇၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဖုန်း-၀၉-၉၅၁၆၀၅၉၂၂၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(တောင်ကြီး) ဖုန်း-၀၈၁-၂၁၂၂၇၂၀၊ ၀၈၁-၂၁၂၂၂၁၀၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(ကျိုင်းတုံ) ဖုန်း-၀၈၄-၂၁၅၄၈၊ ဆေးတက္ကသိုလ်(တောင်ကြီး) ဖုန်း-၀၈၁-၂၁၂၄၈၆၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7C/6094 Toyota Hilux Surf KZN 185 Station Wagon(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ကိုကိုသန်း ၈/မကန(နိုင်)၁၅၃၇၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## မကွေးတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်သို့ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၉-၁၀-၂၀၁၉ ရက်
**တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန်** - ၂၆-၁၁-၂၀၁၉ ရက် ၁၆:၃၀ နာရီ

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မကွေးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရုံးဖုန်း-၀၆၃-၂၀၂၈၇၈၈၊ ၀၉-၇၆၆၆၉၀၃၁၁တွင် ရုံးချိန်တွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မကွေးမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရေနံချောင်းဒီဂရီကောလိပ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းကို ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ(OpenTender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| (က) | (၂၄၀)ဦးဆံ့ ကျောင်းသူအိပ်ဆောင် (၃)ထပ် (၁)လုံးဆောက်လုပ်ခြင်း (၄၀၀၀၂၈/ပေ)RC(စားရိပ်သာဆောင်တစ်လုံး(၁၆၀'x၄၀')နှင့် ရေမီးအပါအဝင်) |

၂။ **အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** - ၇-၁၁-၂၀၁၉ ရက် (ကြာသပတေးနေ့) (ရုံးချိန်အတွင်း)
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၅-၁၂-၂၀၁၉ ရက် (ကြာသပတေးနေ့) (၁၆:၀၀) နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ရေနံချောင်းဒီဂရီကောလိပ်

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ** **ရေနံချောင်းဒီဂရီကောလိပ်၊ ရေနံချောင်းမြို့**
**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး** **ဖုန်း-၀၉-၄၀၁၅၇၇၄၂၇**
**မကွေးမြို့၊ ဖုန်း-၀၆၃-၂၈၀၃၃** **ဖုန်း-၀၉-၄၀၁၅၇၁၆၄၁၊ ၀၉-၄၅၅၅၃၅၁၂၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မုံရွာ)
## တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(မုံရွာ)တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁။ | နည်းပညာတက္ကသိုလ် (မုံရွာ) | ၄ ခန်းတွဲ ၄ ထပ် ဆရာ/မဆောင် RC (၁၀၀'x၃၀')၊ အဆောင်အဝင်လမ်း (၁၀၀'x၁၂'x၈")၊ ပြင်ပရေ (၄ လက်မ အဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက် ရေလှောင်ကန်၊ 5.5HP Summersible Pump နှင့် အဆောက်အအုံ)၊ ပြင်ပမီးသွယ်တန်းခြင်းအပါအဝင် (၁)လုံးတည်ဆောက်ခြင်းလုပ်ငန်း |

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ၁-၁၁-၂၀၁၉ ရက် ရုံးချိန်မှစ၍ နည်းပညာတက္ကသိုလ်(မုံရွာ)တွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၉-၁၁-၂၀၁၉ရက်၊ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်သည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်တွင် PO (Payment Order)ပေးသွင်းနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နည်းပညာတက္ကသိုလ် (မုံရွာ)၏ ဘဏ္ဍာရေးဌာနသို့ အပ်နှံရမည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ နည်းပညာတက္ကသိုလ်(မုံရွာ) ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နည်းပညာတက္ကသိုလ် (မုံရွာ)ဘဏ္ဍာဌာန ဖုန်း-၀၉-၉၇၆၆၉၂၂၇၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**နည်းပညာတက္ကသိုလ်(မုံရွာ)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် ခွင့်ပြု ရန်ပုံငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**ရုံးသုံးစက်ကိရိယာပစ္စည်း (၅)မျိုး** **(3)Lot**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | Lot No |
|---|---|---|---|
| (က) | Driving Simulator Full Set | 3Nos | Lot 1 |
| (ခ) | Desktop Computer (i5) (Branded) | 25Nos | Lot 2 |
| (ဂ) | Printer (A4)(Black & White) | 25Nos | |
| (ဃ) | Scanner (Lide 400) | 7Nos | |
| (င) | Copier (One Tube of Toner) | 4Nos | Lot3 |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကုန်းလမ်းပို့ဆောင်ရေးပစ္စည်းဝယ်ယူရေးနှင့် သိုလှောင်ရေးဌာန၊ ရွာတော်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်တွင် ၈-၁၁-၂၀၁၉ ရက်မှစ၍ ရုံးချိန်အတွင်း ပစ္စည်းများ၏ Lot No အလိုက် တစ်စောင်လျှင် Lot (1) အတွက် (၁၀၀၀၀ိ/-)ကျပ်၊ Lot(2)နှင့် Lot(3)တို့အတွက် (၂၀၀ဝိ/-)ကျပ်နှုန်းစီဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဖုန်း-၀၆၇-၅၁၀၂၂၀၊ ၀၉-၄၂၈၁၃၃၉၆၂၊ ၀၉-၅၀၈၂၈၈၅ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုန်းလမ်းပို့ဆောင်ရေး**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## အခြေခံကျောင်းသုံးစာအုပ်များ ခရိုင်အသီးသီးသို့ ပို့ဆောင်နိုင်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက်ရိုက်နှိပ်သော အခြေခံကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များအား ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့ရှိပုံနှိပ်စက်ရုံများမှ မြန်မာပြည်အနှံ့အပြားရှိ ခရိုင်စုစုပေါင်း (၆၄)ခရိုင်သို့ ပို့ဆောင်နိုင်ရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၇-၁၁-၂၀၁၉ရက်မှ ၁၉-၁၁-၂၀၁၉ရက်အထိ နေ့စဉ် (ရုံးပိတ်ရက်အပါ) ၉:၃၀နာရီမှ ၁၆:၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင်လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၆-၁၁-၂၀၁၉ရက် ၉:၃၀နာရီမှ ၁၆:၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| **ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန** | **ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တင်ဒါ** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **လက်ခံရေးနှင့်စိစစ်ရေးကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅** | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| | **ဖုန်း-၀၆၇-၄၁၂၃၇၅၊** |
| | **၀၆၇-၄၁၂၃၇၄** |

## လေလံတင်ရောင်းချမည့်ရက်ကြေညာခြင်း

မြိတ်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငါးဖမ်းပိုက်အဟောင်းမျိုးစုံနှင့် ဆက်စပ်ပစ္စည်းအဟောင်း(၃)မျိုးအား လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ပြင်ပပုဂ္ဂိုလ်များသည် လေလံပုံစံများကို တစ်စုံလျှင် ၅၀၀၀/-(ငါးထောင်တိတိ)ဖြင့် မြို့နယ်အကောက်ခွန်ဦးစီးဌာန၊ မြိတ်မြို့တွင် ငွေပေးသွင်းပြီးလျှောက်လွှာများ ဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လေလံတင်ရောင်းချမည့်ရက်** | - | ၂၇-၁၁-၂၀၁၉ရက် |
| **အချိန်** | - | ၁၀:၃၀နာရီ |
| **နေရာ** | - | မြို့နယ်အကောက်ခွန်ဦးစီးဌာန၊ ဆိပ်ငယ်ရပ်၊ မြိတ်မြို့ |
| **လေလံပုံစံရောင်းချမည့်ရက်** | - | ၁၃-၁၁-၂၀၁၉ရက်မှ ၂၂-၁၁-၂၀၁၉ရက်ထိ(ရုံးချိန်အတွင်း) |

အသေးစိတ်အချက်အလက်များကို မြို့နယ်အကောက်ခွန်ဦးစီးဌာန၊ မြိတ်မြို့ ဖုန်း-၀၅၉-၄၁၀၀၂၊ ၀၅၉-၄၂၈၀၂

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများနှင့် လျှပ်စစ်လုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

**စဉ် ပစ္စည်းအမျိုးအမည်**

(က) သံလုံးဆိုဒ်စုံ

(ခ) မီးကြိုး၊ မီးလုံး၊ မီးတိုင်များ

၂။ အဆိုပါ တည်ဆောက်ရေးလုပ်ငန်းနှင့် လျှပ်စစ်ပစ္စည်းများအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူရန် အောက်ဖော်ပြပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါစတင်ရောင်းချမည့်ရက်** | - | ၁၅-၁၁-၂၀၁၉ရက် |
| (ခ) | **တင်ဒါပိတ်မည့်ရက်** | - | ၂၉-၁၁-၂၀၁၉ရက် |
| (ဂ) | **တင်ဒါတင်သွင်းမည့်နေရာ** | - | အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| (ဃ) | **တင်ဒါတစ်စုံရောင်းဈေးနှုန်း (မီးတိုင်)** | - | ၃၀၀၀၀/-(ကျပ်သုံးသောင်းတိတိ) |
| (င) | **တင်ဒါတစ်စုံရောင်းဈေးနှုန်း (မီးလုံး/မီးကြိုး/သံလုံး)** | - | ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ) |

၃။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း-၀၂-၄၀၆၀၂၅၂၊ လိုင်းခွဲ-၀၂-၄၀၃၆၁၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့် ကုန်ရုံဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၆၉/၁၆၉-က/၁၇၁/၃၆၉/၃၇၁) အခန်းအမှတ် (၂)၊ မြေညီထပ်နေ ဦးမာမက်အဆစ် ၁၂/ကတတ(နိုင်)၀၁၁၄၇၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၆၉/၁၆၉-က/၁၇၁/၃၆၉/၃၇၁) အခန်းအမှတ်(၂)၊ မြေညီထပ်အကျယ်အဝန်း(၃၅ပေx၁၀ပေ)ရှိတိုက်ခန်းနှင့် နှင်းဆီမှန်ဘောင်လုပ်ငန်း၊ အမှတ်(၁၆၉/၁၆၉-က/၁၇၁/၃၆၉/၃၇၁) အခန်းအမှတ် (၅)၊ အကျယ်အဝန်း (၃၅ပေ x၁၀ပေ)ရှိ တိုက်ခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ (၃၄) လမ်း၊ အမှတ် (၁၆၉) (၆)လွှာ၊ အကျယ်အဝန်း (၅၀ပေx၁၅ပေ)ရှိ တိုက်ခန်းတို့သည် ဦးမာမက်အဆစ် ၁၂/ကတတ(နိုင်)၀၁၁၄၇၅ က ဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းနှင့်လုပ်ငန်းများ ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေကန်၊ မယ်တော်

သီလရှင်မယ်တော်ကြီး

## ဒေါ်ကျင်(ပျော်ဘွယ်)

### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ်(၂၂)ပန်ကင်ချောင်းနေ(ဦးမြန်ကင်ချောင်-ဒေါ်ငွေ)တို့၏သမီး၊ (ဦးမောင်မောင်)၏ဇနီး၊ (ဦးသိန်းမြင့်)-ဒေါ်ခင်ခင်စိုး၊ ဦးမောင်မောင်ကြီး-ဒေါ်ခင်လှလှ၊ ဦးနေတင်-ဒေါ်ရီရီစိုး၊ ဦးကျော်မြင့်-ဒေါ်သီတာစိုး၊ ဦးချစ်ကိုဇော်-ဒေါ်နီလာစိုး(မိုးမိုး)၊ ဦးညီညီအောင်-ဒေါ်အိအိထွေးတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၁ ယောက်တို့၏ ဘွားဘွားကြီးသည် ၅-၁၁-၂၀၁၉ရက်(အင်္ဂါနေ့) ညနေ ၅:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၉ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်ခန်းမ(၁-က)တွင် တရားနာယူပြီး ရေဝေးဖုကျင့်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၉ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဝင်း

တိုင်းရင်းဆေးပညာဦးစီးဌာန(ငြိမ်း)

ရန်ကုန်မြို့

### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု(၃)လမ်း၊ ခြံအမှတ် ၁၀၁(ဘီ)နေ (ဦးခင်မောင်၊ အငြိမ်းစား ရဲမင်းကြီး-ဒေါ်ရီရီ(ပျဉ်းမနား)တို့၏ သမီးကြီး၊ သီဟသူရဦးသိန်းထွန်းတင် (အကောက်ခွန်-ငြိမ်း)-ဒေါ်အမာသင်း၊ ဗိုလ်မှူးခင်မောင် ရီ(ငြိမ်း)-(ဒေါ်နုနုယဉ်)၊ ဦးမြင့်သန်း-ဒေါ်ခင်မာရီ(မိုးမြင့်နန္ဒာပုံနှိပ်တိုက်)၊ ဦးသိန်းဇော်တို့၏ချစ်လှစွာသော အစ်မကြီး ဒေါ်ခင်ဝင်းသည် ၆-၁၁-၂၀၁၉ ရက် နံနက် ၁၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအတိုင်း ယင်းနေ့တွင် ပင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်း အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၉ရက် (အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဝင်း

တိုင်းရင်းဆေးပညာဦးစီးဌာန(ငြိမ်း)

ရန်ကုန်မြို့

### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု(၃)လမ်း၊ အမှတ်၁၀၁(ဘီ)နေ (ဦးခင်မောင်-အငြိမ်းစား ရဲမင်းကြီး-ဒေါ်ရီရီ(ပျဉ်းမနား)တို့၏သမီးကြီး၊ သီတဂူ ဦးမောင်မောင်စီ(မြန်မာ့လေကြောင်း-ငြိမ်း)၏ချစ်ဇနီး၊ ဒေါ်ဝါဝါခင်(Air Thanlwin)၊ ဒေါ်လဲ့ဝင်းအိ(YAG)၊ ဦးကျော်ဇေယျ(MAI-IFCS)-ဒေါ်ထူးထူးထိုက်စံ(I-Land)၊ (ဒု-လေယာဉ်မှူးကြီးဦးကျော်သူရ)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မချမ်းမြေ့ရတနာကျော်(ဒဂုံ-၁)၏ချစ်လှစွာသောအဘွား ဒေါ်ခင်ဝင်းသည် ၆-၁၁-၂၀၁၉ရက် နံနက် ၁၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးဆောင်ဇတွောင် (Gualnambeh)

ခရိုင်ဦးစီးအရာရှိ(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အသက်(၆၅)နှစ်

အမေရိကန်နိုင်ငံ Kentucky state, Bowling Green, Miurfield Circle, House No.615 နေ (PuA.Cin Nang-Pi Luai Ciin)တို့၏သား၊ (Pu Tun Za Tuang)-Pi Luan Kho Pau (Kalay)တို့၏သားသမက်၊ Pi Ciang Za Dim-(Pu Khan Za Go)(Kalay), Pi Cing Kho Man-Pu Cin Za Gin (USA),Pi Ning Za Kim-Pu Tual Za En (Tedim), (Pi Dam Kho Cing)-Pu Sian Kho Pau(Tedim), (Pu Dam Khan Lian)-Pi Nian Za Dim (Leilum), Pi Ciin Za Cing-Pu Lang Khan Thang(Tedim), Pu Gin Kho Khai-Pi Zen Ngaih Hau(Yangon) တို့၏ညီမောင်၊ Pu Lang Khan Mung-Pi Khup Hau Niang(Tedim)တို့၏အစ်ကို၊ Pa Nang Khawm Thang (Production Supervisor,Tyson Foods Inc..,)-Nu Dim Muan Huai (USA), Nu Ciin Theih Kim(Staff Nurse, Kalay)-Rev.Dr.Lang Khan Khai (ZBCM-Kalay), Pa Tuang Sian Khai-Nu Lun Khan Nuam(USA)တို့၏ဖခင်၊ Tg.Tuang Sung Lian, Tg. Pau Sian Sang, Tg.Hau Nun Siang, Tg.TuangHilh Mung, Lia Niang Lun Vung, Lia Hau Sian Pal, Tg.Pau Hau Let မြေးခုနစ်ယောက်တို့၏အဘိုး၊ PI CIIN KHAW HAU (USA)၏ချစ်လှစွာသောခင်ပွန်း၊ PU SONG ZA TUANG သည် ၃၁-၁၀-၂၀၁၉ရက် အမေရိကန်စံတော်ချိန် ညနေ ၄:၃၀နာရီတွင် အမေရိကန်နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၁၁-၂၀၁၉ရက်(စနေနေ့) နံနက် ၁၁နာရီတွင် J.C Kirby & Son Funeral Chapel, Bowling Green Ky,USA ၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ အောက်မေ့ဖွယ်အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ သဇင်ရပ်ကွက်(၄)၊ အမှတ်(၁၄/က)နေအိမ်၌ ၁၁-၁၁-၂၀၁၉ရက် ညနေ ၃နာရီတွင်လည်းကောင်း၊ ချင်းပြည်နယ်၊ တီးတိန်မြို့၊ Leilum ရပ်ကွက်၊ ဦးဒမ်ခန့်လျန်းနေအိမ်၌ ၉-၁၁-၂၀၁၉ရက် ညနေ ၃နာရီတွင် လည်းကောင်းပြုလုပ်မည် ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးထိန်ဝင်း

### အသက်(၅၉)နှစ်

ရန်ကင်းမြို့နယ်၊ ကံဘဲ့စည်ပင်ဝင်း၊ တိုက်(ဘီ-၅)၊ အခန်း(၁၀၅)နေ (ဦးတင်လှိုင်-ဒေါ်ခင်မြင့်)တို့၏သားကြီး၊ ဒေါ်သန်းသန်း ငွေး(မြန်မာစာဌာန-ငြိမ်း)၊ ဒေါ်သန်းသန်းအေး၊ ဒေါ်လှလှသိန်း(ငြိမ်း)(အလက-၁၊ ပန်းဘဲတန်း)တို့၏မောင်၊ ဦးသန်းဝင်း-ဒေါ်ငွေးငွေး ကြွယ်(ခ)ဒေါ်စု၊ (ဦးရဲထွဋ်-ဒေါ်သီတာဦး)၊ ဒေါ်သန်းမြ(ယာ/အုံ၊ စည်ပင်)၊ ဦးတင်ဦး-ဒေါ်ချိုနွယ်ဦး၊ ဦးမျိုးပိုင်(ရေ/သန့်၊ စည်ပင်)တို့၏အစ်ကိုကြီး၊ ဦးစိုးမင်းထွန်း(အထက-ခွဲ၊ အောင်သာ၊ နေပြည်တော်)-ဒေါ်ဝင့်ဝါဝါလှိုင်(YEC)၊ ဒုဗိုလ် ဟိဏ်းသော်ဇင်ဆက်တို့၏ချစ်လှစွာ သောဖခင်ကြီး၊ ဦးအောင်ဟိဏ်း-ဒေါ်အေးသန္တာလတ်(ILBC)၊ ဒေါ်ဖြိုးဇင်ဝင်း၊ ကိုကောင်းခန့်ပိုင်၊ မောင်မြတ်ဘုန်းခန့်တို့၏ချစ်လှစွာသောဘကြီး ဦးထိန်ဝင်းသည် ၅-၁၁-၂၀၁၉ရက် ည ၈:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားမြေအသုံးချမှုကောင်စီ စတုတ္ထအကြိမ်အစည်းအဝေး တက်ရောက်

## မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး မြေသယံဇာတအရင်းအမြစ်များ စနစ်တကျ စီမံခန့်ခွဲရန်လိုအပ်ကြောင်း ပြောကြား




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားမြေအသုံးချမှုကောင်စီ စတုတ္ထအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၆**

အမျိုးသားမြေအသုံးချမှုကောင်စီ စတုတ္ထအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားမြေအသုံးချမှုကောင်စီ အတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ စာမျက်နှာ ၆ ကော်လံ ၁ ✻

---

**ဒီးမော့ဆို၊ လွိုင်လင်၊ မိုင်းကိုင်၊ နမ့်စန်နှင့် လဲချားမြို့နယ်တို့၌ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဘိန်းစိုက်ခင်း ၂၉ ဧကခန့် ဖျက်ဆီး** စာ ➤ ၁၃

**ပါရီရာသီဥတုသဘောတူညီမှုကနေ အမေရိကန် လက်ပြန့်ရုတ်ဆက်တော့မည့်အချိန်** စာ ➤ ၁၅

---

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စံချိန်မီ ငါးမူးသားရွှေဒင်္ဂါးကို ပုံစံသစ်ဖြင့် ရောင်းချမည်

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် တစ်ကျပ်သား၊ ငါးမူးသား၊ တစ်မတ်သားစံချိန်မီရွှေဒင်္ဂါးများကို ၁၉၉၁ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ပြီး တစ်မတ်သား(ပုံစံသစ်)နှင့် တစ်ကျပ်သား(ပုံစံသစ်) စံချိန်မီ ရွှေဒင်္ဂါးများကို ၂၀၁၈ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ပါသည်။

စံချိန်မီရွှေဒင်္ဂါးများတွင် တစ်ကျပ်သားရွှေဒင်္ဂါး၏ မျက်နှာပိုင်းဗဟိုတွင် ကြယ်တစ်ပွင့်ပုံ၊ ငါးမူးသားရွှေဒင်္ဂါး၏ မျက်နှာပိုင်းဗဟိုတွင် လယ်ထွန်သောပုံ၊ တစ်မတ်သား ရွှေဒင်္ဂါး၏ မျက်နှာပိုင်းဗဟိုတွင် သစ်ဆွဲနေသော ဆင်ပုံများ သွန်းလောင်းပြီး တစ်မတ်သား(ပုံစံသစ်)နှင့် တစ်ကျပ်သား (ပုံစံသစ်) စံချိန်မီရွှေဒင်္ဂါးများ၏ မျက်နှာပိုင်းဗဟိုတွင် ဗိုလ်ချုပ်ပုံ သွန်းလောင်းထားပါသည်။

ယခုအခါ ပြည်သူများ ဝယ်ယူမှုများပြားသော ငါးမူးသားရွှေဒင်္ဂါးမှာ လက်ကျန်နည်းနေပါသဖြင့် အသစ်သွန်းလောင်းထုတ်ဝေမည်ဖြစ်ပါသည်။ အသစ်သွန်းလောင်းသည့် ငါးမူးသား ရွှေဒင်္ဂါး၏ အချင်းမှာ ၂၂ ဒသမ ၀ မီလီမီတာ၊ စာမျက်နှာ ၁၂ ကော်လံ ၅ ✪




---

## အာရှ ယူ-၁၉ ခြေစစ်ပွဲတွင် အာရှထိပ်သီး တရုတ်အသင်းကို မြန်မာအသင်းရှုံးနိမ့်

**ရန်ကုန် နိုဝင်ဘာ ၆**

၂၀၂၀ အာရှ ယူ-၁၉ ခြေစစ်ပွဲ အုပ်စု(I) ပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ စတင်ကျင်းပရာ မြန်မာအသင်းသည် တရုတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် အာရှထိပ်သီးတရုတ်အသင်းကို အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့သော်လည်း ခံစစ်ပိုင်းအားနည်းချက်များနှင့် တိုက်စစ်ပိုင်း ဂိုးပေါက်ပျောက်ဆုံးမှုကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲတွင် အရေးနိမ့်ခဲ့ စာမျက်နှာ ၁၂ ကော်လံ ၄ ■



## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
## (၂၀၂၀)ပြည့်နှစ် လုပ်ငန်းများဆောင်ရွက်ရန် ဈေးပြိုင်ကြော်ငြာ

ရွှေတိဂုံစေတီတော်ဝတ္တကမြေအတွင်း ဘုရားဖူးများအဆင်ပြေစေရန် ဂေါပကအဖွဲ့က စီမံဆောင်ရွက်ထားသော အောက်ဖော်ပြပါလုပ်ငန်းများသည် ၃၁-၁၂-၂၀၁၉ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါ၍ (၂၀၂၀) ပြည့်နှစ်အတွက် လုပ်ငန်းများချထားပေးရန်ရှိပါသည်။ ယင်းလုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့် ချထားပေးမည်ဖြစ်၍ လုပ်ငန်းဆောင်ရွက်လိုသူများသည် ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့်စည်းကမ်းချက်တစ်စုံလျှင် ၁၀၀၀၀/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်းဝယ်ယူပြီး ၅-၁၂-၂၀၁၉ရက်တွင် သတ်မှတ်ချိန်အတိုင်း ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**မှတ်ချက်** ။ ။ ၃-၁၂-၂၀၁၉ ရက် မွန်းတည့် ၁၂ : ၀၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းအဆိုပြုလွှာစည်းကမ်းချက်များ ရောင်းချပေးပါမည်။ အာမခံငွေများကို မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၄)တွင် ပေးသွင်းခြင်းအပါအဝင် အသေးစိတ်အချက်အလက်များကို အဆိုပြုလွှာတင်သွင်းသူများ လိုက်နာရန် စည်းကမ်းတွင် ထည့်သွင်းဖော်ပြပေးပါမည်။

**ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန်လုပ်ငန်းများ**

(၁) ဓာတ်ပုံလုပ်ငန်း
(၂) ရွှေဆိုင်းရောင်းချခြင်းလုပ်ငန်း
(၃) စားသောက်ဆိုင်လုပ်ငန်းများ
(၄) လက်ဆောင်ပစ္စည်းရောင်းချခြင်းလုပ်ငန်း
(၅) ပန်းဆိုင်ရောင်းချခြင်းလုပ်ငန်းများ
(၆) နိဗ္ဗာန်ကုန်ရောင်းချခြင်းလုပ်ငန်းများ
(၇) အုန်းပွဲ/ငှက်ပျောပွဲရောင်းချခြင်းလုပ်ငန်း
(၈) လိပ်စာ/ငါးစာ ရောင်းချခြင်းလုပ်ငန်း
(၉) အုန်းသီး/ထန်းသီးခွဲဆွတ်ရောင်းချခြင်းလုပ်ငန်း
(၁၀) ကားကွင်းများ၌ ထီကားရပ်နားရောင်းချခြင်း လုပ်ငန်းများ
(၁၁) ကုန်မျိုးစုံဆိုင်ရောင်းချခြင်းလုပ်ငန်း
(၁၂) ဂုဏ်ပြုလွှာမှန်ဘောင်သွင်းခြင်းလုပ်ငန်း
(၁၃) Money Exchange Counter နှင့် ATM စက်ဖွင့်လှစ်ခြင်းလုပ်ငန်း

ဂေါပကအဖွဲ့

## ဖြူးမဟာစည်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ၏ တရားပွဲ

ဖြူးဆရာတော်၏တပည့်၊ ဖြူးမဟာစည်သာသနာ့ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ (နိုင်ငံတော်ဓမ္မကထိကဗဟုဇနဟိတဓရ)၊ ပြည်တွင်းပြည်ပ မဟာစည်နာယက၊ ကမ္မဋ္ဌာနာစရိယ၊ သာသနာပြုနယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည် ၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ၈-၁၁-၂၀၁၉ရက် (သောကြာနေ့) ညတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ အနောက်ဗဟိုလမ်း၊ သံဃာ့ဒါနဆွမ်းလောင်းအသင်းက ကြီးမှူးကျင်းပသော ဓမ္မသဘင်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်ပေးမည်ဖြစ်ပါသည်။ ဆရာတော်၏တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၂၅၀၂၁၄၉၇၇၊၀၉-၂၅၃၆၉၉၆၇၉တို့သို့ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။

## ပြည်မြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း
## ယခင်(St.Mark)၏ (ဒသမ)အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ပြည်မြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း ယခင်(St.Mark)၏ (ဒသမ)အကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁-၁၂-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၈:၀၀ နာရီတွင် အထက်ပါကျောင်း၏ (လူငယ်အားမာန)ခန်းမ၌ ကန်တော့ခံ ဆရာ/ဆရာမကြီး (၄၄)ဦးအား အတူတကွ မြတ်ဆရာပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား၊ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲသို့ အတူတကွ ပူဇော်ကန်တော့နိုင်ကြရန်အတွက် ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

| | | | | | |
|---|---|---|---|---|---|
| ၁။ | အလက(၃)၊ ပြည်၊ | ဖုန်း-၀၅၃-၂၄၂၀၃၊ | ၈။ | ဒေါ်မိုးမိုးလှိုင်မြင့် (ဒုညွှန်မှူး) မြို့ပြ/အိမ်ရာနေပြည်တော်/ရန်ကုန် | ဖုန်း-၀၉-၄၃၁၈၇၁၅၁ |
| ၂။ | ဆရာမဒေါ်ခင်မာမာဝင်း ယခု-ထ(၁)ပြည် | ဖုန်း-၀၉-၅၃၁၀၄၉၀ | ၉။ | ဦးထွန်းအေးမော် (ပန်းတိုင်သစ်ကိုယ်ပိုင် အထက်တန်းကျောင်း) | ဖုန်း-၀၉-၂၀၀၃၅၅၅ |
| ၃။ | ဆရာမဒေါ်အေးအေးနိုင် ယခု-လ(၃)ပြည် | ဖုန်း-၀၉-၇၇၂၆၃၅၀၇ | ၁၀။ | ဦးအောင်နိုင်ဌေး (ဘုန်းမြတ်ပိုင်ခရီးသွားလုပ်ငန်း)ရန်ကုန် | ဖုန်း-၀၉-၅၁၂၉၃၉၃ |
| ၄။ | ဦးသန်းစောဦး (ဥက္ကဋ္ဌ) ရွှေဆိုင် | ဖုန်း-၀၉-၂၅၀၀၂၈၂၂၇ | | | |
| ၅။ | ဦးစိုးကျော် (အတွင်းရေးမှူး) ပြည်တက္ကသိုလ် | ဖုန်း-၀၉-၄၂၃၆၆၀၃၆၆ | ၁၁။ | ဦးစိုးမိုးနိုင် (မိုးမေတ္တာ) | ဖုန်း-၀၉-၄၂၃၆၇၅၉၄၅ |
| | | | ၁၂။ | ဒေါ်ရီရီမေ | ဖုန်း-၀၉-၅၃၁၂၉၁၅ |
| ၆။ | ဦးမျိုးညွန့်(တွဲ-တွင်း/မှူး)Bright Star | ဖုန်း-၀၉-၂၅၀၈၁၃၁၉၇ | ၁၃။ | ဦးအောင်သူ | ဖုန်း-၀၉-၇၉၆၉၉၁၆၉၈ |
| ၇။ | ဒေါက်တာရန်နိုင်မောင် (ပဲခူးဆေးရုံအုပ်ကြီး) | ဖုန်း-၀၉-၅၃၁၀၀၂၂ | ၁၄။ | ဦးကြည်သာစိုး | ဖုန်း-၀၉-၅၁၄၂၉၃၂ |

## အထက-ကင်းမော်၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

အထက-ကင်းမော်၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ကန်တော့ခံ ဆရာ/ဆရာမကြီးများ ကျောင်းသား/ကျောင်းသူဟောင်းများ(မပျက်မကွက်)တက်ရောက်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**နေ့ရက်** - ၅-၁-၂၀၂၀ရက်
**အချိန်** - နံနက် ၈:၀၀နာရီ
**နေရာ** - အထက-ကင်းမော်

မြတ်ဆရာပူဇော်ပွဲသို့ လိုက်ပါကြမည့် ဆရာ/မများနှင့် ကျောင်းသား/သူ ဟောင်းများအားလုံး ၂၀-၁၂-၂၀၁၉ရက် နောက်ဆုံးထား၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးကြပါရန်-

**ဆရာတော်ဦးသုမန(မူလမင်းကွန်းဓမ္မရိပ်သာ) ဖုန်း-၀၁-၅၄၇၂၈၆**

| | | | |
|---|---|---|---|
| ဒေါ်ခင်မြကြည် | ဖုန်း-၀၉-၂၅၀၁၇၃၆၈၁ | ဦးခင်မောင်သန်း | ဖုန်း-၀၉-၇၃၀၀၂၀၈၄ |
| ဒေါ်ခင်လှမြင့် | ဖုန်း-၀၉-၂၅၄၁၄၁၄၄၈ | ဒေါ်ခင်ခင်မော်(ခ)မပုရှည် | ဖုန်း-၀၉-၂၅၀၁၇၃၆၈၁ |
| ဒေါ်ခင်သိန်း | ဖုန်း-၀၉-၅၁၂၂၃၁၆ | ဒေါ်လှလှကြည် | ဖုန်း-၀၉-၄၂၅၀၁၁၆၂၆ |
| ဒေါ်မြင့်မြင့်သိန်း | ဖုန်း-၀၉-၅၁၂၇၀၂၄ | ဒေါ်ထားထားနိုင် | ဖုန်း-၀၉-၇၉၅၅၁၅၆၅၁ |
| ဦးလှမြင့် | ဖုန်း-၀၉-၄၂၀၁၃၆၅၅၇ | ဒေါ်မေသက်အောင် | ဖုန်း-၀၉-၂၅၀၅၀၇၄၅၁ |
| ဦးမောင်မောင်သိန်းဖေ | ဖုန်း-၀၉-၂၅၂၂၃၃၀၆၆ | ဒေါ်စန္ဒာမိမိငြိမ်း | ဖုန်း-၀၉-၄၂၀၄၆၂၈၇ |
| | | ဦးဆန်းဝင်း | ဖုန်း-၀၉-၄၂၀၀၀၄၅၀၆ |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၈)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်(၈၄၉/၈၅၁/၈၅၃)ဟု ခေါ်တွင်သော (၆) ထပ်တိုက်၏ အမှတ် (၆)လွှာ လက်ယာဘက်ထောင့်စွန်းခန်း(ခြေရင်းခန်း) ဧရိယာ(၂၅ပေx၅၀ပေ)ခန့် အကျယ်အဝန်းရှိ ရေမီး၊လျှပ်စစ်မီတာ၊ရေစက်မော်တာ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခိုင်သီရိ ၁၂/ဗဟန(နိုင်)၀၄၅၉၀၈ ထံမှ ဒေါ်ငယ်ငယ် ၁၂/အလန(နိုင်)၀၁၁၀၀၅ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ငယ်ငယ် ၁၂/အလန(နိုင်)၀၁၁၀၀၅
ဖုန်း-၀၉-၇၃၁၉၄၇၁၇

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၈၂၀၅, Honda Wave 125i ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွန်း ၁၀/မလမ(နိုင်) ၁၄၄၁၇၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

## ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန
## မြစ်ကြီးနားမြို့
## သံဘောင်နှင့် ဆက်စပ်ပစ္စည်းများ တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဘေဘီတံတား (၃)စင်း အတွက် လိုအပ်လျက်ရှိသော ဘေလီသံဘောင်နှင့်ဆက်စပ်ပစ္စည်းများကို ဝယ်ယူလိုပါ၍ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၈-၁၁-၂၀၁၉ရက် (သောကြာနေ့)
**နေရာ** - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန ကချင်ပြည်နယ်(ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံးရက်** - ၅-၁၂-၂၀၁၉ရက် (ကြာသပတေးနေ့)
**အချိန်** - မွန်းတည့် ၁၂နာရီ
**နေရာ** - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန ကချင်ပြည်နယ်(ရုံးချိန်အတွင်း)

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူကိုယ်တိုင် ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း ဖုန်း-၀၇၄-၂၅၂၂၃၃၂ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါတင်သွင်းရက်နှင့်တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်အား ပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

၁။ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ရေပေးရေး၊ ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါရောင်းချပိတ်သိမ်းမည့်ရက် (၅-၁၁-၂၀၁၉)ရက်နေ့အား ပြောင်းလဲခြင်းမရှိဘဲ တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့် တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်အား (၇-၁၁-၂၀၁၉)ရက်နေ့အစား (၁၄-၁၁-၂၀၁၉)ရက်နေ့ နံနက် (၁၀:၃၀)နာရီသို့ ပြောင်းရွှေ့လိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၅၇-၂၄၀၈၅၊ ၀၅၇-၂၄၂၈၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၈)မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်အတွင်းရှိ မြစ်သာရေလှောင်တမံစီမံကိန်း၊ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းရှိ အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားဆောက်လုပ်ရေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

Lot(1) Branch Canal(1)RD–O+735' Sinbon Flume (စင်ပုံရေသွယ်လျောက်) ပြုပြင်ခြင်းလုပ်ငန်း၊ 600 mm Ø Mini Bored Pile တည်ဆောက်ခြင်း (၁၃၄၀)ပေ (ပစ္စည်း+ လက်ခ) ။

Lot(2) Branch Canal(1)RD–0+735' Sinbon Flume (စင်ပုံရေသွယ်လျောက်) ပြုပြင်ခြင်းလုပ်ငန်း၊ Fabrication and Installation of Steel Flume လုပ်ငန်း (ပစ္စည်း+ လက်ခ) ။

၂။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်/အချိန်** - ၇-၁၁-၂၀၁၉ ရက် နံနက် ၁၀:၀၀ နာရီ
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(၃)ရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၈)၊ မကွေးမြို့
(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၄-၁၂-၂၀၁၉ ရက် (၁၆ : ၀၀ နာရီ)
(ဃ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၆-၁၂-၂၀၁၉ ရက် နံနက် (၉ : ၃၀)နာရီ
(င) **တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၈)၊ မကွေးမြို့

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(၃)ရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၈)၊ မကွေးမြို့ ဖုန်း-၀၆၃-၂၈၃၂၂၊ ၀၉-၂၅၄၃၂၉၁၈၇၊ ၀၉-၄၀၁၅၉၈၂၁၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁၀)
## အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁၀) မှ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်အတွင်းရှိ အဝိုင်း-အဝိုင်းကျွန်း ဆက်သွယ်သော တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

**ဝယ်ယူမည့်ပစ္စည်းများ**

Cement, M.S Rod (Asso;) (HRB 500), Sand, R/Shingle, Jungle Wood, H.S.Diesel,

**ဆောင်ရွက်မည့်လုပ်ငန်း**

0.8m Ø Bored Pile တူးစက် (၂)စက် (တူးခြင်း/လောင်းခြင်းလုပ်ငန်း)

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၁၃-၁၁-၂၀၁၉ ရက်မှ ၂၉-၁၁-၂၀၁၉ရက်အထိ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)၊ တံတားအထူးအဖွဲ့ (၁၀)၊ လှည်းကူးမြို့၊ ဖုန်း-၀၁၈-၆၂၉၀၃၅၊ ၀၉-၂၅၀၅၇၃၁၀၀ နှင့် ၀၉-၄၅၀၀၀၅၅၆ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၉-၁၁-၂၀၁၉ရက် ညနေ ၄:၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂-၁၂-၂၀၁၉ရက် နံနက် ၁၀:၀၀နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၁၀)၊ လှည်းကူးမြို့

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေရန်
## အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌
၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၉၈နှင့် ဆက်နွှယ်သည့်
၂၀၁၉ခုနှစ် တရားမဇာရီမှုအမှတ် - ၄၈၆

ဦးစိုးအောင်(၎င်း၏အခွင့်ရ ကိုယ်စားလှယ်-ဒေါ်ယုယုလွင်) **(ဒီကရီအနိုင်ရသူ)** နှင့် ၁။ ဦးမြင့်စိုး ၂။ ဦးအေးလွင် **(တရားရှုံးများ)**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဇဝနရပ်ကွက် သီရိရောလမ်း အမှတ်-၂၆နေ(၁)တရားရှုံး ဦးမြင့်စိုး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ် ၉၈ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ခုနှစ် နိုဝင်ဘာ ၁၃ ရက် (၁၃၈၁ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းသန်းတင့်)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ဒေးဒရဲမြို့နယ်တရားရုံးတော်၌
၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၇၈

ဦးတင်ဝင်း **(တရားလို)** နှင့် ၁။ ဒေါ်ငွေငွေ ၂။ ဒေါ်လေးလေး ၃။ ဦးမောင်မောင် ၄။ ဦးအရီ(ခ)ဦးညီထွေး ၅။ ဦးကျော်ကျော် **(တရားပြိုင်များ)**

ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ လမ်းမတော်လမ်းနေ (၂)တရားပြိုင်ဒေါ်လေးလေး၊ (၃)တရားပြိုင် ဦးမောင်မောင်၊ (၄)တရားပြိုင် ဦးအရီ(ခ) ဦးညီထွေး(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ် တရားလိုဦးတင်ဝင်းက ကတိအတိုင်း အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၀ရက် (၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ပါသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရတနာဖြိုးဝေ)**
**မြို့နယ်တရားသူကြီး**
**ဒေးဒရဲမြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်တော်စိုင်းကွမ်လိုင်း ၁၃/လခန(နိုင်)၀၄၉၄၄၄၉၏ Passport No (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၃၅၇၀၁၄

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းမွန်းရှဲန်တစ် ၁၃/ကတန(နိုင်)၁၁၆၁၅၉ ၏ Passport No (မမှတ်မိ)သည်ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၃၅၇၀၁၄

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့နယ် ထမ္မကောက်အုပ်စု စံပြကျေးရွာ ရွာလယ်လမ်းရှိ ကွင်းအမှတ်-၃၈၁၊ကွင်းအမည်-တီတွတ်မြောက်ကွင်း၊ မြေကွက်အမှတ် (၆၇၇၊၆၇၈၊၆၈၀၊၆၈၁) မြေချိန်ဧရိယာ ၀ဒသမ၅၂ဧကရှိ အစိုးရအမည်ပေါက်မြေကို ဦးသက်ဝင်းလှိုင်အမည်ဖြင့် မြေငှားဂရန်လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6G/3457, Mitsubishi Kander Truck ယာဉ်လက်ဝယ်ရှိသူ ဦးကံကောင်း ၈/မကန(နိုင်)၁၆၉၇၆၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/2659 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/3482, SKATLFJ3048GL Dump Truck (4x2) (L) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်ထွန်း ၈/မမန(နိုင်)၂၄၇၅၈၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဘုရားကြီးဆည်မြောင်း၊ တိုးချဲ့ရပ်ကွက်နေ (ဘ) ဦးအောင်တင်၏သား ဦးမောင်ဝိုင်း (ခ)ဦးဝိုင်း ၇/ပမန(နိုင်)၀၀၆၃၂၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ဝိုင်း(ခ)ဦးဝိုင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်-5D/5865 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဃ/၂၁၅၁၈ Zong Shan 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေဇင်မေ ၉/မနထ(နိုင်)၀၉၇၄၄၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/34488 Trawlergi lifan F/T(4x2) L Dump Body ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ခိုင် ၉/စကတ(နိုင်)၀၂၀၆၂၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ဒေးဒရဲမြို့နယ်တရားရုံးတော်၌**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၇၇**

ဦးတင်ဝင်း နှင့် ဦးဝင်းမျိုးတင့်
တရားလို တရားပြိုင်

ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ လမ်းမတော်လမ်းနေ ဦးဝင်းမျိုးတင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလိုဦးတင်ဝင်းက ကတိအတိုင်းအိမ်ခြံမြေ အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၀ရက် (၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငွေချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရတနာဖြိုးဝေ)**
**မြို့နယ်တရားသူကြီး**
**ဒေးဒရဲမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ ဗိုလ်စောနောင်လမ်း၊ မြေကွက်အမှတ် (၃၁၀)၊ အလျားပေ ၄၀၊ အနံပေ ၆၀၊ ဧရိယာ ၂၄၀၀ စတုရန်းပေ ၀ဒသမ၀၅၅ဧက အတိုင်းအတာရှိသော နှစ် ၆၀ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်တို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဖြူဇင်ထွန်း ၁၂/ဥကတ(နိုင်)၀၂၈၂၆၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်သန်းအေး B.A (Law); LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၈၉)**
**အမှတ် ၁၁၀၇ (၁၁)လွှာ၊ Tower (B), Space Condo ၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စု၊ ပဒဲကောကျောက်အိုင်ကျေးရွာ အမြန်လမ်းမှ (၂)မိုင် (၂)ဖာလုံ မြေကွက်အမှတ် (၉၈၁) ကွင်းအမည် ပဒဲကောတောင်ကွ ဦးပိုင်အမှတ် ၆၆ မြေဧရိယာ အကျယ်အဝန်း မူလရှိရင်းစွဲ (၃)ဧကရှိ ဂရုဘဏ်ထိုက်သော ထာဝရ ဥစ္စာဟု ဆိုအပ်သော မြေပေပေါ်တွင်ရှိသော အောင်လံတလူလူတောရကမ္မဋ္ဌာန်းကျောင်းကို ၂-၁၀-၂၀၁၉ရက်တွင် ကျင်းပသော အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ် ဒွါဒသမအစည်းအဝေးက အောင်လံတလူလူတောရကမ္မဋ္ဌာန်းကျောင်းကို ဘုန်းတော်ကြီးကျောင်းအဖြစ် တရားဝင်အသိအမှတ်ပြုလိုက်ပါသည်။ ထိုအောင်လံတလူလူတောရ ကမ္မဋ္ဌာန်းကျောင်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်လိုလားကြသော ပိုင်ဆိုင်လိုသူတို့သည် မိမိတို့ပိုင်ဆိုင်လိုပါက ပိုင်ဆိုင်မှုအနေဖြင့် သက်ဆိုင်ရာသို့သာ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်း ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဝိနိယလက်စွဲ ဝိလုပ်ထုံး/လုပ်နည်း ဓမ္မဝိနယအက်ဥပဒေတို့နှင့်အညီ စွဲဆိုဆောဒကပြုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဘဒ္ဒန္တကုသလ(ဓမ္မာစရိယ)**
**၁၂/မဂဒ(သ)၀၀၀၆၈၃**
**ဦးစီးပဓာနနာယကဆရာတော်**
**အောင်လံတလူလူကျောင်း**

## ပိုင်ဆိုင်မှုအမည်ပေါက်ပြောင်းလဲခြင်းအား ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာချက်

နမ့်စန်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အိမ်အမှတ် (၃/၁၇၂)၊ ဆရာစံလမ်းနေ ဒေါ်နန်းငင်းလောင် ၁၃/နစန(နိုင်)၀၆၄၇၆၆သည်နမ့်စန်မြို့၊ အမှတ် (၅)ရပ်ကွက်၊ အိမ်အမှတ် ၅/၁၉၉၊ အကွက်အမှတ် ၃၇၊ ဦးပိုင်အမှတ် ၃၂၊ ဧရိယာဧက ၀ဒသမ၁၁၀ဧကရှိ အိမ်ခြံမြေကွက်နှင့် နမ့်စန်မြို့၊ မြို့မဈေး၊ အနောက်ဘက်လမ်းမတန်းရှိ ဆိုင်ခန်းအမှတ် ($P_2$-3)များအား မိမိအမည်ပေါက်ဖြင့် တစ်ဦးတည်းပိုင်ဆိုင်ပြီး မိမိ၏ သမီးနှစ်ဦးဖြစ်သော မကေဇင်သွယ် အသက်(၁၂)နှစ်နှင့်မသွယ်ဇင်မိုး အသက်(၉)နှစ်တို့နှစ်ဦးမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ထံသို့မျှ အမွေစားအမွေခံအဖြစ် လွှဲပြောင်းပေးအပ်ထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ မေတ္တာဖြင့်အပိုင်ပေးအပ်ထားခြင်း၊ အာမခံအဖြစ်ထားရှိခြင်းမရှိပါသဖြင့် မိမိနှင့်သမီးနှစ်ဦးမှလွဲ၍ အခြားမည်သူမဆို ပိုင်ဆိုင်မှုအမည်ပေါက် ပြောင်းလဲခြင်းအား ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်နန်းငင်းလောင်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမာန်မြတ်ဆွေ(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၅၆/၁၈)**
**အမှတ် ၂ရပ်ကွက်၊ အိမ်အမှတ် ၂/၂၇၀၊ မဟာဗန္ဓုလလမ်း၊ နမ့်စန်မြို့**
**ဖုန်း-၀၉-၂၅၄၉၆၉၀၉၂**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**ဟင်္သာတခရိုင်တရားရုံး**
**၂၀၁၉ ခုနှစ် တရားမအထွေထွေမှုအမှတ်-၄**

ဒေါ်ငွေငွေ နှင့် ၁။ ဒေါ်သင်းသင်း
၂။ ဒေါ်လွင်လွင်ကျော်
**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

ဟင်္သာတခရိုင်၊ မြန်အောင်မြို့ ညောင်မြစ်ဆွဲကျေးရွာအုပ်စု၊ သဘာဝမီးစက်လမ်း၊ ဇီးကန်ဘုန်းကြီးကျောင်းရှေ့ (ယခုနေရပ်လိပ်စာမသိ)ရပ်နေ ဒေါ်လွင်လွင်ကျော် (ဘ)ဦးကျော်မြင့် သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူဒေါ်ငွေငွေက ဤရုံးသို့ ဇာရီမှုအမှတ် ၂/၂၀၁၉မှ တရားရှုံးဒေါ်လွင်လွင်ကျော်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သောပစ္စည်းအား ပညတ်မိန့်စွဲတပ်ထားခြင်းကို တရားမကျင့်ထုံးဥပဒေမိန့် ၂၁၊ နည်းဥပဒေ ၅၈အရ ဝရမ်းခွာပေးရန်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၇ ရက် (၁၃၈၁ ခုနှစ် နတ်တော်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင် ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက် ရမည်။ မလာရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညီညီအေး)**
**ခရိုင်တရားသူကြီး**
**ဟင်္သာတခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ဃ/၈၈၅၁၁ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Aung Kenbo Co.,ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရောဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၉) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်(၂၅)နေ ဦးမျိုးမြင့် (ဘ)ဦးမြစံ ၁၄/မမက(နိုင်)၀၀၀၁၁၇အား မော်လမြိုင်ကျွန်းမြို့နယ်၊ ဘုရားချောင်း- တံခွန်တိုင်ကြီးကျေးရွာအုပ်စု၊ တံခွန်တိုင်ကြီးကျေးရွာနေ ဒေါ်ခင်သန်း (ဘ)ဦးမောင်လှိုင် ၁၄/မမက(နိုင်)၀၅၁၈၈၇က အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၅/၂၀၁၉ ဖြင့် မော်လမြိုင်ကျွန်းမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၅-၇-၂၀၁၉ရက်က အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ယခုအခါ ဦးမျိုးမြင့် ၁၄/မမက(နိုင်)၀၀၀၁၁၇၏ အထွေထွေကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်ရက်မှစ၍ ကိုယ်စားလှယ်လွှဲစာပေးအပ်သူထံမှ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းသူ**
**ဒေါ်ခင်သန်း(တံခွန်တိုင်ကြီးကျေးရွာ)**
**မော်လမြိုင်ကျွန်းမြို့နယ်**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရွှေပြည်သာမြို့နယ်၊ အမှတ် ၆/၁၄/၄(က) ချင်းတွင်းလမ်းနေ (ဦးတင်ရွှေ) ဒေါ်ရီရီဝင်း(ခ)ဒေါ်စန္ဒာ ၁၁/တကန(နိုင်)၀၄၈၅၃၃၏ သမီး မခင်ရတနာ ၁၂/ရပသ(နိုင်)၀၈၀၆၃၆သည်မိခင်ဖြစ်သူနှင့် မိသားစုဝင်များ၏စကားကိုနားမထောင်ဘဲ မိမိဆန္ဒသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမှ (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**မိခင်-ဒေါ်ရီရီဝင်း(ခ)ဒေါ်စန္ဒာ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ တညောင်အုပ်စု၊ အရှေ့ပိုင်းရပ်၊ အမှတ် (၂၄၆)နေ ဦးသက်နိုင်ထွန်း ၈/စလန(နိုင်)၀၇၅၉၆၈နှင့် ဒေါ်အိဖြိုးမွန် ၈/စလန(နိုင်)၁၀၃၀၈၁တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ တညောင်အုပ်စု၊ အရှေ့ပိုင်းရပ်၊ အမှတ် (၂၄၆)နေ ဦးသက်နိုင်ထွန်း ၈/စလန(နိုင်)၀၇၅၉၆၈နှင့် ဒေါ်အိဖြိုးမွန် ၈/စလန(နိုင်)၁၀၃၀၈၁တို့၏သား မောင်ထက်အောင်လင်း ၈/စလန(နိုင်)၂၄၇၂၇၅သည် မိဘဖြစ်သူတို့၏ သွန်သင်ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်ဖခင်တို့နှင့် ဆွေမျိုးသားချင်း မိသားစုအသိုင်းအဝိုင်းတို့အား စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း ဂုဏ်သိက္ခာကျဆင်းစေရန် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာလိုက်ပါသည်။

ထို့ကြောင့် နောက်နောင်တွင် မောင်ထက်အောင်လင်းနှင့် ပတ်သက်သော ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ငွေရေးကြေးရေးစသည့်ကိစ္စအရပ်ရပ်အားလုံးတို့ကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဦးသက်နိုင်ထွန်းနှင့် ဒေါ်အိဖြိုးမွန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဟန်သူ (LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၃၇၄၃၅)**
**အမှတ် (၁၆၂၆)၊ အောင်မေတ္တာ(ခ)၊ (၁၅)လမ်း၊ မကွေးမြို့၊**
**ဖုန်း-၀၉-၄၃၀၇၁၅၃၂**

**ဦးဆန်းဝင်း LL.B (Advocate)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၆၀၇/၁၂)**
**အမှတ် (၁၆၅)၊ ၅လမ်း၊ ရန်မျိုးလုံရပ် အောင်မင်္ဂလာရပ်ကွက်၊ မကွေးမြို့၊**
**ဖုန်း-၀၉-၄၀၂၅၀၂၅၂၅**

## ယာဉ်မောင်းဝန်ထမ်းအလိုရှိသည်

ယာဉ်မောင်းကျား(၂)ဦး
အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်း
အမှတ်(၉)ဒုထပ် ၈၇လမ်း
မင်္ဂလာတောင်ညွန့်
ဖုန်း-၀၉-၄၀၁၂၀၇၃၀၄
၀၉-၂၅၃၉၉၇၇၄၀

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇင်သန့်အောင်(ဘ) ဦးဝင့်သန့် ၁၂/သလန(နိုင်) ၁၂၅၉၀၇ ၏ နိုင်ငံကူးလက်မှတ် MA 647783 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၀၁၄၃၃၀၄**

## အမည်မှန်

ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် စခန်းကြီးကျေးရွာနေ ဦးကျော်ခင်၏သမီး မဝင့်ဝါလှိုင်၏ အမည်မှန်မှာ မဝင့်ဝါ ၁၄/ဘကလ(နိုင်)၂၃၇၆၀ ဖြစ်ပါကြောင်း။ **မဝင့်ဝါ**

## ကားငှားလိုသည်

ပုဇင်းခေါင်း၊ ဂျပန် Bongo
ယာဉ်ပိုင်ရှင်များဆက်သွယ်ရန်
**ဖုန်း-၀၉-၄၅၀၅၄၁၁၈၉၊**
**၀၉-၉၇၂၃၆၀၄၀၈**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

သထုံမြို့ ကျုံပါကျေးရွာ (ဘ) ဦးမောင်သွင်၏သမီး မလုံးလုံး ၁၀/သထန(နိုင်)၀၃၈၄၇၉ ၏ အမည်မှန်မှာ ဒေါ်တင်တင်နွဲ့ဖြစ်ပြီး မွေးသက္ကရာဇ် အမှန်မှာ ၁၆-၁၂-၁၉၆၁ ဖြစ်ပါကြောင်း။

**ဒေါ်တင်တင်နွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄/၈၉၀၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထွယ်နန် ၁/မကန(နိုင်)၀၀၃၆၉၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဝက်လက်မြို့ ရုံးသာကျေးရွာနေ ဦးကျော်သန်း-ဒေါ်မြင့်ရွှေတို့၏သမီး မငြိမ်းချမ်းအေး ၅/ဝလန(နိုင်)၁၂၆၀၇၅သည် မိဘတို့၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**မိဘ ဦးကျော်သန်း-ဒေါ်မြင့်ရွှေ**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဥယျာဉ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄စီ၁)၊ မြေကွက်အမှတ် (၆၁)၊ တိုက်အမှတ်(၇)၊ အခန်းအမှတ်(၅လွှာ၊ ဘီ)၊ ကျောက်/ရှေ့ရပ်ကွက်ဟု ခေါ်တွင်သော အခန်းအား အခန်းပိုင်ရှင်ဖြစ်သော ဒေါ်ချိုမာအောင် ၁၁/စတန(နိုင်)၀၀၂၅၂၀မှ ကာလတန်ဖိုးအဖြစ် ရောင်းချမည်ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်နီလာ**
**ဖုန်း-၀၉-၅၀၁၁၀၄၇**
**တိုက်(ဘီ-၁)၊ အခန်း၂၀၃၊ (၈)ရပ်ကွက်၊ နှင်းဆီလမ်း၊ ရန်ကင်းမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာသိင်္ဂီဈေး၊ ရုံအမှတ်(င)၊ ဆိုင်းခန်းအမှတ် (၈၁)၊ ဆိုင်းခန်းအငှားချထားခဲ့ရသူ ဦးအောင်စိုးထွေး ၁၂/ဥကမ(နိုင်)၁၂၂၂၆၅၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ် (E-၂၅၄၄၈) ပျောက်ဆုံးသွားပါ၍ မိတ္တူမှန် ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဈေးများဌာန-**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ဈေးတာဝန်ခံ၊ ရတနာသိင်္ဂီဈေး**
**ဖုန်း-၀၉-၄၃၀၂၀၉၉၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဃ၊ မြေကွက်အမှတ် ၂၂၉၊ မြေကွက်တည်နေရာအမှတ်(၂၂၉)၊ ဝေပုလ္လ(၅)လမ်း၊ (ဃ)ရပ်ကွက်၊ ဒေါ်ကျင်ငွေ ၁၂/မရက(နိုင်)၀၉၈၃၃၈ ဦးစိုးမြင့် (N/OKA-၀၅၈၆၃၀)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ကျင်ငွေ ၁၂/မရက(နိုင်)၀၉၈၃၃၈မှ (ယင်းမြေ၏ဂရန်မူရင်းတင်ပြ၍) ၎င်းပိုင်ဆိုင်သော Portion (၂၅'x၆၀')ကို တစ်ဖက်သတ်ခွဲစိတ်ရန်မြေကွက်ခွဲရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးရန်ပိုင်စိုး ၁၂/ဒဂမ(နိုင်)၀၁၂၇၄၇နှင့်အများသိစေရန်

ကျွန်တော် ဦးခင်မောင်ထွန်းသည် အမှတ်(၃၇၉)၊ သစ္စာ(၉)လမ်း၊ ၃၉/က ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ပေ(၄၀x၆၀)မြေကွက်၏ ခြေရင်းခြမ်း ပေ(၂၀x၆၀)အကျယ်အဝန်းကို မူလအမည်ပေါက် ဦးကျော်လွင်ထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ၂၀၁၄ခုနှစ်တွင် ဝယ်ယူခဲ့ပါသည်။

အထက်ပါဦးကျော်လွင်အမည်ပေါက် အမှတ်(၃၇၉)မြေကွက်သည် (၄၀'x၆၀') မြေကွက်ဖြစ်ပြီး ဦးကျော်လွင်ရောင်းချခဲ့စဉ်က ခြေရင်းဘက်(၂၀'x၆၀')နှင့် ခေါင်းရင်းဘက် (၂၀'x၆၀')(၂)ကွက်ခွဲ၍ ရောင်းချခဲ့ခြင်းဖြစ်ပါသည်။

လူကြီးမင်းဦးရန်ပိုင်စိုး(ခေါင်းရင်းဘက်ခြမ်းပိုင်ဆိုင်သူ)အနေဖြင့် (၂၂'x၆၀') ပိုင်ဆိုင်ဝယ်ယူခဲ့သည်ဟုဆို၍ ကျွန်ုပ်ဦးခင်မောင်ထွန်း၏ ပိုင်ဆိုင်မှုသည် (၁၈'x၆၀') သာရှိသည်ဟုဆိုကာ ကျွန်ုပ်၏မြေကွက်နှင့်ပတ်သက်၍ ဆောင်ရွက်ချက်များကို ဌာနဆိုင်ရာများတွင် လိုက်လံကန့်ကွက်ထားပါသည်။

ဤသို့ဆိုလျှင် လူကြီးမင်းဦးရန်ပိုင်စိုးအနေဖြင့် (၂၂'x၆၀')ပိုင်ဆိုင်သည့် အထောက်အထား(မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ဖြေရှင်းပါရန် သိစေအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးခင်မောင်ထွန်း ၁၂/ဗတထ(နိုင်)၀၀၈၉၆၈**
**အမှတ် ၈၃၂၊ နတ်ရေကန်(၂)လမ်း၊ (၃၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၅၁၉၉၅၁၈**